

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ခံဝါပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ဖာနုတ္တေသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ရွှေသမင်

*စာပေမှ စီစဉ်တင်ဆက်သည်။*

# တြိုစက္က

# မဟာဓိသေလာဝင်္ကပါကွန်ရက်

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၁၂၁၅၀၈၀၉

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၃၉၇၁၀၀၉

အကြိမ် – ပထမအကြိမ်၊
၂၀၁၀ ခုနှစ်၊ မတ်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀ိ/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ – ဦးဝင်းဖေ (မြ–၀၇၆၅၀)
စိုးထက်ကျော်ပုံနှိပ်တိုက်
တိုက် (၂၀၆)၊ အခန်း (အေ)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ကြီးစကူ

မဏိသေလာဝက်ပါကွန်ရက်/ ကြီးစကူ၊ ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၀၉။
၂၅၂ – စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။
(၁) မဏိသေလာဝက်ပါကွန်ရက်


## ဒဿနလက်ဆောင်

✷ စိတ်ဓာတ်ပျော့ညံ့သူတို့သည်
အခွင့်အလမ်းပေါ်ပေါက်လာရန် စောင့်ဆိုင်းကြသည်
စိတ်ဓာတ်ထက်သန်သူတို့သည်
အခွင့်အလမ်းကို ရှာဖွေဖန်တီးနိုင်ကြသည်။

✷ ဦးနှောက်ထဲမှာ
အတ္တ၊ သောကာ၊ ဒေါသ၊ အာဃာတ၊ မစ္ဆရိယစိတ်များ
သိုလှောင်ထားလျှင်
အခြားအတွေးအခေါ်များအတွက်
နေရာရှိတော့မည်မဟုတ်ပေ။

✷ အချစ်သည်
စိတ်ပျော်ရွှင်မှုနှင့်ဝမ်းနည်းကြေကွဲမှုတို့ကို
အလှည့်ကျချိန်တွယ်ပေးသော
သဘာဝကပေးထားသည့် ချိန်ခွင်တစ်လက်ဖြစ်သည်။

✷ လူ့ဘဝခရီးဆိုသည်မှာ
မာရသွန်ပြေးပွဲတစ်ခုသာဖြစ်သည်။
နေးလွန်းလျှင်နောက်ကျပြီး
မှန်မှန်သွားက အများနှင့်ရောနှောနေလိမ့်မည်။
အများရှေ့ရောက်ချင်ရင်တော့
မြန်အောင်ကြိုးစားနိုင်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com

✷ ကန္တာရမှာပွင့်သောပန်းတိုင်း ဆူးရှိသည်၊
ဘဝကြမ်းကိုဖြတ်သန်းခဲ့ရသူတို့၏
နှလုံးသားမှာလည်း
နာကျင်မှုဆူးများဖြင့် ပြည့်နေတတ်သည်။

✷ ပင်လယ်ပြင်၌ ပုစွန်ဆီရောင်သမ်းလာလျှင်
လွန်စွာလှသည်။
သို့သော် ထိုအလှအပနောက်ကွယ်၌
မုန်တိုင်းသည် အားယူလျက်ရှိနေသည်။

✷ ကံကြမ္မာလက်နက်ကို
အသွားထက်အောင်ပြုပြင်ပေးနိုင်သောအရာမှာ
ဝီရိယဖြစ်သည်။
ဝီရိယကို အသုံးမချသောသူသည်
ကံကောင်းနိုင်မည်မဟုတ်ပေ။

✷ အသည်းနှလုံးမှာ ပထမဆုံးစိုက်ဝင်လာသော
ခံစားချက်သည် ပြန်နုတ်ရန်ခက်ခဲလှသည်။
အခြားခံစားချက်များဖြင့်
အစားထိုးရန်ကြိုးစားသော်လည်း
အတွင်းသို့သာ စူးနစ်ဝင်သွားလေ့ရှိသည်။

✷ သူတစ်ပါးရဲ့အမှားကိုကြည့်ပြီး
ကဲ့ရဲ့ရှုတ်ချနေစရာမလိုပါ
သင်ခန်းစာယူပြီး ရှောင်ကြဉ်ရန်သာဖြစ်ပါသည်။

✷ သူတစ်ပါးနောက်ကလိုက်ကြသူတွေဟာ
အမှားမရှိနိုင်သော်လည်း
အောင်မြင်မှုလည်း မိမိအတွက် မရနိုင်ပေ။

✷ ငွေကြေးပြည့်စုံလျှင်
သင်လိုချင်တာပြည့်စုံနိုင်ပါသည်။
သို့သော် စစ်မှန်သော ချစ်ခြင်းမေတ္တာကိုတော့
ငွေကြေးဖြင့်မှတ်ကျောက်တင်၍မရနိုင်ပေ။

✷ အချစ်ကို လွယ်ကူစွာ ရှာမတွေ့နိုင်သလို
အောင်မြင်မှုကိုလည်း လွယ်လွယ်နှင့်မရနိုင်ပေ။
အချစ်နှင့်အောင်မြင်မှု နှစ်ခုအနက်
တစ်ခုကိုရွေးခွင့်ရမည်ဆိုပါက
သင် ဘယ်အရာကိုရွေးချယ်မည်လဲ။

✷ အခြားသူများသို့ မစ္ဆရိယစိတ်ပွားနေခြင်းသည်
စိတ်ပင်ပန်းမှုတစ်ခုသာဖြစ်သည်။
မိမိဘဝအတွက် အောင်မြင်မှုတစ်ခုကို
အစားထိုးတွေးတောခြင်းသာ
ကောင်းကျိုးရနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း (၁) ကတိသစ္စာနှင့် ကံကောင်းခြင်းလက်ဆောင်

အခန်း (၂) နှင်းတောထဲမှလျှို့ဝှက်မိစ္ဆာ

အခန်း (၃) ထမန်းကျားနှင့်လျှို့ဝှက်ချက်များ

အခန်း (၄) အန္တရာယ်နိမိတ်ဆိုးနှင့်ကြုံတွေ့ရခြင်း

အခန်း (၅) သံယောဇဉ်ပန်းတစ်ပွင့်

အခန်း (၆) နာဂတောင်တန်းပေါ်မှရတနာသိုက်

အခန်း (၇) ခြေရာကောက်ရန်သူနှင့်ကြောက်မက်ဖွယ်အန္တရာယ်

အခန်း (၈) တောင်ပေါ်နာဂရွာမှ ရင်ခုန်ရသော ကပွဲ

အခန်း (၉) ကျားလူများနှင့်ရင်ဆိုင်တိုက်ပွဲ

အခန်း (၁၀) မဏိသေလာတောင်မှ သားရဲတွင်း

အခန်း (၁၁) ဦးမွန်ထော်နှင့်ပြန်တွေ့ရခြင်း

အခန်း (၁၂) ရတနာများနှင့်သဲလွန်စ

အခန်း (၁၃) ကျားနတ်မယ်နှင့် ကံကြမ္မာအလှည့်များ

အခန်း (၁၄) ကျားလူတို့နှင့်လျှို့ဝှက်ချက်များ

အခန်း (၁၅) ရတနာပစ္စည်းများနှင့် သစ္စာမဲ့သူတို့ကံကြမ္မာ

အခန်း (၁၆) စွယ်ရောင်နှင့်ကာလဲ့စား

အခန်း (၁၇) အလွမ်းအသစ်နဲ့ကျွမ်းရစ်မယ့်သူ

အခန်း (၁၈) အချစ်နှင့်ကံကြမ္မာသားကောင်များ




### အခန်း (၁)

## ကတိသစ္စာနှင့် ကံကောင်းခြင်းလက်ဆောင်

တောင်ရင်ပြင်ပေါ်တွင် မြူနှင်းများက ဖုံးအုပ်ထားလျက်ရှိနေသည်။ ခါတိုင်းလည်း နှင်းများ တဖွဲဖွဲကျနေသော်လည်း ဒီကနေ့မှ ပိုမိုများပြားသယောင်ရှိနေသည်။

ကောင်းကင်ပေါ်မှာ နေရောင်ခြည်ရှိနေသော်လည်း နှင်းသားထုက များပြားနေသောကြောင့် လင်းတစ်ခါမှိန်တစ်လှည့်ဖြစ်နေလေသည်။ နှင်းသားထု ဘယ်လောက်များသလဲဆိုလျှင် နှင်းသားများပေါ်သို့ နှင်းချလိုက်လျှင် ခြေထောက်ကျွံဝင်သွားပြီး ပြန်နုတ်လိုက်ပြီး ခဏအကြာမှာပင် နှင်းသားများက မူလအတိုင်း ပြည့်ပြည့်သွားတတ်လေသည်။

နံနက်စောစောအချိန်မို့ ရာသီဥတုအေးလှသောကြောင့် တောင်ပေါ်မှာ လူသွားလူလာမရှိသလောက်ရှင်းနေလေသည်။ ထို

www.burmeseclassic.com



အချိန်မှာပင် ဝီရိယကောင်းလှသောလူရွယ်တစ်ယောက်က တောင်ပေါ်ရောက်နေလေသည်။

အခြားသူ မဟုတ်ပေ။

ထမံသီရွာသား နီမောင် ပင်ဖြစ်သည်။

နီမောင်သည် အသက်နှစ်ဆယ်ကျော်အရွယ်ခန့်ရှိပြီး ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းသူဖြစ်သည်။

အသားမဖြူမညိုနှင့် ရုပ်ရည်က ယောကျ်ားပီသသူဖြစ်သည်။ ကိုယ်ပေါ်တွင် ကတိုးသားရေပြင်ချုပ်ထားသော ကိုယ်ကျပ်အင်္ကျီနှင့် ဘောင်းဘီကို ဝတ်ဆင်ထားသည်။

အင်္ကျီက လက်မောင်းရင်းအထိသာရှိပြီး ဘောင်းဘီကလည်း ဒူးဆစ်အထိသာ အရှည်ရှိသည်။

လည်ကုပ်အထိဝဲကျနေသောဆံပင်ရှည်များကို နဖူးမှ ကျားသစ်ရေ သားရေပတ်ဖြင့် သိုင်းတင်ထားသည်။ ခါးတွင် သားရေအိတ်ဖြင့်ထည့်ထားသော တစ်ပေကျော်ကျော်ခန့်ရှည်သော ဓားတစ်လက်ကို ချိတ်ဆွဲထားသည်။ ၎င်းဓားမှာ အဖျားချွန်၍ အသွားထက်လှသောဓား ဖြစ်သည်။ ကျောဘက်မှာ လုံတိုတစ်ချောင်းနှင့် မြားတံများထည့်ထားသည့်ဘူးကို ကြက်ခြေခတ်လွယ်ထားသည်။

ယုံမှာအရိုးတောင့်လှသောလုံဖြစ်ပြီး မြားဘူးထဲမှာ အဆိပ်အမျိုးမျိုးသုတ်လိမ်းထားသောမြားတံများထည့်ထားလေသည်။





ခြေထောက်၌မူ သွားလာရန်လွယ်ကူပြီး အကြမ်းခံနိုင်သော သားရေဖိနပ်ကို ကြိုးများဖြင့်သိုင်းချည်ကာစီးထားသည်။ ထိုဖိနပ်မှာ သူကိုယ်တိုင် စိတ်တိုင်းကျပြုလုပ်ထားသောကြောင့် ခြေထောက်နှင့်အံဝင်ခွင်ကျရှိသည်။

ထို့ပြင် ခြေထောက်သိုင်းကြိုးများတွင် အိတ်ငယ်ကလေးများဖြင့်ထည့်ကာ ကပ်ချည်ထားသော ခြောက်လက်မခန့်ရှည်သော ပေါက်ဓားကလေးများရှိသည်။

မိမိကိုယ်ပေါ်မှ အခြားလက်နက်များ အသုံးမပြုနိုင်သောအခါ ထိုပေါက်ဓားငယ်ကလေးများမှာ သက်စောင့်ကာကွယ်ရန် လျှို့ဝှက်လက်နက်များဖြစ်ကြသည်။

ထို့နောက် ရိက္ခာအချို့ထည့်ထားသောပလိုင်းတစ်လုံးပါသည်။ ထိုပလိုင်းမှာ ဆေးမြစ်ဆေးနည်းများ ရှာဖွေရသောအခါ ထည့်ရန်လည်း အသုံးပြုလေသည်။

နီမောင့်လက်ထဲမှာကိုင်ထားသောအရာကား လင်းလေး တစ်လက်ပင်ဖြစ်သည်။

သားရေညှို့ကြိုးနှင့်ခတ်အားကောင်းလှသည့်လေးကိုင်းနှင့် ပြုလုပ်ထားသော ထိုလေးမှာ သံချွန်ထိပ်ဖူးတပ်ထားသည့် မြားတံဖြင့် ပစ်ပါက ရေအပြည့်ထည့်ထားသော သံတိုင်ကီပင်ထုတ်ချင်းခတ် ပေါက်နိုင်လေသည်။ ထိုလက်နက်မှာ နီမောင် အားအကိုးဆုံးလက်



www.burmeseclassic.com

www.burmeseclassic.com



နက်ဆိုလည်း မများပေ။

နီမောင်သည် ထမံသီရွာမှာမွေးပြီး ကြီးပြင်းခဲ့ရသောကြောင့် ငယ်ရွယ်စဉ်ကတည်းက တောတောင်နှင့်မကင်းလှပေ။ တောနက်ကြီးများနှင့် တောင်တန်းများပေါ်တွင် ကြီးပြင်းခဲ့ရသည်ဆိုက မများပေ။

သို့ကြောင့်လည်း တောတောင်များ ဆန်းကြယ်မှုများ၊ မာယာပရိယာယ်များ၊ အန္တရာယ်များ၊ လျှို့ဝှက်ချက်များအကြောင်းကို အတော်များများ သိကျွမ်းနားလည်ခဲ့ပေသည်။ ၎င်းကို မုဆိုးတို့ ကတ်အပ်သောပညာ၊ လိုက်နာရမည့်စည်းကမ်းများနှင့် တောတောင်မာယာတို့နှင့် လျှို့ဝှက်ချက်များကို သင်ကြားပြသပေးခဲ့သောဆရာမှာ ဝါရင့်မုဆိုးကြီး ဦးမွန်ထော်ပင်ဖြစ်၏။

ဦးမွန်ထော်က သားရဲတိရစ္ဆာန်တို့၏ ခြေလေ့စရိုက်များနှင့် ရာသီနှင့်ယှဉ်သော ပြောင်းလဲမှုများကို သင်ကြားပေးရုံမက သဘာဝအန္တရာယ်တို့ကိုလည်း သင်ကြားပေးခဲ့လေသည်။

"တောဆိုတာ အင်မတန်လျှို့ဝှက်ဆန်းကြယ်မှုတွေများတာ၊ တော်နက်လေ မာယာများလေပဲ။ တောထဲဝင်လိုက်တာနဲ့ မြင်ရတဲ့ အန္တရာယ်တွေရော မမြင်ရတဲ့အန္တရာယ်တွေပါ ကိုယ့်ပတ်ဝန်းကျင်မှာ ဝန်းရံနေတယ်လို့ သတိရှိရတယ်"

"ဟုတ်ကဲ့ အဘ"

"လောကမှာ ကြောက်စရာအကောင်းဆုံးက မသိခြင်းဘဲ။ အဲဒီ ထက်ပိုပြီးကြောက်စရာကောင်းတာက တကယ်မသိတာကို သိတယ်လို့ထင်နေတတ်တာပဲ။ တကယ်မသိတဲ့လူက အန္တရာယ်ကို ဝေးဝေးကရှောင်လေ့ရှိတယ်။ သိဟန်ဆောင်နေတဲ့လူက ဇွတ်တိုးတတ်တယ်။ ဒါကြောင့် အန္တရာယ်နဲ့တွေ့ရင် သေတာပဲ"





"ဟုတ်ကဲ့ အဘ"

"မုဆိုးဆိုတာ အသက်ချင်းထပ်ပြီးလုပ်ရတဲ့အလုပ်မျိုးပဲ။ ရှုံးတဲ့လူက အသက်ပေးရတာပဲ။ လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် အသက်နဲ့ရှင်သန်နေတာဆိုတော့ အသက်ကို ရန်ရှာလာရင်တော့ အစွမ်းကုန်တုံ့ပြန်မှာပဲ။ အဲဒီနေရာမှာ လူနဲ့တိရစ္ဆာန် ကွာသွားတာက သတိနဲ့ဉာဏ်ကို အသုံးချတတ်ခြင်းပဲ။ လူက တိရစ္ဆာန်တွေထက် ခွန်အားနည်းပေမယ့် တိရစ္ဆာန်တွေထက် ပိုပြီးဉာဏ်ရှိတော့ နိုင်အောင်သတ်နိုင်တယ်။ ဆင်လိုခွန်အားကြီးတဲ့သတ္တဝါကို သေအောင်သတ်နိုင်တယ်၊ အရှင်ရအောင်ဖမ်းပြီး ခိုင်းစေနိုင်တယ်၊ အဲဒါ ဉာဏ်ပညာကြောင့်ပဲ"

"မှန်ပါတယ် အဘ"

"တိရစ္ဆာန်တိုင်းမှာ သဘာဝကပေးတဲ့လက်နက်နဲ့ ခွန်အားတွေ၊ လျင်မြန်မှုတွေ ရှိကြတယ်၊ လူတွေမှာ မပါဘူး။ ဒါပေမယ့် လူတွေက အဲဒီတိရစ္ဆာန်တွေကို နိုင်အောင်သတ်နိုင်တဲ့လက်နက်တွေတီထွင်ပြီး သတ်တော့ သေကြရတယ်။ ဒီတော့ မုဆိုးပညာရဲ့



www.burmeseclassic.com

www.burmeseclassic.com



အမိကအချက်တွေက ရာသီဥတုသဘာဝအပြောင်းအလဲနဲ့ တိရစ္ဆာန်တို့ရဲ့သဘာဝကို သိရတယ်။ သတိနဲ့ လျင်မြန်မှုကို အမြဲတမ်း အသုံးချနိုင်ရတယ်”

ဟု အစချီကာ အန္တရာယ်များသော တောတောင်များအတွင်းမှာ တွေ့ရလေ့ရှိသော သားရဲတိရစ္ဆာန်များအကြောင်းနှင့် တောတောင်သဘာဝများအကြောင်းကို ပြောပြပေးလေသည်။

ထို့ပြင် လေးမြားအသုံးချပုံများ၊ အဆိပ်ပင်ရှာဖွေပုံနှင့် အဆိပ်ရည်ထုတ်ယူအသုံးချပုံ၊ အဆိပ်ဖော်စပ်ပုံများနှင့် မြားတံများတွင် အဆိပ်ရည်ကို မည်သို့မည်ပုံ ထည့်သွင်းအသုံးချပုံများကို ပြောပြပေးသည်။

နီမောင်သည် မုဆိုးများကိုင်စွဲလေ့ရှိသော အမဲပစ်သေနတ်၊ ဒူးလေး၊ လင်းလေး၊ ဓား၊ လှံ အစရှိသော လက်နက်များတွင် ၎င်းစိတ်ကြိုက်လက်နက်အမျိုးအစားမှာ လင်းလေးပစ်ခြင်းနှင့် ပေါက်ဓားများကို အသုံးပြုတိုက်ခိုက်ရခြင်းပင်ဖြစ်သည်။

၎င်းအသုံးပြုသော လင်းလေးကိုင်းမှာ အတော်သန်မာပြီး မြားတံများကိုလည်း စိတ်တိုင်းကျပြုလုပ်ထားလေသည်။ မြားသွားထိပ်တွင် အဆိပ်များသုတ်ထားပြီး နောက်ဘက်၌ ငှက်မွေးတောင်များတပ်ထားလေရာ လေထဲ၌ မြားတကမ်းအကွာအဝေး၌ ပျံသန်းနေသည့် ငှက်တစ်ကောင်ကိုပင် မလွဲအောင်ပစ်ခတ်နိုင်သူဖြစ်သည်။





နီမောင်မှာ ဝမ်းစာရေးအတွက် တောင်ပေါ်တက်ရသည့်အခါ အချိန်မရွေး အန္တရာယ်များနှင့်ရင်ဆိုင်တွေ့နိုင်သောကြောင့်သာ လက်နက်များ ယူဆောင်လာရသော်လည်း တိရစ္ဆာန်များကို အကြောင်းမဲ့သတ်ဖြတ်လိုသူတစ်ယောက်တော့ မဟုတ်ပေ။

နီမောင်သည် နံနက်လင်းစအချိန်ကတည်းက စာရာမေတိတောင်ရင်ပြင်ပေါ်သို့ ရောက်ရှိနေပြီး ဝါးတောများရှိသည့် လျှိုတစ်ခုအတွင်းသို့ ဦးတည်ကာသွားနေလေသည်။ ယခုကဲ့သို့ ဆောင်းဦးတက်လာသောရာသီမျိုးတွင် ဝါးတောများတွင် မျှစ်စို့များထွက်လာလေ့ရှိရာ ထိုမျှစ်နုပေါက်များကို နှစ်သက်ကြသည့်တိရစ္ဆာန်များက လာရောက်စားသောက်လေ့ရှိသည်။ ထိုသတ္တဝါများထဲမှာမှ ဝက်ဝံနှင့် ကတိုးကောင်များမှာ ဖမ်းဆီးမိလျှင် တန်ဖိုးရှိသောသတ္တဝါများဖြစ်ကြလေသည်။ ဝက်ဝံမှာ သည်းခြေနှင့်သားရေက တန်ဖိုးရှိပြီး ကတိုးကတော့ ကတိုးမွေးက တန်ဖိုးရှိလေသည်။

ဝါးတောများနှင့် မနီးမဝေးရောက်လာသောအခါ သူ့နောက်မှ လိုက်လာသောခြေသံလိုလိုကြားရသဖြင့် ရပ်၍နားစွင့်ကြည့်လိုက်သည်။

သူ ရပ်လိုက်သောအခါ နောက်ဘက်မှခြေသံလည်း ပျောက်သွားလေသည်။

လျှိုတစ်ကြော၌ ဝါးရုံတောရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာတစ်ဝိုက်မှာ အခြားသစ်တောများပါရှိသဖြင့် နှင်းထုက သိပ်မများတော့ပေ။

နီမောင်က တောစပ်သို့မဝင်မီမှာပင် အရိပ်အခြည်ကို အကဲခတ်ကြည့်သည်။

ထိုအခါ သစ်ပင်သစ်ကိုင်းများ လှုပ်သွားပြီး တစ်နေရာသို့နေရာရွှေ့သွားသော သဏ္ဌာန်တစ်ခုကို မသဲမကွဲ လှမ်းမြင်လိုက်ရသည်။

နီမောင်က တစ်ချက်ပြုံးလိုက်ပြီး ကျောခွဲလွယ်ထားသောမြားဘူးအတွင်းမှ မြားတံတစ်ချောင်း ထုတ်ယူလိုက်သည်။

"စောစောက ငါ့နောက်က ခြေရာခံပြီးလိုက်လာတယ်၊ အခုရှေ့ကနေ ကြိုစောင့်နေပြန်ပြီ၊ သေနွေ့ရှတဲ့သတ္တဝါတော့ တွေ့ကြပြီပေါ့"

ဟု စိတ်ထဲမှ ကျိတ်၍ရေရွတ်လိုက်သည်။

သူသည် လေးနှင့်မြားကို အဆင်သင့်ပြင်ကာ သတိကြီးစွာထား၍ တောစပ်သို့ဝင်လေသည်။ တောထဲသို့ရောက်သည်နှင့် နောက်ဘက်မှ ခပ်ဖွဖွနင်းလျှောက်လာသောခြေသံလိုလို ကြားရသဖြင့် ကိုယ်ကို ဖျတ်ခနဲလှည့်ကာ မြားဖြင့်ချိန်လိုက်သောအခါ အနည်းငယ်လှုပ်ရှားသွားသော သစ်ပင်၊ သစ်ကိုင်းများမှလွဲ၍ အခြား ဘာမှမတွေ့ရပြန်ပေ။

ထိုအခိုက်မှာပင် တောတွင်းတစ်နေရာမှ မိန်းကလေး တစ်





ယောက်၏ စူးစူးဝါးဝါးအော်သံကိုကြားလိုက်ရသည်။

"အား ....."

အော်သံက သူရှိနေရာနှင့် မဝေးလှပေ။

"အား ... ကယ်ကြပါဦး"

ထိုအော်သံကြောင့် နီမောင်က အသံကြားရာဘက်သို့ ပြေးသွားလေသည်။

ဝါးရုံတောတစ်ခုလွန်သွားပြီး ကွက်လပ်တစ်နေရာရောက်တော့ မြင်ကွင်းက မကောင်းလှပေ။

အသက်နှစ်ဆယ်အရွယ်ခန့် အမျိုးသမီးတစ်ယောက်ကို မြေထိုင်ဝက်ဝံကြီးတစ်ကောင်က တိုက်ခိုက်ရန်ဟန်ပြင်နေသည်ကို လှမ်းမြင်ရသည်။

မြေထိုင်ဝက်ဝံမျိုးမှာ အကောင်ကြီးလှပြီး ပတတ်ရပ်လိုက်သောအခါ လူတစ်ယောက်အရပ်ထက်ပင် ကျော်လွန်နေလေသည်။

သတ္တဝါကြီးက ပါးစပ်ကို အစွမ်းကုန်ဖြဲလျက် ချွန်ထက်သောသက်သည်းရှည်များဖြင့် ကုတ်ခြစ်တိုက်ခိုက်ရန် ဟန်ပြင်နေသည်။

နီမောင်က တွေတွေထူးထူးစဉ်းစားမနေတော့ဘဲ ရှေ့သို့တိုးသွားပြီး မုဆိုးဒူးထောက်ထိုင်ကာ မြားတပ်ကာ ဝက်ဝံ၏ရင်အုံကို ထိအောင်ပစ်သည်။

အကွာအဝေးက ပေနှစ်ဆယ်ခန့်ပင်ရှိသောကြောင့် ပစ်မှတ်က



www.burmeseclassic.com

www.burmeseclassic.com



မလွဲနိုင်ပေ။

"ဝှစ်"

"ဒုတ်"

လေးညို့ခတ်သံ၊ မြားဖြတ်သွားသောအသံနှင့်အတူ မြားတံက ဝက်ဝံ၏ဝမ်းဗိုက်တစ်နေရာတွင် စိုက်ဝင်သွားသည်။

မြားဆိပ်က သာမန်အဆိပ်ပင်သုံးထားသဖြင့်ဝက်ဝံက ချက်ချင်းလဲကျမသွားပေ။

အမျိုးသမီးကိုရန်မူရန်ဟန်ပြင်နေရာမှ နောက်ထပ်ရောက်လာသော နီမောင်ကို မြင်တွေ့သွားသည်။

၎င်းကို တိုက်ခိုက်လာသောရန်သူကို တိုက်ခိုက်ရန် ပါးစပ်မှ ဝှူးဝှူးဝါးဝါးအော်ဟစ်ကာ ရှေ့သို့တိုးလာသည်။

နီမောင်က တစ်ဆွေ့ခုန်မြားဆိပ်သုံးထားသောမြားတံကိုထုတ်ကာ ထပ်ပစ်သည်။

ဒီတစ်ကြိမ်သုံးသောမြားဆိပ်ကပြင်းသဖြင့် ထိလိုက်သည်နှင့် နောက်သို့ အနည်းငယ်ယိုင်ကာ ရပ်တန့်သွားသည်။

နီမောင်က ဒူးထောက်ထိုင်နေရာမှ ထ,ရပ်လိုက်သည်။ နောက်ထပ် မြားတံတစ်ချောင်းထပ်သုံးစရာမလိုတော့ပေ။ ဝက်ဝံက ဒေါသတကြီးအော်ဟစ်နေရင်းကြားမှ ဒေါသတကြီးအော်ဟစ်နေသည်။

ဖြစ်နိုင်လျှင် နီမောင်ကို တစ်စစီဖြစ်အောင် ဆုတ်ဖြဲသတ်ပစ်





ချင်နေဟန်ရှိသည်။

သို့သော်လည်း ရှေ့သို့ဆက်မတိုးနိုင်တော့ဘဲ ဒယိမ်းဒယိုင်ဖြစ်လာပြီးနောက် ရေခဲပြင်ပေါ်သို့ 'ဘိုင်း'ခနဲလဲကျသွားလေတော့သည်။

ပါးစပ်မှ အမြှုပ်များတစီစီထွက်လာပြီးနောက် ခဏကြာတော့ ငြိမ်သက်သွားလေတော့သည်။

နီမောင်က ဝက်ဝံကို အာရုံစိုက်နေစဉ်မှာပင် စောစောက မိန်းကလေးက တောတွင်းသို့လှစ်ခနဲဝင်ပြေးသွားလေသည်။

နီမောင်က ထိုနေရာသို့လျှောက်သွားစဉ်မှာ တောထဲမှ ကျားဟိန်းသံထွက်လာသည်။

"ဝေါင်း"

"ဟင် ..."

နည်းနည်းတော့အံ့သြသွားသည်။

သူသည် ထမံသီရွာသားတစ်ယောက်မို့ လူကနေ ကျားအသွင်ပြောင်းနိုင်သော ဓလေ့ဆန်းများကို ကြားဖူးနားဝတော့ရှိသည်။ သို့သော်မှ လက်တွေ့တော့မမြင်ဖူးသေးချေ။ ယခု စောစောက မြင်လိုက်ရသောမိန်းကလေးမှာ လူကနေ ကျားအသွင်များ ပြောင်းသွားလေရော့သလား။

လူကပဲ ကျားအသွင်ပြောင်းသည်ဖြစ်စေ၊ ကျားအစစ်ပဲရောက်လာသည်ဖြစ်စေ ဘယ်လိုပဲဖြစ်ဖြစ် တောထဲမှာ ကျားတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



နှင့်ရင်ဆိုင်တွေ့ရသောအဖြစ်မှာ ကောင်းသောအခြေအနေတော့ မဟုတ်ပေ။ သို့ကြောင့် အသံကြားရာဘက်သို့ လေးနှင့်မြားကို ချိန်ရွယ်ထားလိုက်သည်။

ထိုအခိုက်မှာပင် တောအတွင်းမှကျားတစ်ကောင်ခုန်ထွက်လာလေသည်။

"နောက်တစ်ကောင် ထပ်ထွက်လာတော့လည်း ငါ့အတွက် မြားတစ်ချောင်း ထပ်သုံးရုံအပြင် ဘာမှမရှိပါဘူး"

နီမောင်က ကျားကို မြားဖြင့်ချိန်ထားသော်လည်း မပစ်သေးပေ။ တောထဲမှာ စည်းထားရသည်။

မိမိ အလိုမရှိသောသတ္တဝါ၊ ရန်ပြုလာခြင်းမရှိသော သတ္တဝါကို အကြောင်းမဲ့မသတ်ဖြတ်မိစေရန် သတိထားရသည်။

မိမိကို ရန်ပြုလာသောသတ္တဝါကို အချိန်မရွေးသတ်ဖြတ်နိုင်အောင်လည်း ရန်မပြုဘဲနေသောသတ္တဝါကိုတော့ အကြောင်းမဲ့မသတ်ဖြတ်ရပေ။

ထိုသို့သတ်ဖြတ်မိပါက မုဆိုးစည်းဖောက်ရာကျသည်။

ကျားက ကိုးတောင်ကျားဖြစ်သည်။ တောစပ်၌ ဆောင့်ကြောင့်ထိုင်ကာ နီမောင်ကို လှမ်းကြည့်နေသော်လည်း ရန်မူလိုဟန်မရှိပေ။

သို့ကြောင့် တအံ့တသြလှမ်းကြည့်နေစဉ်မှာ တောနက်အတွင်းမှ 'အူ'သံသကဲ့သို့ ဆူးဆူးဝါးဝါးအချက်ပေးလိုက်သည့်အသံတစ်သံ





ပေါ်လာလေသည်။

ထိုအသံပေါ်လာသည်နှင့် ကျားက 'ဝေါင်း'ခနဲအသံပေးကာ တောတွင်းသို့ပြန်ဝင်သွားတော့သည်။

နီမောင် သက်တမ်းတစ်လျှောက်မှာ တောနက်အတွင်း၌ လူနှင့်ရင်ဆိုင်တိုးပြီးမှ နောက်ကြောင်းပြန်လှည့်သွားသောတောကောင်မျိုး ဒီတစ်ကြိမ်သာတွေ့ဖူးတော့သည်။

ထိုနေရာ၌ရပ်ပြီး အတန်ကြာအောင်စောင့်ကြည့်သော်လည်း အခြေအနေမထူးသောအခါမှ မြားထိမှန်ပြီး သေဆုံးနေသောဝက်ဝံသည်းခြေနှင့် ဝက်ဝံသားရေကိုခွာယူပြီး နွယ်ကြိုးများဖြင့်တုပ်နှောင်ကာ တုတ်တစ်ချောင်းဖြင့်လျှိုထမ်းပြီးနောက် ထိုနေရာမှ အစိမ်းလိုက်လှီးဖြတ်ယူခဲ့ရသောကြောင့် ညီစော်များနံနေရုံမက သွေးစက်များကလည်း တစ်ကိုယ်လုံးစွန်းပေနေတော့သည်။

ဝက်ဝံသားရေထုပ်ကြီးကို မနိုင်မနင်းထမ်းလာသော နီမောင်မှာ တောင်ခြေတစ်နေရာရောက်သောအခါ တောစပ်မှာထိုင်နေသော အဘိုးကြီးတစ်ယောက်နှင့်တွေ့ရလေသည်။ အဘိုးကြီးက လက်တစ်ဖက်မှာ တောင်ဝှေးတစ်ချောင်းကိုင်ထားပြီး ကျန်တစ်ဖက်မှာ ပုတီးတစ်လုံးကိုင်ထားလေသည်။

နီမောင်က ပုတီးကိုင်ထားသောအဘိုးအိုကိုမြင်သဖြင့် သွေးသံရဲရဲဖြင့်ဖြစ်နေသောသူ့အဖြစ်ကို ရှက်ရွံ့သလိုဖြစ်သွားသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာမှ လှည့်သွားရန်ဟန်ပြင်လိုက်သည်။

ထိုသို့စိတ်ကူးလိုက်ရုံရှိသေးသည်။ အဘိုးအိုက သူ့ကိုပြုံးပြုံး လှမ်းနှုတ်ဆက်လေသည်။

"ငါ့မြေး တောင်ပေါ်ကပြန်လာတာလား၊ အတော်ကလေးမောလာပုံရတယ်၊ နားပါဦးလားကွယ်"

"ဟုတ်...ဟုတ်ကဲ့"

ဟု ပြောကာ ဝက်ဝံသားရေထုပ်ကို အဘိုးနှင့်ကွယ်နေသောသစ်ပင်အကွယ်နေရာတွင်ချလိုက်ပြီး မနီးမဝေးမှာ ဝင်ထိုင်လိုက်သည်။

"ငါ့မြေးမှာ ရေလေးတစ်ပေါက်လောက်ပါရင် သောက်ပါရစေ"

"ဟုတ်...ဟုတ်ကဲ့ ပါ ပါတယ်"

နီမောင်က ခါးမှာချိတ်ထားသော သားရေဖြင့်ပြုလုပ်ထားသောရေအိတ်ကိုဖြုတ်၍ သွေးစက်များစင်ကြယ်အောင်သုတ်လိုက်ပြီးမှ လှမ်းပေးလိုက်သည်။

အဘိုးအိုက ရေကို အနည်းငယ်မော့သောက်ပြီး ပြန်ပေးလေသည်။

"ရေဘူးထဲမှာ သွေးစက်တွေဝင်နေတယ်ထင်တယ်၊ နီရဲ့နေတာပဲ"

"ဟင် ..."





ရေဘူးမှာ အဖုံးဖြင့်ပိတ်ထားသောကြောင့် သွေးစက်ဝင်စရာမရှိပေ။

သို့သော်လည်း တစ်နေရာမှစိမ့်ဝင်လျှင်လည်း ဖြစ်နိုင်သည်မို့ အောက်သို့ အနည်းငယ်သွန်ချလိုက်သည်။ အမှန်ပင် ရေများက သွေးရောင်ကဲ့သို့ နီနေသည်။

"အားနာလိုက်တာ အဘရယ်၊ ကျွန်တော် မသိလို့ပေးမိတာပါ"

"ရပါတယ်ကွယ်၊ ငါ့မြေးအလုပ်က သတ္တဝါတွေရဲ့အသက်ကို သတ်ရတဲ့အလုပ်ဆိုတော့ သွေးနဲ့ဘယ်ကင်းပါ့မလဲ"

နီမောင်မှာ ကိုယ်ပေါ်မှာစွန်းပေနေသောသွေးစက်များကို ငုံ့ကြည့်ရင်း အတော်ကလေးစိတ်မကောင်းဖြစ်သွားမိသည်။

"ကျွန်တော်တို့က ဆင်းရဲပါတယ်၊ ဒါကြောင့် တောလိုက်တဲ့အလုပ်လုပ်ရပါတယ်၊ တောလိုက်တဲ့အလုပ်လုပ်မှတော့ တောတိရစ္ဆာန်တွေနဲ့ အသက်ချင်းလုရတဲ့အခါ သူတို့အသက်ကိုလဲ သတ်တန်သတ်ရပါတယ်"

နီမောင့်လေသံက ဝမ်းနည်းနေသံမျိုးဖြစ်သည်။ သူ့စကားကြားသောအခါ အဘိုးကြီးက သဘောကျသလို တစ်ချက်ပြုံးလိုက်လေသည်။

"တကယ်တော့ မင်း တောထဲတောင်ထဲသွားတယ်ဆိုတာ ဝမ်းစာအတွက်ပဲမဟုတ်လား"

www.burmeseclassic.com



"မှန်ပါတယ် အဘ"

"ဝမ်းစာရှာတယ်ဆိုရင် တောထဲမှာ တောတိရစ္ဆာန်တွေရှာစား ရှိတာမှမဟုတ်တာ၊ တိရစ္ဆာန်တွေထက်ပိုပြီး တန်ဖိုးရှိတဲ့ အသီး အရွက်၊ အမြစ်၊ အဥတွေ အများကြီးရှိတာပဲ၊ ဒါထက်ပိုပြီးကံကောင်း ရင် ကျောက်စိမ်းတွေ၊ အခြားကျောက်မျက်ရတနာတွေဆိုတာ ဒီ တောဒီတောင်တွေထဲမှာ အများကြီးရှိတာပဲမဟုတ်လား။ဝက်ဝံ တစ်ကောင်ရဲ့ သားရေတစ်ချပ်ဆိုတာ မချစ်ဥ ပလိုင်းတစ်လုံးစာ လောက် တန်ဖိုးရှိတာမှမဟုတ်တာကွယ်"

အဘိုးအိုက အေးအေးဆေးဆေးပြောနေသော်လည်း နီမောင် ကတော့ များစွာ စိတ်ဝင်စားမိနေသည်။

"တကယ်လို့သာ သားကောင်မသတ်ဘဲ ဆေးမြစ်ဆေးဥရှာ မယ်ဆိုရင် အခုလို စိုးရိမ်ကြောင့်ကြမှုတွေ ဘယ်ရှိပါတော့မလဲ၊ တိရစ္ဆာန်တွေကလဲ လူက သူတို့ကိုမသတ်ဘူးဆိုတာသိရင် လူကို ဘယ်မှာလာပြီး ရန်မူပါတော့မလဲ၊ တောထဲတောင်ထဲမှာ တရား အားထုတ်နေတဲ့ သူတော်ကောင်းတွေကို ဘယ်တိရစ္ဆာန်ကမှ ရန်မမူ ကြပါဘူး"

"အဲဒါ ဘာဖြစ်လို့လဲ အဘ"

"လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် မမြင်ရတဲ့စွမ်းအားက တစ်ဆင့်ဖြစ်ပေါ်နေဆဲ စက်ကွင်းတွေရှိတယ်၊ အကုသိုလ်လုပ်ရင်





အကုသိုလ်စက်ကွင်းထွက်နေပြီ၊ မေတ္တာလုပ်ရင် ခမေတ္တာစက်ကွင်း ထ ထွက်နေတာပဲ။ ဒီစက်ကွင်းတွေကို လူတွေရဲ့သာမန်မျက်စိနဲ့ မမြင်ရပေမယ့် တိရစ္ဆာန်တွေက မြင်ရတယ်၊ သဘာဝအရ သိကြ တယ်၊ ဒီတော့ သူတို့ကို ရန်မူမယ့်လူလာရင် ပုန်းတန်ပုန်းရတယ်၊ ပြေးတန်တာပြေးရတယ်၊ မလွတ်သာရင် ရန်မူတိုက်ခိုက်ရတာတွေ လုပ်ရတယ်"

"ဟုတ်ပါတယ် အဘ"

"ရန်သူမဟုတ်တဲ့သူလာရင် ပြေးစရာလဲမလိုဘူး၊ ပုန်းစရာလဲ မလိုဘူး၊ ရန်သူတိုက်ခိုက်ရတာတွေလဲမရှိတော့ ဒီလိုပဲ သဘာဝ အတိုင်း အေးအေးဆေးဆေးသွားနေကြတာပါပဲ။ တောရိုင်းတရစ္ဆာန် တွေဟာ သူတော်ကောင်းတွေနဲ့ အတူတူလာနေလဲ ရန်မမူကြပါဘူး၊ အဲဒါ မေတ္တာစက်ကွင်းကြောင့်ပဲ ငါ့မြေးရဲ့"

ဟု ရှင်းပြလေသည်။

နီမောင့်စိတ်ထဲမှာတော့ ထိုစကားများ၏အဓိပ္ပာယ်ကို ဂဃ နဏမသိသော်လည်း သဘောကျနေသည်။

နားထောင်ရုံဖြင့် စိတ်ချမ်းသာနေလေသည်။

"လူတစ်ယောက်မှာ စိတ်စွမ်းအားကတစ်ဆင့်ပေါ်တဲ့ ကိုယ် အရောင်နဲ့ အနံ့အသက်ဆိုတာရှိတယ်၊ အဲဒါတွေက သာမန်မျက်စိနဲ့ ကြည့်လို့ မမြင်မသိရဘူး၊ ကောင်းတဲ့စိတ်ရှိတဲ့လူရဲ့ ကိုယ်က ထွက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အရောင်က အဖြူရောင်ရှိတယ်၊ မကောင်းတဲ့စိတ်ရှိတဲ့လူရဲ့ ကိုယ်ကထွက်တဲ့အရောင်က အညိုရောင်၊ အမည်းရောင်ရှိတယ်၊ အနံ့အသက်လဲ ဒီလိုပဲ၊ စိတ်ပေါ်မှာ မူတည်ပြီး ကောင်းတဲ့ကိုယ်သင်းနံ့ရှိသလို မကောင်းတဲ့အနံ့အသက်တွေလဲ ရှိတယ်ကွယ့်"

"ဒီတော့ ကျွန်တော် ဘာလုပ်ရမလဲ အဘ"

"မင်း အန္တရာယ်ကင်းကင်းနဲ့ အသက်မွေးဝမ်းကျောင်းပြုချင်တယ်ဆိုရင်တော့ သူတစ်ပါးအသက်ကိုသတ်ပြီးမှ အသက်မွေးရတဲ့ အလုပ်မျိုး ရှောင်ပေါ့ကွယ်"

"ကျွန်တော် အဘပြောတာကို သဘောပေါက်ပါပြီ။ နောက်ဆိုရင် တောတိရစ္ဆာန်တွေရဲ့အသက်ကို သတ်တဲ့အလုပ်ကို တတ်နိုင်သလောက်ရှောင်ကြဉ်ပါတော့မယ်။ ဆေးမြစ်ဆေးဉရှာဖွေတဲ့အလုပ်နဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုနိုင်အောင်ကြိုးစားပါတော့မယ်"

"သာဓုကွယ် သာဓု သာဓု၊ ဒီစကားကြားရတာ အဘ ဝမ်းသာပါတယ်၊ တိရစ္ဆာန်လေးတွေသာ မင်းရဲ့စကားကြားပြီး နားလည်နိုင်မယ်ဆိုရင် ဒီထက်ဝမ်းသာကြမှာပါ။ ဒီလိုဆိုရင် မင်းကို လာစောင့်ကြရကျိုးနပ်ပြီပေါ့"

"ဟင်… အဘက ကျွန်တော့်ကို လာစောင့်နေတယ် ဟုတ်လား"

"ဟုတ်တယ်ကွယ့်၊ မင်းကို ပြောစရာရှိလို့"

"ဘာများလဲဟင်"





"တခြားတော့မဟုတ်ပါဘူး။ အဘ သွားရင်းလာရင်းနဲ့ မချစ်ဥတွေ အများကြီးရှိတဲ့နေရာတစ်နေရာ တွေ့လာလို့ အဲဒါလဲပြောပြချင်လို့ပါ"

"မချစ်ဥတွေ ဟုတ်လား အဘ"

"ဟုတ်တယ်ကွယ့်၊ ဒီတောင်ပေါ်ကဆင်းသွားလို့ တောင်ကုန်းနှစ်ကုန်းလောက်ကျော်အောင် မြောက်ဘက်စူးစူးကိုသွားတဲ့အခါ ပိုင်ခနာသစ်တောတွေဝိုင်းနေတဲ့တောင်ကုန်းသုံးလုံးတွေ့ရလိမ့်မယ်၊ တောင်ကုန်းသုံးလုံးက ဖိုခုံလောက်ဆိုင်ရှိနေတာဆိုတော့ အလယ်နေရာမှာ ရှဉ့်ကလေးတွေ တူးဆွစားသောက်ထားတဲ့နေရာရှိတယ်၊ အဲဒီနေရာမှာ တူးပြီးရှာရင် မချစ်ဥတွေ အများကြီးရနိုင်ပါတယ်"

ဟု ပြောပြလေသည်။

"အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ် အဘ"

ဟု ပြောကာ နီမောင်က ပလိုင်းထဲမှာပါလာသော စားသောက်စရာများကိုထုတ်၍ အနည်းငယ်ချန်ကာ ကျန်သည့်အစားအစာများကို အဘိုးအိုအား ပေးလိုက်လေသည်။

ထို့နောက်…

မလှမ်းမကမ်းနေရာမှာချထားသော ဝက်ဝံသားရေကို မြေကျင်းတူး၍ မြှုပ်နှံလိုက်သည်။ ထိုသို့မြေကျင်းတူးမြှုပ်ပြီး နောက်လှည့်ကြည့်လိုက်သောအခါ စောစောကအဘိုးအိုကို မတွေ့ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုဟိုဒီဒီကြည့်တော့လည်း မတွေ့ရတော့မှ ထိုနေရာမှထွက်လာခဲ့လေသည်။

မြောက်ဘက်သို့ထွက်လာရာ ပိုင်ခနာသစ်တောများ ပိုင်းနေသော တောင်ကုန်းသုံးလုံးအလယ်သို့ရောက်သောအခါ ရှဥ့်ကလေးများ အလုအယက်တူးဖော်နေသောနေရာကို လှမ်းမြင်ရသည်။

သူ ဆင်းသွားတော့ ရှဥ့်ကလေးများက ထွက်ပြေးသွားကြလေသည်။ ရှဥ့်ကလေးများတူးဆွထားသော နေရာတစ်ဝိုက်မှာတော့ အစို့အညှောင့်များထွက်နေသော မချစ်ဥ အမြောက်အမြားကို တွေ့မြင်ရလေသည်။

✳✳✳✪✳✳✳





အခန်း (၂)

## နှင်းတောထဲမှ လျှို့ဝှက်မိစ္ဆာ

တောင်ထိပ်များပေါ်မှ မြူနှင်းများက ဖုံးအုပ်ထားလျက်ရှိသည်။ တောင်ကြောများပေါ်မှာတော့ ရာသီဥတုက သာယာလျက်ရှိသည်။

မိုးအကုန်ဆောင်းအကူးရာသီမျိုးတွင် တောင်တန်းများပေါ်မှာ အမဲပြုပြီးအသက်မွေးဝမ်းကျောင်းပြုသူများအတွက်စိတ်အားတက်ကြွဖွယ်ရာဖြစ်သည်။

စိမ်းလန်းသောတောင်ယာစိုက်ခင်းများမှာ ယခုလို မိုးအကုန်ဆောင်းအကူးရာသီမှစ၍ နွေရာသီရောက်သည်အထိ မပြတ်တော့ဘဲ နေရာအနှံ့ စိမ်းလန်းစိုပြည်လျက်ရှိသည်။

ဆန်စပါး၊ လက်ဖက်၊ မုန်ညင်းနှင့် လိမ္မော်စိုက်ခင်းများမှာ နာက



www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းများဟုခေါ်သည့် နွယ်မောက်တောင်၊ စာရာမေတီ တောင် တစ်ကြောမှာ တစ်မျှော်တစ်ခေါ်မြင်နိုင်ပေသည်။

စာရာမေတီတောင်မှာ စစ်ကိုင်းတိုင်းအတွင်းရှိ အမြင့်ဆုံး တောင်များထဲတွင် တစ်တောင်ပါဝင်ပြီး ပေပေါင်း ၁၂၅၅၃ ပေမြင့် သောတောင်ဖြစ်သည်။

မြန်မာနိုင်ငံ၏အမြင့်ဆုံးတောင်မှာ ခါကာဘိုရာဇီတောင်ဖြစ်ပြီး အမြင့်ပေပေါင်း ၁၉၃၁၅ ပေအမြင့်ရှိရာ စာရာမေတီတောင်၏မြင့်မှာ မနည်းလှပေ။

စာရာမေတီတောင်မှာ မြန်မာနိုင်ငံ၏အနောက်ဘက် နယ်နိမိတ်အဆုံးနေရာတွင်ရှိပြီး အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ခြားထား သောတောင်တန်းကြီးလည်းဖြစ်သည်။

စာရာမေတီတောင်ကြီးမှာ ၎င်းအနီးတစ်ဝိုက်တွင်ရှိသော ရွာသူရွာသားများ၏ထမင်းအိုးကြီးသဖွယ်၊ စပါးကျီကြီးသဖွယ်လည်း ဖြစ်လေသည်။

တောင်ခြေတစ်ဝိုက်မှာ တောင်ယာစိုက်ခင်းများ စိုက်သူက စိုက်၊ ရာသီဥတုကောင်းမွန်သောအချိန်မျိုးတွင် တောင်ပေါ်တက်၍ အမဲလိုက်သူကလိုက်၊ ကတိုးရှာသူကရှာ၊ ခန်းတောက်မြစ်၊ မချစ်ဥ နှင့် ရှိုးပဒီဟုခေါ်သော နွယ်ပင်ကိုရှာသူကရှာနှင့် စာရာမေတီကို အမှီပြု၍ အသက်မွေးဝမ်းကျောင်းပြုသူ များလေသည်။





အချို့တောင်ပေါ်သို့ စွန့်စွန့်စားစားမတက်နိုင်သူပင် တောထဲ သို့ဝင်ကာ သစ်ခွပန်းရှာခြင်း၊ ပုန်းညက်နှင့် အကြော် ကရမက်ဆေး မြစ်များရှာကာ တဝမ်းတခါးအတွက် ဝမ်းစာရှာကြသူများ ရှိကြလေ သည်။

ယခုလည်း ထမံသီရွာကြီးမှ လူသုံးယောက်တို့ စာရာမေတီ တောင်ပေါ်သို့တက်လာကြသည်။

၎င်းတို့မှာ တောင်ပေါ်တက်၍ ကတိုးလိုက်လေ့ရှိသော ကတိုး လိုက်မုဆိုးများဖြစ်ကြသည်။ ငကျော်၊ အောင်ဗန်း၊ သာစိန်တို့ သုံးယောက်ဖြစ်သည်။

သူတို့သုံးယောက်စလုံး ထမံသီရွာမှဖြစ်ကြသည်။ သုံးယောက် စလုံး နှစ်စဉ် တောင်ပေါ်တက်၍ ကတိုးလိုက်လေ့ရှိကြသည်။

အမှန်တော့ ကတိုးလိုက်ခြင်းမှာ အခြေးသားကောင်လိုက် သည်နှင့်မတူပေ။ အန္တရာယ်လည်းသိပ်မများဘဲ ငွေအရများသော လုပ်ငန်းဖြစ်သည်။

ကတိုးသည် ဒရယ်မျိုးနွယ်ဝင်ဖြစ်သည်။ ရေခဲဖုံးလွှမ်းနေသော တောင်ပေါ်များမှာ ကျက်စားလေ့ရှိသည်။ အရွယ်မှာ အလျားသုံးပေ၊ ခုံးအမြင့်လက်မနှစ်ဆယ်ခန့်ရှိလေသည်။

ခွာမှာ ချေခွာနှင့်တူပြီး အဖျားမှာ ချွန်ထက်၏။ အများအားဖြင့် ကိုယ်အပေါ်ပိုင်းမှာ မီးခိုးရောင်၊ အညိုရောင်များရှိပြီး ဝမ်းဗိုက်ပိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ရှိသည်။ ဦးချိုမရှိဘဲ ကိုယ်နောက်တွင် အမြီးတိုကလေးသာရှိသည်။ ၎င်းတစ်ကိုယ်လုံးမှာ မေးအောက်တွင် ထိုးထွက်နေသောအစွယ်တိုနှစ်ချောင်းသာရှိပေသည်။

ကတိုးကောင်၏အလေးချိန်မှာ ငါးပိဿာမှကိုးပိဿာ၊ အချို့တစ်ဆယ် အများဆုံးရှိလေသည်။

၎င်းကို မြန်မာဘာသာဖြင့် ကတိုးဟုခေါ်သည်။ ရဝမ်ဘာသာဖြင့် ကတိုးကို 'ထလား(ခေလား)'၊ ကတိုးဆီကို 'ရာဆွမ်း'၊ လီဆူဘာသာစကားဖြင့်'လား'၊ ကတိုးဆီကို 'လာဖူး'၊ ရှမ်းနှင့် ဂျိန်းဖော့တိုင်းရင်းသားတို့က 'ဟွမ်း'ဟုခေါ်ကြပြီး တိုင်းရင်းသားအလိုက်ဘာသာအလိုက် အခေါ်အဝေါ်အမျိုးမျိုး ကွဲပြားလေသည်။

ကတိုးကောင်မှာ ဆန်းကြယ်သောသတ္တဝါဖြစ်သည်။ ထို့ကြောင့် အထီး၊ အမမိတ်လိုက်ပုံမှာလည်း ဆန်းလှသည်။

ကတိုးအထီးကောင်၏အမြီးဖျားမှာ နို့သီးခေါင်းကဲ့သို့ရှိန်ပြီး အပေါက်ကလေးများစွာရှိပါသည်။ ထိုအပေါက်ကလေးများမှ ကတိုးအထီး၏သန္ဓေရည်ထွက်လေသည်။

မိတ်လိုက်ချိန်ရောက်လျှင် ကတိုးအထီးက အမနောက်သို့လိုက်ရသည်မဟုတ်ဘဲ ကတိုးအမက အထီးနောက်သို့လိုက်ကာ ထိုအမြီးမှထွက်သော သန္ဓေရည်ကို စုပ်ယူရသည်။ လဆန်းရက်၊ လပြည့်ရက်နှင့် လကွယ်ရက်များတွင်သာ မိတ်လိုက်လေ့ရှိပြီး တစ်





လျှင် နှစ်ကြိမ်သားဖွားသည်။ တစ်ကြိမ်လျှင် တစ်ကောင်သာ ပေါက်ပြီး နို့တိုက်သတ္တဝါမျိုးဖြစ်လေသည်။

ကတိုး၏တန်ဖိုးရှိခြင်းမှာ ကတိုးအထီး၏ချက်အထက်နားတွင် အိတ်ငယ်နှင့်တည်ရှိသော ကတိုးမွှေးနံ့သာခဲကြောင့်ပင် ဖြစ်သည်။

တိုင်းရင်းဆေးဖက်ဝင်သည့် ကတိုးဆီ၊ ကတိုးမွှေး၊ ကတိုးမှုန့် ၎င်း၏ချက်အထက်နားရှိ ဂလင်းအိတ်ထဲတွင်ရှိသော နီညိုရောင် ကတိုးမွှေးမှ ရရှိခြင်းဖြစ်သည်။

တောသုရင်ဟုဆိုသော ကျားနှင့် ကျားသစ်တို့က ကတိုးကို ဖမ်းဆီးမိ၍ စားသောအခါ အသားကိုစားပြီး ၎င်းကတိုးမွှေးရှိသော ချက်အိတ်ကိုမစားဘဲချန်ထားလေ့ရှိသည်။ ကတိုးကို ဖမ်းဆီးရမိသောအခါ ၎င်းချက်အိတ်ကို အခြောက်လှန်းပြီး အတွင်းမှ ကတိုးမွှေးကိုယူကြသည်။

အကောင်အရွယ်အစားအလိုက် ငါးမူးသားမှ ငါးကျပ်သား သာက်အထိ ရရှိကြသည်။

ကတိုးဆီကို သုံးမျိုးခွဲထားသည်။

ရဝမ်ဘာသာစကားဖြင့် 'မန်ညမ်'၊ 'လဆိုင်း'၊ လခရောမ်း' ဟု ခွဲခြားထားပြီး ၎င်းတို့အထဲမှ 'လခရောမ်း'အမျိုးအစားက အကောင်းဆုံးဖြစ်သည်။

ကတိုးကောင်များမှာ လူသူနှင့်ဝေးရာဒေသဖြစ်သော နှင်းဖုံး



www.burmeseclassic.com

www.burmeseclassic.com



သည့်တော်ဝင်တန်းတောင်ထွတ်များပေါ်တွင် ကျက်စားလေ့ရှိသဖြင့် လွန်စွာရှားပါးကာ ဖမ်းဆီးရန်လည်း ခက်ခဲလှပေသည်။

သို့သော် ကတိုးလိုက်မုဆိုးများကမူ ကတိုးကို သဲကြီးမဲကြီး လိုက်လံရှာဖွေကာ ဖမ်းဆီးကြသည်။

အဘယ်ကြောင့်ဆိုသော် ကတိုးမွှေးမှာ လွန်စွာတန်ဖိုးရှိသော ကြောင့်ဖြစ်သည်။

ယခင်ခေတ်က ရွှေတစ်ဆယ်ကျပ်သားလျှင် တစ်ရာ့ငါးဆယ် နှစ်ရာထက် ပိုမပေးရသောကာလမှာပင် ကတိုးမွှေးတစ်ကျပ်သား ကို ငါးရာနှင့်အထက်ပေး၀ယ်ရသည်။ ၁၉၇၈ခုနှစ်ဝန်းကျင်လောက် တွင် ထိုဒေသတစ်ဝိုက်မှာပင် တစ်ကျပ်သားကို နှစ်ထောင်ကျော်မျှ ပေါက်ဈေးရှိသည်။

ယခုအခါ ရွှေဈေးမှာ တစ်ကျပ်သားလျှင် လေးသိန်း၊ ငါးသိန်း ကျော်နေပြီဖြစ်ရာ ကတိုးမွှေးတစ်ကျပ်သားလျှင် မည်မျှ ဈေးပေါက် မည်ကို မခန့်မှန်းနိုင်တော့ပေ။

ကတိုးမွှေးမှာ စမုန်နက်စေ့ကလေးများကဲ့သို့ သေးသေးလေး ဖြစ်သော်လည်း အနံ့ကတော့ မွှေးလှပေသည်။ ဒေသခံတိုင်းရင်း သားတို့ကမူ ကတိုးဆီကို ဆေးဖက်ဝင်ပစ္စည်းအဖြစ် အမျိုးမျိုးအသုံး ချကြသည်။

ထို့အပြင် ကတိုးအမွှန်ကို အဝတ်စဖြင့်သေးသေးလေးထုပ်၍





တလေးများ၏လည်ပင်း၌ ဆွဲပေးထားကြသည်။ ထိုသို့ဆွဲပေးထား ခြင်းဖြင့် ဘေးအန္တရာယ်ကင်းစေသည်ဟု ယုံကြည်ကြသည်။

ကတိုးမွှေးကိုဆောင်ထားပါက ချစ်ခင်သူပေါများသည်ဟု ယုံ ကြည်မှုရှိသဖြင့် လူကြီးများကပါ အဆောင်အဖြစ်ထားကြသည်။

ကတိုးမှုန့်ကို ခေါင်းအုံးအောက်၌ထားပြီးအိပ်ပါက ပဋိသန္ဓေ ကင်းဝေးသည်။ ပဋိသန္ဓေနေစဉ် ကတိုးဆေးကိုသောက်ပါက သန္ဓေ ပျက်ကျနိုင်သည်။

ထို့ပြင် နားကိုက်လျှင် ကတိုးဆီကို ရေအေးနှင့်ဖျော်၍ နားထဲ သို့လောင်းထည့်ပါက သက်သာပျောက်ကင်းစေသည်။ ကိုယ်တစ် ခြမ်းသေခြင်း၊ ငန်းတက်ခြင်းရောဂါတို့ကိုသာမက သွေးယန်နာဆေး အဖြစ်လည်း အသုံးပြုကြလေသည်။

ကတိုးတစ်ကောင်လုံးကို အသုံးချရာတွင် ကတိုးသားရေကို ဦးထုပ်လုပ်၍ အလှဆောင်းကြသည်။

အချို့ကမူ ကတိုး၏အမွှေးခြောက်များကိုစုပြီး ခေါင်းအုံးပြု လုပ်ကာ သုံးကြသည်။ ၎င်းခေါင်းအုံးကိုအသုံးပြုပါက ခေါင်းကိုက်၊ ခေါင်းခဲဝေဒနာများ ပျောက်ကင်းသည်ဟု ယုံကြည်ကြသည်။

ကတိုးလိုက်မုဆိုးများမှာ ကတိုးနောက်သို့ ခက်ခက်ခဲခဲလိုက် ရာမှ အန္တရာယ်များနှင့်ကြုံတွေ့၍ အသက်ဆုံးရှုံးရသည်များလည်း ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းသူများကတော့ ကျားက ကတိုးကိုဖမ်းမိပြီး အသား ကိုစားကာ ကတိုးမွှေးအိတ်ရှိသောဝမ်းဗိုက်ပိုင်းကိုချန်ထားခဲ့သဖြင့် အလွယ်တကူရခဲ့သူများလည်းရှိပေသည်။

ကတိုးကောင်နောက်သို့ ကျား၊ ကျားသစ်နှင့် အခြား အသား စားသတ္တဝါများက သဲကြီးမဲကြီးလိုက်ကြလေရာ လူမုဆိုးနှင့်တိရစ္ဆာန် မုဆိုးတို့ မကြာခဏရင်ဆိုင်တိုးပြီး အသက်လုပွဲများဆင်နွှဲကြရ သည်လည်းရှိသည်။

အဘယ်မျှပင် အန္တရာယ်များစေကာမူ ကတိုးကောင်ကို ဖမ်း ဆီးရလျှင် ဖြစ်လောက်အောင်ငွေကြေးရသောကြောင့် ကတိုးလိုက် သူများမှ ထိုအလုပ်မှလွဲ၍ အခြားအလုပ်ကို မလုပ်ချင်ကြတော့ချေ။

ယခုလည်း ထမံသီရွာမှ ကတိုးလိုက်မုဆိုးသုံးဦးတို့ စာရာ မေတီတောင်ကြောပေါ်သို့ ရောက်နေကြသည်။

ထမံသီရွာမှ စာရာမေတီတောင်ခြေရောက်အောင် အတော် သွားရသည်။ ချင်းတွင်းမြစ်ဖျားအတိုင်း အနောက်မြောက်ရှုးရှုးသို့ နှစ်ညအိပ်၊ သုံးညအိပ် ခြေကျင်သွားကြရသည်။

သူတို့သုံးယောက်မှာ တစ်ရွာတည်းသားလည်းဖြစ်၊ တွဲဖော် တွဲဖက်များဖြစ်သလို ဆိုးဖော်ဆိုးဖက်များလည်းဖြစ်ကြသည်။

"ငကျော် အခုတစ်လော ဒီတောင်ပေါ်မှာထူးဆန်းသတင်း တစ်ခုထွက်နေတာ မင်းကြားမိလား"





ဟု အောင်ဗန်းက မေးလိုက်သည်။

"ဘာသတင်းလဲ"

"သိပ်ချောသိပ်လှတဲ့မိန်းကလေးတစ်ယောက်ကို အဲဒီတောင် ပေါ်မှာတွေ့တွေ့နေရတယ်တဲ့၊ ဒါပေမယ့် သူ့နောက်လိုက်သွားတာ နဲ့ ကျားကိုက်ခံရလို့ သေကြတဲ့သတင်းလေ၊ မင်း မကြားမိဘူးလား"

"ဒါက ဘာဆန်းသလဲ၊ ဒါမျိုးတွေက အရင်က တို့ရွာမှာလဲ ရှိခဲ့ ဖူးတာဘဲ"

"အေး…လူကနေ ကျားလိုမျိုးဖြစ်တာတော့မဆန်းဘူးပေါ့ကွာ၊ ဒါပေမယ့် အဲဒီမိန်းကလေးက တောင်ပေါ်မှာ ဘာလုပ်နေတာလဲ"

"ငါက ဘယ်သိမှာလဲဟ၊ မင်းသိချင်ရင် သာစိန်ကိုမေးကြည့်"

ဟု အောင်ဗန်းက စကားလွှဲလိုက်သည်။

"သာစိန် … မင်းကောသိလား"

"ကြားတော့ကြားမိတယ်၊ ဒါပေမယ့် ငါလဲ သေသေချာချာ တော့ဘယ်သိပါ့မလဲ၊ ဒါပေမယ့် တောထဲတောင်ထဲမှာဆိုတာ အန္တရာယ်တွေက နေရာအနှံ့မှာရှိနေတာဆိုတော့ သတိထားရင် တော့ မမှားဘူးပေါ့"

သူတို့သုံးယောက်ထဲတွင် သာစိန်က အသက်အရွယ်ကြီးသဖြင့် ဆွေးဆွေးဆဆပြောလိုက်သည်။

"ဒီလောက်လဲကြောက်မနေပါနဲ့ကွာ၊ တို့ကသုံးယောက်တောင်



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ နောက်ပြီး ထိုသေအဆိပ်မြားတွေလဲပါတာပဲ၊ ထိုသေ အဆိပ်ထိလို့ကတော့ ဘယ်သတ္တဝါမျိုးမှ မခံနိုင်ပါဘူး"

"ဒါက ထားတော့၊ ခု တို့ ဘယ်ဘက်ကိုသွားကြမလဲ"

"ဒီကနေသွားရင် မြောက်ဘက်တောင်ကြောရဲ့ လျှိုထဲမှာ ဝါးတောတွေရှိတယ်၊ ကတိုးတွေက မျှစ်နုပေါက်တွေကို သိပ်ကြိုက်ကြတယ်၊ အခုလို လသာတဲ့ရက်တွေမှာ ဒီကောင်တွေ ဆင်းလာတတ်တယ်၊ အဲဒီကနေ သွားစောင့်တာပေါ့"

"လိုက်မရှာတော့ဘူးလား"

"သားကောင်ဆိုတာ လိုက်ရှာတာထက် ထိုင်စောင့်တာက ပိုပြီး တွေ့တာမြန်တယ်ကွ"

"ဒါဖြင့်လဲ သွားကြတာပေါ့"

ဟု ပြောဆိုတိုင်ပင်ကာ တောင်တန်းတစ်နေရာရှိ ဝါးတောများရှိရာသို့ တက်လာခဲ့ကြသည်။

ညနေပိုင်းအချိန်ရောက်သည်နှင့် တောင်ရင်ပြင်တစ်ဝိုက်မှာ အလင်းရောင်ပျောက်သွားပြီး နှင်းမှုန်နှင်းစက်များဖုံးအုပ်လာလေတော့သည်။

ထိုအချိန် ထိုရာသီမျိုးတွင် တောင်ပေါ်ရောက်နေသူများအဖို့ ဝူတစ်ဝူဝူအတွင်းမှာ ဝင်ရောက်နေရာယူပြီး မီးပုံတစ်ပုံနှင့် အနွေးဓာတ်ယူကာနေကြမည်ဖြစ်သော်လည်း သူတို့သုံးယောက်ကတော့





လောဘဇောတက်နေသောကြောင့် အနားမယူနိုင်ကြဘဲ ဝါးတောများပေါက်ရောက်နေသော လျှိုအတွင်းသို့ ဆင်းခဲ့ကြသည်။

ထိုနေရာတစ်ဝိုက်မှာ တောင်ကုန်းနှစ်ခုကြားရှိ လွင်ပြင်တစ်ခုဖြစ်ပြီး ဝါးတောများရှိသည်။ ဝါးပင်များမှာ တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူနေသောအတိုးအိုကဲ့သို့ နှင်းစက်နှင်းခဲများက ဖုံးအုပ်ထားလေသည်။ လေတိုးလိုက်တိုင်း ဝါးပင်ဝါးကိုင်းချင်း ပွတ်တိုက်နေရာမှ ထွက်ပေါ်လာသောအသံမှာ သံစဉ်မညီသောဂီတသံသဖွယ် ပေါ်ထွက်နေလေသည်။

ငကျော်၊ အောင်ဗန်း၊ သာစိန်တို့သုံးယောက်စလုံး ဘောင်းဘီ၊ သားမွေး ကိုယ်ကျပ်အင်္ကျီနှင့် ဦးထုပ်များကို အသီးသီးဝတ်ဆင်ထားကြသော်လည်း အဝတ်မရှိသောနေရာများမှာ နှင်းမှုန်နှင်းစက်များက မညှာမတာတိုးဝှေ့ထိကပ်နေသဖြင့် ခိုက်ခိုက်တုန်အောင် ချမ်းနေကြသည်။

သို့သော်လည်း လောဘဇောကြောင့် ဇွဲမလျှော့ဘဲ ဝါးတောများနှင့် မလှမ်းမကမ်းရှိ ပစ်ကွင်းကောင်းသောနေရာရောက်အောင် လာခဲ့ကြသည်။ သုံးယောက်စလုံးတွင် ဒူးလေးတစ်လက်၊ မြားဘူးနှင့် ဓားလှံများ အသီးသီးပါလာကြသည်။

ဝါးတောနှင့် မဝေးလှသောတောင်စောင်းတစ်နေရာတွင် ကျိုးလန်သစ်ပင်ကြီးတစ်ပင်တွေ့သဖြင့် ထိုသစ်ပင်အောက်မှာ ဝင်နား



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

ထိုသစ်ပင်နှင့် မနီးမဝေးတွင် ပိုင်ခနာသစ်တောများရှိသည်။ ပိုင်ခနာသစ်တောမှာ သစ်မာအမျိုးအစားဖြစ်ပြီး ကြာရှည်ခံသောကြောင့် အံဆောက်အအုံနှင့် တံတားဆောက်ရာတွင် အသုံးများကြသည်။

သူတို့သုံးယောက် သစ်ပင်အောက်ရောက်တော့ တောင်ရင်ပြင်တစ်ခုလုံး အမှောင်ရိပ်များက ဖုံးလွှမ်းစပြုလာချေပြီ။

ထိုအခါ ငကျော် က ...

"ဟော့... ငါ့ဆီမှာ ကုန်သည်အဖွဲ့တွေဆီကရထားတဲ့ နိုင်ငံခြားဖြစ်အရက်တစ်လုံးပါလာတယ်၊ အချမ်းပြေ သောက်လိုက်ကြရအောင်"

ဟု အဖော်ညှိသည်။

"တောင်ပေါ်မှာ အလုပ်လုပ်ဖို့ရောက်နေတုန်းမှာ အရက်မသောက်သင့်ဘူးထင်တယ်"

သာစိန် က ပြောသော်လည်း ကျန်နှစ်ယောက်က လက်မခံပေ။

"သာစိန်ကလဲကွာ ဒီလောက်အေးတဲ့အချိန်မှာ အရက်ကလေးမှသောက်မထားရင် အရိုးကွဲအောင်ခံရမှာပေါ့၊ မူးအောင်မသောက်ကြဖို့ဘဲ အရေးကြီးတယ်၊ ငကျော်... မင်း ယူလာတဲ့အရက်ပုလင်းဘယ်မှာလဲ၊ ထုတ်ကွာ"





အောင်ဗန်း က ပြောသဖြင့် ငကျော်က ကျောပိုးအိတ်ထဲမှ ပါလာသော အရက်ပုလင်းကို ထုတ်လိုက်သည်။ ဘရမ်ဒီပုလင်းပင်ဖြစ်သည်။

"ဟာ... နိုင်ငံခြားအရက်ပါလား။ ကောင်းတာပေါ့ကွာ"

ဟုပြောကာ ဝါးဆစ်ခွက်များထဲသို့ အရက်ထည့်သည်။

ထို့နောက် အနီးအနားမှာ အဆင်သင့်ရှိသော ရေခဲများကို ယူပြီး အရက်ထဲသို့ထည့်ကာ သောက်ကြသည်။

အရက်တစ်ပုလင်းလုံး သုံးဦး မျှသောက်ရာ ခဏချင်းမှာပင် ကုန်သွားလေတော့သည်။

လေကလေးတဖြူးဖြူးနှင့်မို့ ခဏချင်းမှာပင် အရက်၏အရှိန်က တက်လာတော့သည်။

ထိုအချိန်တွင် အရှေ့ဘက်တောင်ထိပ်ပေါ်မှ အလင်းရောင်တချို့ ပေါ်လာသည်။ လ ထွက်လာချေပြီ။

ခဏကြာသောအခါ နှင်းဖြူများဖုံးအုပ်ထားသောတောင်ရင်ပြင်ပေါ်သို့ ငွေရောင်ကဲ့သို့ အလင်းရောင်အချို့ ဖြာဆင်းလာပြီး လရောင်ရှိသော်လည်း နှင်းထုများခံနေသောကြောင့် ဝိုးတဝါးသာ မြင်နိုင်လေသည်။

လူသုံးယောက်ကတော့ အရက်၏အရှိန်ကြောင့် အနည်းငယ် မူးစပြုနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် တောင်ကြောပေါ်မှ တရွေ့ရွေ့ဆင်းလာသော သတ္တဝါနှစ်ကောင်ကို လှမ်းမြင်ကြရသဖြင့် မုဆိုးသုံးယောက်တို့မှာ မိမိတို့ဦးပါလာသော လက်နက်များကို အဆင်သင့်ကောက်ယူလိုက်ကြသည်။

မလှမ်းမကမ်းရောက်တော့မှ ဆင်းလာသောသတ္တဝါမှာ ကတိုးနှစ်ကောင်ဖြစ်မှန်းသိရသဖြင့် ဝမ်းသာသွားကြသည်။

ရှေ့မှလာသော အကောင်အထီးနောက်မှ လိုက်လာသော အကောင်က အမဖြစ်သည်။

ကတိုးမွေးခါတ်သည် အမတွင်မရှိပေ။ အထီးမှာသာရှိသောကြောင့် ကတိုးအထီးကောင်ရှိရာသို့ ပစ်မှတ်ကိုချိန်လိုက်ကြသည်။

ပစ်ကွင်းကောင်းသည်နှင့် ဒူးလေးမောင်းခလုတ်ကိုဖြုတ်ရန် အဆင်သင့်ပြင်လိုက်စဉ်မှာ ကတိုးနှစ်ကောင်သည် တစ်စုံတစ်ခုကို အနံ့ရသည့်ပုံမျိုးဖြင့် နောက်သို့ ဖျတ်ခနဲလှည့်ကာ ဝါးရုံတောအတွင်းသို့ဝင်ပြေးသွားလေတော့သည်။

မုဆိုးသုံးယောက်တို့၏စိတ်ထဲမှာ မချင့်မရဲဖြစ်ကာ ကျန်ရစ်ခဲ့ကြသည်။

"မတာက်"

"ဘယ်လိုဖြစ်တာလဲဟ"





"ပစ်ရခါနီးမှကွာ"

ဟု မကျေမနပ် ရေရွတ်နေကြစဉ် အခြားတောစပ်တစ်နေရာမှ နောက်ထပ်သတ္တဝါတစ်ကောင် ထွက်လာပြန်သည်။

ကိုးတောင်ကျား ...

တော၏ဘုရင်ဟု သမုတ်ထားသော ကိုးတောင်ကျားကြီးက နှင်းတောထဲသို့ထွက်ကာ ဦးခေါင်းကိုမော့၍ အနံ့ခံသည်။

မုဆိုးသုံးယောက်က ဒူးလေးနှင့်လှမ်းချိန်လိုက်စဉ် ကျားက 'ဝေါင်း'ခနဲတစ်ချက်မာန်ဖီ၍ ကျွမ်းပစ်ကာ တောထဲသို့ပြန်ဝင်သွားပြန်သည်။

"ဘယ်လိုဖြစ်နေတာလဲ၊ ငါတို့ဒီနေရာမှာရှိနေတာကို တိရစ္ဆာန်တွေက သိနေသလိုပဲ၊ အနှောင့်အယှက်တစ်ခုခုတော့ ရှိနေပြီထင်တယ်"

ဟု ရေရွတ်လိုက်စဉ် ဝါးတောထဲမှ ထူးခြားသောအသံတစ်သံ ကြားလိုက်ရသည်။

သာယာသောသီချင်းသံ ...၊

ဝါးရွက်လေတိုးသံများနှင့်ရောနှောကာ ကြားလိုက်ရသော အသံမှာ မိန်းမတစ်ယောက်၏ သာယာသောသီချင်းသံပင်ဖြစ်သည်။

"သီချင်းဆိုသံပါလား"

"ဟုတ်တယ်၊ သာစိန် ပြောတဲ့ တောင်ပေါ်မှာ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တွေ့တယ်ဆိုတာ ဒါမျှားလား"

"မဟုတ်နိုင်ပါဘူး ဒီလိုအချိန်မျိုးမှာ တောင်ပေါ်ကို ဘယ်မိန်းမ မျိုးမှ တစ်ယောက်တည်းမလာဝံ့ဘူး၊ မဟုတ်ခါမှလွဲရော တို့ထို တောခြောက်နေပြီနဲ့တူတယ်"

"တောပဲခြောက်ခြောက်၊ တောပဲမှောက်မှောက် ဘာမှကြောက် စရာမလိုဘူး၊ လာချင်တဲ့အကောင် လာပါစေ ထိုသေအဆိပ်နဲ့ အတွေ့ပဲ"

ဟု ပြောကာ ငကျော်က မြားဘူးထဲမှ မြားအချို့ကိုထုတ်ယူ ပြီး ကျင်ငယ်ရည်နှင့် ပန်းလိုက်သည်။

"ဘာလုပ်တာလဲ"

"နာနာဘာဝတွေ၊ မကောင်းဆိုးဝါးတွေကိုပစ်တဲ့မြားကို ကျင် ငယ်ရည်နဲ့ပန်းထားရင် မခံနိုင်ဘူးလို့ပြောသံကြားတယ်"

"တောင်ပေါ်မှာ မဟုတ်တာတွေ လုပ်မနေစမ်းပါနဲ့ကွာ"

"ဟော့ အသံတိုးတိုးပြောကြ၊ ဟိုမှာ တောစပ်က မိန်းမ တစ် ယောက်ထွက်လာနေပြီ"

ဟု တစ်ယောက်က သတိပေးသဖြင့် လှမ်းကြည့်လိုက်တော့ လရောင်မှုန်ပျပျအောက်မှာ ဝါးတောထဲမှ မိန်းကလေးတစ်ယောက် ထွက်လာသည်ကိုတွေ့ရလေသည်။ သုံးယောက်သား ပါးစပ် အဟောင်းသားဖြင့် တအံ့တဩဖြစ်သွားကြသည်။





မိန်းကလေးမှာ အဖြူရောင်အဝတ်အစားများကို ဝတ်ဆင် ထားပြီး ၎င်းတို့နှင့်မြားတစ်ကမ်းအကွာအဝေးလောက်မှာရှိသည်။

အောင်ဖန်နှင့်သာစိန်တို့က ဒူးလေးကိုမောင်းဆွဲတင်ပြီး မြား တပ်သောအခါ ငကျော်က တားသည်။

"ဟေ့…ဟေ့… အရမ်းမပစ်ကြနဲ့၊ တကယ်လို့ လူဖြစ်နေရင် သက်သက်အမှုပတ်နေလိမ့်မယ်၊ ငါ သွားကြည့်မယ်"

"ဟေ့ကောင် ငကျော် အရမ်းမလုပ်နဲ့နော်၊ တကယ်လို့ မကောင်း ဆိုးရွားဖြစ်နေရင် ခက်မယ်"

တစ်ယောက်က တားသည်။

"မင်း ဘယ်ကိုသွားမှာလဲ"

"နောက်ဘက်ဝါးရုံတွေထဲကိုသွားပြီး စောင့်ဖမ်းမယ်၊ ဒါမှ တို့ အတွက် စားရကံကြုံလို့ မုတ်ဆိတ်ပျားစွဲတာဖြစ်မှာပေါ့"

ဟု ပြောကာ ငကျော်က ဓားကိုကိုင်ပြီး ဝါးတောထဲသို့ ဝင်သွား လေသည်။ ဒီဘက်မှာကျန်နေခဲ့ကြသော အဖော်နှစ်ယောက်က တော့ အခြေအနေကို ရင်တမမဖြင့်စောင့်နေကြရသည်။

ခဏကြာသောအခါ မိန်းကလေးက ဖျတ်ခနဲ ဝါးရုံတော အတွင်းသို့ ပြန်ဝင်ပြေးသွားသည်ကို တွေ့လိုက်ရသည်။

တစ်ဆက်တည်းမှာပင် လူတစ်ယောက်၏ စူးစူးဝါးဝါးအော်သံ တစ်ချက် ပေါ်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇန်းနှင့် သာစိန်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

သူတို့ကြားလိုက်ရသောအသံမှာ အမျိုးသမီးတစ်ယောက်အသံ မဟုတ်တော့ပေ။

မကြာမီ နှင်းမှုန်ကြားမှ သဏ္ဍာန်တစ်ခု ပြန်ထွက်လာသည်။

စောစောကတွေ့လိုက်ရသော ကိုးတောင်ကျားကြီးဖြစ်သည်။

သည်တစ်ကြိမ်ပြန်ထွက်လာတော့ ပါးစပ်ထဲမှာ လူတစ်ယောက်ကို ကိုက်ချီထားသည်။ ကျော် ပင်ဖြစ်သည်။

ကျော်မှာ ကျားပါးစပ်ထဲမှာ အသက်ပျောက်နေချေပြီ။

အောင်ဇန်းနှင်သာစိန်တို့က ဒူးလေးနှင့်ချိန်ကာ ပစ်ရန်ပြင်လိုက်သည်နှင့် ကျားက မာန်တစ်ချက်ဖီကာ ကျော့်အလောင်းကို ကိုက်ချီလျက်နှင့်တောထဲသို့ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

မုဆိုးနှစ်ယောက်မှာ ဒူးလေးကိုကိုင်လျက်သားနှင့် ငိုင်ကာကျန်ရစ်ခဲ့ကြလေသည်။

✳✳✳✪✳✳✳





အခန်း (၃)

## ထမန်းကျားနှင့်လျှို့ဝှက်ချက်များ

'ထမ်သီ'ဟူသော ရွာအမည်ကိုကြားရုံနှင့် 'ထမန်းကျား'ဟူသောအမည်နှင့်တွဲကာ လူသိများလေသည်။

ထိုသို့လူသိများရခြင်းမှာလည်း ရှေးအခါက အတိတ်ကြောင်းများရှိခဲ့ဖူးသောကြောင့်ဖြစ်သည်။

တကယ်တော့ ထမ်သီသည် ချင်းတွင်းမြစ်ကမ်း၌ တည်ရှိသောနာမည်ကျော်ရှေးဟောင်းရွာကြီးတစ်ရွာဖြစ်ပေသည်။ လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်ကျော်အချိန်က အိမ်ခြေပေါင်းသုံးရာကျော်ရှိပြီး လူဦးရေပေါင်းသုံးထောင်ကျော်ခန့်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗမာ၊ ရှမ်း၊ ကရင်၊ ရခိုင်၊ မွန်၊ နာဂနှင့် ချင်းလူမျိုးတို့ စုဝေးနေထိုင်ရာစခန်းထောက်ရွာကြီးတစ်ရွာဖြစ်လေသည်။

ထမံသီရွာနေ လူအများစု၏ အသက်မွေးဝမ်းကျောင်းအလုပ်များမှာ တောတောင်များအတွင်းသို့လှည့်လည်သွားလာကာ အမဲလိုက်ခြင်း၊ ဆေးမြစ်ဆေးဥရှာဖွေသောအလုပ်များနှင့် အချို့ကလည်း လယ်ယာစိုက်ခင်းများ၊ တောင်ယာစိုက်ခင်းများဖြင့် အသက်မွေးကြသည်။

ဆန်စပါး၊ လက်ဖက်၊ မုန်ညင်း၊ ကွမ်းသီး၊ လိမ္မော်နှင့် ရာသီထွက်သီးနှံများစွာ ထွက်လေသည်။

အဓိကလုပ်ငန်းကတော့ ဆန်စပါးနှင့် လက်ဖက်စိုက်ခြင်းများပြုလုပ်ကြပြီး တစ်နှစ်လျှင် လက်ဖက်ပိဿာချိန် တစ်သောင်းကျော်နှစ်သောင်းနီးပါး ထွက်ရှိလေသည်။

ဆန်စပါးစိုက်ပျိုးမှုအတွက်လည်း ရေခံမြေခံကောင်းလှသောကြောင့် တစ်ဧကလျှင် စပါးတင်း(၇၀)မှ တင်းတစ်ရာကျော်အထိ အထွက်များသည်။

ထမံသီရွာမှာ စခန်းထောက်ရွာဖြစ်သောကြောင့် လူဝင်လူထွက်များသည်။ စည်ကားသည်။

ရွာမှ အနောက်ဘက်၌ရှိသော လေရှီးမြို့နယ်နှင့် နာဂတောင်တန်းများဘက်သို့သွားသော လမ်းမကြီးရှိလေသည်။ နာဂ





တောင်တန်းအလယ်ပိုင်းရှိ လေရှီးမြို့နယ်သို့ရောက်အောင် ထိုလမ်းမကြီးမှသွားရလေသည်။

ခရီးစဉ်များမှာတော့ ထမံသီရွာမှစထွက်လျှင် ၁၀–မိုင်၊ ရှန်နွေးသမ်ပီကြိုးတံတား၊ ဟန်လိုင်းလားနှင့် ဆွမ်ကိန်း စသည်တို့ကို ကျော်ဖြတ်ပြီးနောက် လေရှီးမြို့အထိ (၃၉)မိုင်ဝေးလေသည်။

ထမံသီရွာကို ရှေးက တမန်းလူမျိုးများ စတင်တည်ထောင်ခဲ့သည်ဟုဆိုရိုးစကားရှိသည်။

ရှေးအခါကတော့ ထမံသီနှင့်ပတ်သက်သော ရှေးဟောင်းမှတ်တမ်းများရှိခဲ့ဖူးသည်။

တောင်ပေါ်နာဂ၊ နောက်အော်ကျေးရွာ၌ လူက ကျားအသွင်ပြောင်းနိုင်သောသူများရှိခဲ့သည်ဟု စာပေများက ရေးသားဖော်ပြခဲ့ကြသည်။

အချို့ကလည်း ထမန်းကျားဆိုသည်မှာ လူစင်စစ်ကနေ ကျားအသွင်ပြောင်းသွားခြင်းမျိုးမဟုတ်ဘဲ လူ၏ပင်ကိုစိတ်ပျောက်၍ ကျားတစ်ကောင်၏ကျားစိတ်ကျားမာန်မျိုးသွင်းကာ သားကောင်ကို လိုက်လံဖမ်းဆီးသည်ဟု အဆိုရှိပေသည်။

၁၉၈၆ ခုနှစ်၊ နိုဝင်ဘာလထုတ် သိဂီနှဒီ မြန်ပြည်မြောက်ဖျားဒုတိယစာမျက်နှာ ၂၃၄ တွင် သမန်းကျားနှင့်ပတ်သက်သော အယူအဆများကို အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့နိုင်ပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ခန့်က ထမ်သီ၌ ထမန်းမျိုးနွယ် အမျိုးသမီးကြီးတစ်ဦး ရှိခဲ့ဖူးသည်။

၎င်း၏အမည်မှာ ဒေါ်မင်းရေး ဟုခေါ်ပြီး ထမ်သီမှာ နောက်ဆုံးကျားဆက်ဖြစ်သည်ဟုပြောကြသည်။

ဒေါ်မင်းရေး ကို ထမ်သီတစ်ရွာလုံးက ကျားမျိုးနွယ်ဟု အသိအမှတ်ပြုခဲ့ကြသည်။

၎င်းမှာ သမန်းကျားအဖြစ်ပြောင်းလဲနိုင်သည်ဟု အဆိုရှိကြသည်။

ထိုနယ်မြေမှာ ဘိုးစဉ်ဘောင်ဆက်ကတည်းက အသိစွဲ အကြားစွဲနှင့် ယုံကြည်စွဲလမ်းမှုများကြောင့် ကျားမျိုးနွယ်လို့ ယုံမှတ်နေကြတဲ့ ဆွေမျိုးနွယ်တွေလည်း ရှိခဲ့ကြသည်။

ထမန်းမျိုးနွယ်က ကျားအသွင်ပြောင်းနိုင်သောကြောင့် 'မန်းကျား'ဟုလည်းခေါ်ကြသော်လည်း အများအားဖြင့်တော့ သမန်းကျားဆိုမှ အသိပိုများလှသည်။

သိဂါနဒီမြန်ပြည်မြောက်ဖျားစာအုပ်၌ သမန်းကျားနှင့်ပတ်သက်၍ ရေးသားဖော်ပြထားမှုများလည်းစိတ်ဝင်စားစရာကောင်းလှသည်။

ကျားနွယ်၊ ကျားဆက်ဖြစ်သည့် ထမန်းတစ်ဦးသည် သမန်းကျားအဖြစ်ပြောင်းလိုက ပြောင်းနိုင်သည်။

ကျားအဖြစ်ပြောင်းလိုက ထိုသူသည် အဖော်တစ်ဦးနှင့် တောထဲသို့သွားရ၏။

တောတွင်းသို့ရောက်သောအခါ ကျားအဖြစ်ပြောင်းမည့်သူက အဝတ်အစားအားလုံးကိုချွတ်ပြီး ပါလာသည့်အဖော်ကိုပေးထားရသည်။

အဖော်ဖြစ်သူက ထိုအဝတ်အစားများကိုယူပြီး သစ်ပင်ပေါ်တက်နေရသည်။ ထိုသို့တက်နေခြင်းမှာ သမန်းကျားဖြစ်လာသူက အန္တရာယ်မပေးနိုင်အောင်ဖြစ်သည်။

ထို့နောက်...

ကျားအဖြစ်ပြောင်းမည့်သူသည် ကျားစိတ်များဝင်လာအောင် လုပ်ပြီး ကျွမ်းသုံးခါထိုး၍ တောထဲသို့ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

ထိုသူသည် တောထဲတွင် ကျားတစ်ကောင်ကဲ့သို့ စွမ်းအားများ၊ သတ္တိများ၊ လျှင်မြန်မှု၊ ဖျတ်လတ်မှု၊ ရက်စက်ကြမ်းကြုတ်မှုများကို သုံး၍ သားကောင်ကိုရှာဖွေကိုက်ဖမ်း၍ သတ်၏။

ထိုသို့ သားကောင်ကိုရပြီးသောအခါ အဖော်ရှိရာ သစ်ပင်အောက်သို့ပြန်လာသည်။ ထိုအခါ သစ်ပင်ပေါ်မှအဖော်က ၎င်း၏ အဝတ်များကို မြင်သာအောင်လှုပ်ယမ်းပြရလေသည်။ ကျားစိတ်

www.burmeseclassic.com



ဝင်နေသူက ၎င်း၏အဝတ်အစားများကိုမြင်သောအခါ တဖြည်းဖြည်းသတိပြန်ဝင်လာပြီး လူ့စိတ်ပြန်ဝင်လာလေတော့သည်။

ထိုအခါမှ အဖော်က အဝတ်အစားများကိုချပေးလိုက်ရသည်။ စိတ်ချရသောအခါမှ အဖော်က သစ်ပင်ပေါ်မှဆင်း၏။ ထို့နောက် သမန်းကျားဘဝနှင့်သတ်ထားသောသားကောင်ကို ရှာဖွေယူခဲ့ကြသည်။

တစ်ခါက ဤနယ်မြေတွင်ပေါ်ပေါက်ခဲ့ဖူးသည့်လူမှ သမန်းကျားအဖြစ် ကူးပြောင်းသည့်ဖြစ်စဉ်တို့ကို မနုဿဗေဒရှင်တို့၏ မနုဿဗေဒသီအိုရီဖြင့် သိပ္ပံနည်းကျကြံဆထားသောအချက်များလည်းရှိပါသည်။

မနုဿဗေဒပညာရှင်တို့က သမန်းကျားဟူသည် ယုံကြည်ချက်မှု တိုတမ်ဝါဒတွင် အကျုံးဝင်သည့်ယုံကြည်တစ်ချက်ရပ်ဖြစ်သည်ဟု ဆိုခဲ့ကြသည်။ ထိုတိုတမ်ဝါဒသည် ယနေ့တိုင် ကမ္ဘာ့နေရာအနှံ့အပြား၌ရှိနေ၊ တွေ့နေရသေးသည်ဟုလည်း၊ မှတ်တမ်းများက ဆိုပါသည်။

အချို့သောသုတေသီတို့ကမူ ထိုသို့တိုတမ်ဝါဒကို ရှေးအကျဆုံးဘာသာရေးအဖြစ် သတ်မှတ်ကြသည်။

သို့ရာတွင် အချို့သုတေသီတို့က ဘာသာရေးဟုမသတ်မှတ်ကြပေ။





ထိုအထဲတွင် မနုဿဗေဒပညာရှင်တစ်ဦးဖြစ်သူ 'ဝီလျံဟောင်းဝဲလ်'အမည်ရှိ ပုဂ္ဂိုလ်ကြီး၏အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ထင်ရှား၏။

တိုတမ်ဝါဒမှာ ဘာသာရေးမဟုတ်ချေ။ သစ်ပင် သို့မဟုတ် တိရစ္ဆာန်တစ်မျိုးမျိုးနှင့်ပတ်သက်သည့် စွဲလမ်းယုံကြည်မှု၊ အလေးထားလေးစားလွန်းမှု၊ သစ်ပင်၊ တိရစ္ဆာန်တို့နှင့် ဆွေမျိုးဆက်နွှယ်နေသည်ထင်သည့် စိတ်ကူးယဉ်တွေးခေါ်မှုများသာဖြစ်သည်။

ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ဥပမာ–ခြသေ့တိုတမ်ဝါဒီများကို ယုံကြည်နေမိသူသည် မိမိတို့သည် ခြသေ့မျိုးနွယ်မှ ဆင်းသက်ပေါက်ဖွားလာသည်ဟု စွဲစွဲလမ်းလမ်းယုံကြည်နေကြသည်။ ခြသေ့များနှင့် မိမိတို့ဆွေမျိုးတော်စပ်သည်ဟု လုံးဝ ယုံကြည်ကြ၏။ ထို့ကြောင့် ခြသေ့များသည် သူတို့အတွက် အန္တရာယ် လုံးဝမရှိ။ သူတို့ကလည်း လုံးဝမကြောက်ရွံ့ကြ။ ထိုသူတို့သည် ခြသေ့တောထဲမှာ ရဲရဲဝံ့ဝံ့စွာသွားလာဝံ့ကြသည်။

ထို့အတူ ...

မိကျောင်းတိုတမ်ဝါဒီများသည် မိကျောင်းပေါများလှသည့် မြစ်ချောင်းများထဲသို့ ရဲရဲဝံ့ဝံ့စွာကူးခတ်သွားလာဝံ့ကြသည်။ မိကျောင်းများသည် သူတို့ကို အန္တရာယ်မပြုနိုင်ဟု ယုံကြည်ကြလေသည်။

ထို့အပြင် ...

ဝက်ဝံတိုတမ်ဝါဒီများသည် ဝက်ဝံများကို မကြောက်ရွံ့ကြ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်စဉ် ပွဲတော်ရက်များအတွက် အထူးသီးသန့်မွေးမြူထားသည့် ဝက်ဝံကိုသတ်၍ အသားကို အနည်းငယ်စီဝေငှ၍ စားသောက်လေ့ရှိကြသည်။

ထို တိုတမ်ဝါဒအမျိုးအစားကို မနုသဗေဒပညာရှင်တို့က သုံးမျိုးသုံးစား ခွဲခြားထားပြန်၏။

ကျေးရွာတစ်ရွာလုံးတွင် ဆွေမျိုးအုပ်စုတစ်စုကသာ လက်ခံယုံကြည်ထားသည့် ဆွေမျိုးစုတိုတမ်၊ တစ်ရွာလုံးတွင် တစ်ဦးကသာ ယုံကြည်ထားသည့် ပုဂ္ဂလိကတိုတမ်၊ ကျား၊ မအုပ်စုအလိုက် လက်ခံယုံကြည်ကြသည့် လိင်အလိုက်သက်ဆိုင်သည့်တိုတမ်ဟူ၍ ဖြစ်သည်။

မနုသဗေဒပညာရှင်တို့၏အလိုအရ ဤချင်းတွင်းနာဂနယ်မြေ၌ ပေါ်ပေါက်ခဲ့သည့် သမန်းကျားအယူအဆသည် ဆွေမျိုးအုပ်စုတစ်ခုနှင့်သာ သက်ဆိုင်သည့်ဆွေမျိုးစု တိုတမ်သာဖြစ်သည်။

စိတ္တဗေဒပညာအရ ဤသမန်းကျားစိတ်သည် ဟစ်စတီးယား(ခေါ်)စိတ်ကျိုးကျိုးကြွကြွဖြစ်မှုဟု ဆိုသည်။

အကြောင်းမူကား သမန်းကျားအဖြစ် ပြောင်းလဲနိုင်သည်ဟု မိမိကိုယ်ကို စွဲလမ်းယုံကြည်နေသူသည် သားကောင်များကို ကျားစိတ်သွင်း၍ နိုင်အောင်တိုက်ခိုက်သတ်ပုတ်နိုင်သည်။ ရက်စက်စွာ စားဝံ့သည်။ ကျားစိတ်ဝင်အောင် အထင်အမြင်စိတ်ဖြင့် ယုံကြည်၍





လူ့ညီစားပြောင်းလဲပစ်နိုင်သောကြောင့်ဖြစ်သည်။

ထို့ကြောင့် မိမိတို့၏ နာကြည်းချက်၊ ခံစားချက်နှင့် ကလဲ့စားချေလိုချက်တို့ကို စုစည်းကာ သမန်းကျားစိတ်ဝင်၍ လက်စားချေတုံ့ပြန်ခြင်းလည်းဖြစ်သည်ဟု စိတ္တဗေဒပညာဖြင့် ကောက်ချက်ဆွဲကြခြင်းဖြစ်သည်။

အထက်ချင်းတွင်း၌ ခရိုင်ဝန်ဖြစ်ခဲ့သူ 'မစ္စတာဂရန့်ဘရောင်း' သည် ၁၉၀၈ ခုနှစ်တွင် စာအုပ်ရေးသားထုတ်ဝေခဲ့ဖူး၏။

သူ၏စာအုပ်ထဲတွင် ထမန်းလူမျိုးတို့သည် လူစင်စစ်မှ ကျားအဖြစ်သို့ပြောင်းနိုင်ပြီး မိမိပိုင်ပစ္စည်းတို့ကို ခိုးယူသူတို့အား ဒုက္ခပေး လက်စားချေလေ့ရှိသည်ဟု ရေးသားဖော်ပြထားသည်ဟု ဆိုသည်။

"လွန်ခဲ့တဲ့နှစ်ပေါင်း(၅၀)ကျော်လောက်က ထမံသီမှာ အမျိုးသမီးကြီးတစ်ဦးရှိခဲ့ဖူးတယ်၊ ထမန်းအမျိုးသမီးကြီးပေါ့။ ထမံသီမှာတော့ နောက်ဆုံးကျားဆက်လို့ပြောတယ်၊ အမည်က ဒေါ်မင်းရေးလို့ခေါ်တယ်။ အဲဒီ ဒေါ်မင်းရေးကို ထမံသီတစ်ရွာလုံးက ကျားမျိုးနွယ်လို့ အသိအမှတ်ပြုခဲ့ကြတယ်။ သူက သမန်းကျားအဖြစ် ပြောင်းနိုင်တယ်လို့ပြောကြပါတယ်"

ဟု 'သိင်္ဂီနဒီမြစ်ပြည်မြောက်ဖျားစာအုပ်'၌ ရေးသားဖော်ပြထားပေသည်။

မည်သို့ပင်ရှိစေ သမန်းကျားကိုအကြောင်းပြု၍ ချင်းတွင်းမြစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြောမှာတော့ ထမံသီသည် နာမည်ကျော်ကြားလူသိများခဲ့ပေသည်။

ထမံသီရွာသည် ရှေးအစဉ်အဆက်ကတည်းက အေးချမ်းသာယာသောရွာကြီးတစ်ရွာဖြစ်ခဲ့သော်လည်း ယခုတစ်လောမှာတော့ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာသတင်းတစ်ခုကြောင့် တစ်ရွာလုံး လှုပ်လှုပ်ရှားရှားဖြစ်နေကြသည်။

ထိုသတင်းမှာ အခြားမဟုတ်ပေ။

တောင်ပေါ်တွင်သော်လည်းကောင်း၊ တောထဲမှာသော်လည်းကောင်း၊ လှပသောမိန်းကလေးတစ်ယောက်နှင့် တွေ့ပြီးသူတိုင်း ကျားဆွဲခံရ၍သေသည်ဆိုသောသတင်းဖြစ်သည်။

ထူးဆန်းသောအချက်မှာလည်း သာမန် ဆေးမြစ်ဆေးဥ ရှာသောလူများကိုတော့ ကျားက အန္တရာယ်ပေးလေ့မရှိဘဲ အမဲလိုက်သူများနှင့် ထိုမိန်းကလေးကို အနှောင့်အယှက်ပေးရန်ကြံသူတိုင်း ထိုသို့အန္တရာယ်ဆိုးများနှင့် ကြုံတွေ့ရခြင်းဖြစ်သည်။

ထို့ကြောင့် ရွာလူကြီး-ဦးထန်ဖုန်းရှိန်က တောင်ပေါ်တက်သူများကိုခေါ်ပြီး အကျိုးအကြောင်းမေးရလေသည်။

"ဟုတ်တယ် ဆလိုင်း၊ အရင်က ကျုပ်တို့ရွာမှာ ရှိခဲ့ဖူးတယ်ဆိုတဲ့ သမန်းကျားဆိုတာ အခု စာရာမေတိတောင်တစ်ကြောမှာ တကယ်ရှိနေတာဗျ"





"မိန်းကလေးတစ်ယောက်ကိုတွေ့လိုက်ပြီးရင် သူ တောထဲပြန်ဝင်သွားလို့ မကြာပါဘူး တောထဲက ကျားတစ်ကောင်ထွက်လာတော့တာပါပဲ"

"ဒါပေမယ့် တစ်ခုတော့ဆန်းတယ်၊ ဆေးမြစ်ဆေးဥရှာတဲ့လူတွေဆိုရင် အနှောင့်အယှက်မပေးဘူး။ တိရစ္ဆာန်တွေကို လိုက်လံသတ်ဖြတ်တဲ့လူတွေ၊ အဲဒီမိန်းကလေးကို နှောင့်ယှက်ဖို့ကြံတဲ့လူတွေကတော့ ကျားစာမိတော့တာပဲ"

"တစ်လောက ငကျော်တို့သုံးယောက် တောင်ပေါ်တက်သွားတာ ညဘက်ကြီး အဲဒီမိန်းကလေးကိုတွေ့တာနဲ့ ငကျော် ကျားဆွဲခံရတော့တာပဲ။ အောင်ဗန်းနဲ့သာစိန်တောင် မျက်မြင်တွေ့ကြတာပဲ၊ သူတို့ကိုမေးကြည့်ပါလား ဆလိုင်း"

ဟု တစ်ယောက်တစ်မျိုး မိမိတို့စိတ်အထင်ရှိသမျှကို ပြောပြကြလေသည်။

ထို့ကြောင့် ရွာလူကြီးဦးထန်ဖုန်းရှိန်က အောင်ဗန်းနှင့်သာစိန်ကို အဖြစ်အကြောင်းစုံကို မေးကြည့်ရလေသည်။

အောင်ဗန်းက အကြောင်းစုံပြောပြသည်။

"အဲဒီညက ကျုပ်တို့သုံးယောက် ကတိုးလိုက်ကြမယ်ဆိုပြီး စာရာမေတိတောင်ကြောပေါ်ကို တက်သွားကြတယ် ဆလိုင်း"

"အင်း…၊ ဆက်ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ညဘက်ရောက်တော့ ဝါးရုံတောထဲက မိန်းကလေး တစ်ယောက်ထွက်လာတယ်"

"ဟင်..."

ထိုစကားကိုကြားရသူအားလုံးကတော့ တောခြောက်တာဟု ပြောသူကပြော၊ တစ္ဆေခြောက်တာဟု ဆိုသူကဆို၊ နာနာဘာဝတွေ ဖန်ဆင်းပြတာဟု ထင်သူကထင်နှင့် လုပ်ဖော်ကိုင်ဖက်မုဆိုးအချင်းချင်းကပင်လျှင် ...

"ဒါ ဂမုန်းသူယောင်မယ်တွေက လှည့်စားတာ"

ဟု မှတ်ချက်ချသေးသည်။

"အဲဒီလိုလဲမြင်ရော ကျော်က ဝါးတောထဲကိုဝင်လိုက်သွားတယ်၊ မကြာပါဘူး ကျားကိုက်ခံရလို့ သေတာပါပဲ"

"မိန်းကလေးကရော ဘယ်ရောက်သွားသလဲ"

"သူက ဝါးတောထဲဝင်ပြေးသွားတာ တွေ့လိုက်တာပဲ ဆလိုင်း"

ဦးထန်ဖုန်းရှိန်က အငွေ့သေလုနေသောဆေးတံရှည်ထဲသို့ ဆေးတစ်အိုးထပ်ဖြည့်၍ မီးညှိသည်။ အရှိန်ရသည်အထိ တစ်ဖွာနှစ်ဖွာ ဖွာပြီးတော့မှ စကားဆက်သည်။

"ငါ့အထင်ပြောရရင်တော့ ဒါဟာ တို့မသိနိုင်တဲ့ လျှို့ဝှက်ချက်တစ်ခုဖြစ်မယ်၊ မင်းတို့ထင်သလို တောခြောက်တာတို့ နာနာဘာဝတို့ဆိုတာ ဖြစ်ချင်မှလဲဖြစ်မယ်၊ ဒါပေမယ့် အဖြေတစ်ခုမသိရသေးခင်





မှာ တောင်ပေါ်သွားရင် တစ်ယောက်တည်း၊ နှစ်ယောက်တည်း အရဲစွန့်ပြီး မသွားကြနဲ့ သတိဝီရိယထားပြီးသွားကြ၊ အဲဒါကို မှာချင်လို့ မင်းတို့ကို ခေါ်ရတာ"

"စိတ်ချပါ ဆလိုင်း"

"တော်ကြာ ဒီအကြောင်းတွေကို ပုလိပ်တွေသိသွားရင်လဲ မကောင်းဘူး။ အမှုလာပတ်နေမယ်၊ ဒီသတင်းကို မပေါက်ကြားစေနဲ့၊ အားလုံး ကြားရဲ့လား"

"ကြားပါတယ် ဆလိုင်း"

"ကိုင်း ... ဒါဖြင့် ပြန်ကြပေတော့"

ရွာသူရွာသားများပြန်သွားသောအခါ ဦးထန်ဖုန်းရှိန်သည် ဆေးတံကိုဖွာရင်း စိတ်မောလူမောနှင့်ကွပ်ပျစ်ပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

ခဏကြာတော့ အိမ်ထဲမှ သမီးဖြစ်သူ စောသီရိ ထွက်လာသည်။ သူမလက်ထဲမှာ လက်ဖက်ရည်ဇွန်း ပါလာသည်။ လက်ဖက်ရွက်နခြောက်ကလေးများကို မီးဖြင့်လှော်ထားသောကြောင့် လက်ဖက်ရနံ့က သင်းသင်းလေးထွက်နေလေသည်။

"အဖေ ဖခါးရည် ရပြီ"

"အေး အေး၊ ချထားခဲ့ သမီး"

စောသီရိက လက်ဖက်ရည်ဇွန်းကိုချပြီး ပြန်ထွက်သွားသေး



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ဖခင်ဖြစ်သူအနီးတွင် ဝင်ထိုင်လေသည်။

"အဖေ စောစောက ရွာသူရွာသားတွေကိုခေါ်ပြီး ဘာပြောတာလဲဟင်"

ဦးထန်ဖုန်းရှိန်က ဆေးတံကိုချပြီး လက်ဖက်ရည်တစ်ပန်းကန်ငုံ့ထည့်ရင်း အကြောင်းစုံပြောပြလိုက်သည်။

"ဟင်... ဒါဖြင့် သမန်းကျားဆိုတာ ပြန်ပေါ်နေတာပေါ့နော်"

"ဒီလိုလဲ အတပ်မပြောနိုင်သေးဘူး သမီး။ ဒါပေမယ့် တောင်ပေါ်မှာ အမျိုးသမီးတစ်ယောက် တွေ့တွေ့နေရတယ်ဆိုတာက တော့ အတော်ဆန်းကြယ်တယ်"

"နာနာဘာဝတွေက လူယောင်ဆောင်တယ်ဆိုတာရော မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တာဘဲ"

"ဟို... ဟို ဂမုန်းသူယောင်တွေ ဘာတွေကရော ညဘက်မှာ လူယောင်ဆောင်လာတာမဖြစ်နိုင်ဘူးလား"

"ဒါလဲဖြစ်နိုင်တာပဲ"

"နောက်ပြီး ...'

"တော်ပါတော့ သမီးရယ်၊ သမီးထင်တာတွေအားလုံး ဖြစ်နိုင်တာပဲ။ အဲ ... မဖြစ်နိုင်တာတစ်ခုကတော့ အဲဒီ သမီး စိတ်ကူးနေတာနဲ့ လက်တွေ့ဖြစ်နေတာတွေ တူ့မတူဆိုတာပဲ"





"အို... အဖေကလဲ ..."

ဟုပြောကာ စောသီရိက ဖခင်ဖြစ်သူအနားမှ ထသွားလေတော့သည်။

ဦးထန်ဖုန်းရှိန်က လက်ဖက်ရည်ကြမ်းခွက်ကို ကောက်ယူ၍ တစ်ကျိုက်သောက်ရင်း သဘောကျစွာပြုံးနေလေတော့သည်။

***✪***



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄)

## အန္တရာယ်နိမိတ်ဆိုးနှင့် ကြုံတွေ့ရခြင်း

ထမံသီရွာသည် ချင်းတွင်းမြစ်ကမ်းပါး၌တည်ရှိပြီး သွားရေးလာရေး လွယ်ကူသည်က တစ်ကြောင်း။

စခန်းထောက်ရွာဖြစ်သည်နှင့်အညီ အရောင်းအဝယ်သမားကုန်သည်ပွဲစားတို့ အဝင်အထွက်များသောနေရာလည်း ဖြစ်၏။ ဝိုမှလင်း၊ မောင်းခမ်းဘက်မှဆန်တက်လာသော ကုန်သည်များရှိသလို ခန္တီး၊ ကောင်းဟိန်းဘက်မှ ချင်းတွင်းမြစ်ကြောင်းအတိုင်း စုန်ဆင်းလာကြသည်လည်းရှိ၏။

အိန္ဒိယဘက်မှဝင်လာသူများက လေရှီးအနောက်ဘက်နယ်စပ်ဒေသများကိုဖြတ်ကျော်ဝင်ရောက်လာသည်ရှိသလို အရှေ့ပိုင်းမှ





ဖြတ်ကျော်ဝင်ရောက်သော တရုတ်ကုန်သည်များလည်းရှိကြလေသည်။

ရှေးအခါက ၎င်းတို့အလိုရှိသောကုန်ပစ္စည်းများအား ယခုကဲ့သို့နယ်များ၊ ရွာများအထိ ကိုယ်တိုင်ကိုယ်ကျ လိုက်လံဝယ်ယူစရာမလို၊ ဘဲ ဒေသခံများမှတစ်ဆင့် လာရောက်ရောင်းချသောပစ္စည်းများကို မိမိတို့ကြိုက်ဈေးပေး၍ ဝယ်ယူနိုင်ကြလေသည်။

ယခုတော့ ကုန်ပစ္စည်းများရှားပါးလာသည်က တစ်ကြောင်း၊

ကုန်ပစ္စည်းဝယ်ယူသော ကုန်သည်ပွဲစားများကလည်း များပြားလာသောကြောင့် အလိုရှိသောကုန်ပစ္စည်းများကို ယခင်ကကဲ့သို့အလွယ်တကူမရနိုင်သောကြောင့် နယ်များအထိဆင်း၍ ဝယ်ယူကြရသည်။

ထိုသို့ဝယ်ယူရမှာလည်း ဩဇာပါဝါရှိသောနယ်ခံများနှင့် အပေါင်းအသင်းမိတ်ဆွေဖွဲ့ထားကြရသည်။

အချို့ကျေးရွာများတွင် ရွာလူကြီးက တစ်ခွန်းပြောလိုက်လျှင်အားလုံး ပြီးတတ်ကြပေရာ ရွာလူကြီးတစ်ယောက်ကို အပေါင်းအသင်းမိတ်ဆွေဖွဲ့ထားရုံနှင့် တစ်ရွာလုံးမှာရှိသော ကုန်ပစ္စည်းများကိုအလွယ်တကူရရှိကြပေသည်။

ထမံသီရွာသို့ ကုန်သည်အဖွဲ့များ၊ ပစ္စည်းဝယ်ယူသူများ အမျိုးအပြား လာရောက်လာကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမ်းသီရွာမှာ စခန်းထောက်ရွာကြီးတစ်ရွာဖြစ်သောကြောင့် အလိုရှိသောပစ္စည်းများကို ဝယ်ယူရရှိနိုင်သောကြောင့် တစ်ဖွဲ့ပြီး တစ်ဖွဲ့ လာရောက်လေ့ရှိကြသည်။

ယခုလည်း ဦးဘဇော် ခေါင်းဆောင်သော အဖွဲ့တစ်ဖွဲ့ ထမ်းသီရွာသို့ ရောက်လာကြသည်။

၎င်းတို့သည် ဟုမ္မလင်းဘက်မှဆန်တက်လာကြခြင်းဖြစ်ပြီး ရွာသို့ရောက်သည်နှင့် ရွာလူကြီးဦးထန်ဖုန်းရှိန်အိမ်ရှိရာသို့ သွားကြလေသည်။

၎င်းတို့အဖွဲ့မှာ အသက်လေးဆယ်ကျော် ငါးဆယ်အရွယ်ခန့် နှစ်ဦးနှင့် အသက်သုံးဆယ်ကျော်အရွယ် နှစ်ဦးတို့ လိုက်လာကြလေသည်။

ဦးထန်ဖုန်းရှိန်နေအိမ်မှာ ရွာလယ်ပိုင်းတွင်ရှိလေသည်။ ဦးဘဇော် နှင့်ဦးထန်ဖုန်းရှိန်တို့မှာ ယခင်နှစ်များကတည်းက အသိအကျွမ်း ဖြစ်နေကြသူများဖြစ်သည်။

ကံအားလျော်စွာ ၎င်းတို့ရောက်သွားသောအချိန်တွင် အခြားကုန်သည်များ မရောက်ကြသေးပေ။

၎င်းတို့ကိုမြင်တော့ ဦးထန်ဖုန်းရှိန်က အိမ်အောက်မှထွက်လာပြီး ဆီးကြိုလေသည်။

"ဟာ ဦးဘဇော်တို့ပါလား။ လာကြဗျာ"





"ဦးထန်ဖုန်းရှိန်ရော ကျန်းမာရေးကောင်းရဲ့လား"

"ကောင်းပါတယ်ဗျာ၊ ရပ်ရွာအလုပ်တွေ လုပ်ရင်းနဲ့ ကျန်းမာရေးက ကောင်းနေတော့တာပါပဲ"

ဦးထန်ဖုန်းရှိန်၏အိမ်မှာ တစ်ထပ်နှစ်ဆောင်ပြိုင်အိမ်ဖြစ်လေသည်။ တစ်ဆောင်က မိသားစုများနေပြီး ကျန်တစ်ဆောင်က ဧည့်သည်များရောက်လာလျှင် တည်းခိုနိုင်ရန် စီစဉ်ပေးထားခြင်း ဖြစ်သည်။

ထိုဧည့်ခန်းဆောင်ထဲမှာပင် ဦးထန်ဖုန်းရှိန် အမဲလိုက်ရာတွင် အသုံးပြုသော ဒူးလေး၊ မြားဘူး၊ ဓား၊ လှံ စသည်တို့အပြင် ၎င်းကိုယ်တိုင် ပစ်ခတ်ဖမ်းဆီးခဲ့သော ကျား၊ ကျားသစ်၊ ဝက်ဝံ၊ ဆတ်၊ သမင် အစရှိသောသတ္တဝါတို့၏ဦးခေါင်းများ၊ သားရေချပ်များ၊ ဦးချိုများ၊ အစွယ်များနှင့် အချို့သားရေများကို အကောက်လိုက်ခွာယူထားပြီး အတွင်းမှာ လဲမှိုနှင့် ကောက်ရိုးခြောက်များထည့်သွင်းထားသောကြောင့် ရုပ်လုံးပုံစံမပျက်ရှိနေလေသည်။

ထိုအထဲမှာ ကိုးတောင်ကျားတစ်ကောင်၏ဦးခေါင်းကို ပုံစံမပျက်ထားပြီး သားရေချပ်ကိုကားကျက်ထားကာ နံရံမှာချိတ်ဆွဲထားလေသည်။

ကျား၏ဦးခေါင်းမှာ အသက်ဝင်နေဟန်ရှိပြီး ကြည့်လိုက်လျှင် သက်ရှိကျားတစ်ကောင်ကဲ့သို့ ကြောက်စရာအသွင်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးထန်ဖုန်းရှိန်ကတော့ ရပ်ဝေးမှ ဧည့်သည်များရောက်လာသောအခါ ထိုအခန်းသို့ လိုက်လံပို့ဆောင်ပေးရင်း ဂုဏ်ယူဝင့်ကြွားလေ့ရှိသည်။

"ဟား... ဦးထန်ဖုန်းရှိန်၊ ကျုပ်တို့ မနှစ်ကလာတာနဲ့တောင် မတူတော့ပါလား။ အခန်းထဲမှာ နောက်ထပ် အစွယ်တွေ၊ ဦးချိုတွေ သားရေချပ်တွေ၊ ဦးခေါင်းတွေ ရောက်နေတာ မနည်းတော့ပါလား"

"ဟုတ်တယ်ဗျ၊ ကျုပ်က အသက်အရွယ်ရလာတယ်ဆိုပေမယ့် တောတောင်ထဲမသွားရရင် သိပ်မနေနိုင်ဘူးဗျ။ တောတက်ရင်လဲ သားကောင်၊ တောကောင်မှမရရင် သိပ်ပြီးကျေနပ်တာမဟုတ်ဘူးဗျ ဒါကြောင့် အခုလောက်များနေတာပေါ့ဗျာ"

ဟု ပြောကာ ဆေးတံကို တစ်ဖွာနှစ်ဖွာ ဖွာရင်း တပြုံးပြုံးဖြစ်နေလေသည်။

"အင်း... ဦးထန်ဖုန်းရှိန်က အသက်အရွယ်ကြီးတယ်သာဆိုပေမယ့် လက်စွမ်းက မကျသေးတော့ တောထဲဝင်တိုင်း တောကောင်တွေရလာတာဖြစ်မှာပေါ့။ ဒီလောက်အကောင်ကြီးတဲ့ ကျားတစ်ကောင်ကို သေနတ်နဲ့နိုင်အောင်တိုက်ပါဆိုရင်တောင် မလွယ်ဘူး"

ကုန်သည်အဖွဲ့မှာပါလာသော ဦးကျင်စွမ်ဆိုသော တရုတ်ကပြားတစ်ဦးက လေသံဝဲဝဲဖြင့် ခပ်မြှောက်မြှောက်ကလေး ဝင်ရောက်ပြောဆိုလိုက်ရာ ဦးထန်ဖုန်းရှိန်မှာ သဘောကျမဆုံးအောင်ဖြစ်နေတော့သည်။





"ကဲ အချင်းချင်းတွေ ဒီလောက်မြှောက်မနေကြပါနဲ့ဗျာ၊ ဒီကနေ့ ...ထဲက ဆတ်သားကောင်းကောင်းချက်ပြီး အရက်ကောင်းကောင်း ...နဲ့ ဧည့်ခံပါ့မယ်ဗျာ"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဦးထန်ဖုန်းရှိန်အတွက် ကျုပ်တို့ တကူး ...ကယူလာခဲ့တဲ့လက်ဆောင်တွေကိုလဲ လက်ခံပါဦးဗျာ။ ဟောဒါက ...င်ကွန်းတံဆိပ် ဆေးတံသောက်ဆေးဘူးပါ၊ ဒါကတော့ နိုင်ငံခြား ...အရက်တွေပါ၊ ဒါကတော့ နိုင်ငံခြားဖြစ်ဆေးဝါးတွေ၊ အဝတ် ...ထည်တွေနဲ့ အသုံးအဆောင်တွေပါ"

ဟု ပြောဆိုကာ အိတ်တစ်လုံးဖြင့် ထည့်ယူလာသောပစ္စည်းများ ... တစ်ခုချင်းထုတ်ပေးလေသည်။

"များလှချည်လား ဦးဘဇော်ရယ်၊ ကိုယ့်မိတ်ဆွေတွေပဲ ဒီ ...ာက်များတဲ့လက်ဆောင်ပစ္စည်းတွေ မလိုပါဘူးဗျာ။ ကျုပ်ဘက် ... အကူအညီပေးနိုင်တဲ့ကိစ္စတွေဆိုရင် အကူအညီပေးမှာပေါ့။ ဒါ ...က် ဒီနှစ်ရော မနှစ်ကဝယ်တဲ့ပစ္စည်းမျိုးတွေပဲဝယ်မှာမဟုတ်လား"

နှစ်စဉ် ဦးဘဇော်တို့ ဦးစားပေးဝယ်ယူသောပစ္စည်းများမှာ ကတိုး ...ခ ခန်းတောက်မြစ်၊ မချစ်ဥ၊ ရှုံးပဒီး အစရှိသော ဒေသထွက်ကုန်များ ...ဖြင့် အဖိုးတန်သစ်ခွပန်းများတွေ့လျှင်လည်း ဈေးပေါပေါနှင့်ဝယ် ...သွားလေ့ရှိသည်။

"ဒီနှစ်တော့ တခြားပစ္စည်းတွေထက် ကတိုးဆီနဲ့ ကတိုးမွှေး



www.burmeseclassic.com

www.burmeseclassic.com



များများဝယ်ချင်တယ်ဗျာ"

ဟု ဦးဘဇော်က ပစ္စည်းများကို ဦးထန်ဖုန်းရှိန်ဘက်သို့တွန်း ပေးရင်း ၎င်း၏ဆန္ဒကို ပြောလိုက်လေသည်။ ဦးထန်ဖုန်းရှိန်က ဆေး တံကိုဖွာလိုက်ရင်း ...

"အင်း ...၊ ဒီဘက်နှစ်ပိုင်းတွေမှာ ကတိုးက အတော့်ကိုရှားသွား ပြီ၊ သုံးနှလေးလနေလို့တောင် ကတိုးတစ်ကောင်ရဖို့ အတော့်ထို ခဲယဉ်းနေတယ်ဗျ"

ဟု ညည်းညည်းညူညူပြောသည်။

"ကျုပ်တို့ကလဲ အဲဒါကိုပဲ ဦးထန်ဖုန်းရှိန်နဲ့တိုင်ပင်ချင်လို့ ဆေး ဈေးလာကြတာပ"

"ဘာများပါလိမ့်"

"အခုတစ်ပတ် ကျုပ်တို့ဆီမှာ အမဲပစ်သေနတ်တွေပါလာတယ် ဗျ၊ အဲဒါ တောင်ပေါ်ကို ကိုယ်တိုင်တက်ပြီး ကတိုးပစ်မလားလို့ စိတ် ကူးလာကြတာ၊ အဲဒါ ဦးထန်ဖုန်းရှိန်က ကျုပ်တို့ကို နည်းနည်း လောက် အကူအညီပေးပါ"

"ကျုပ်က ဘယ်လိုအကူအညီမျိုးပေးရမှာလဲဗျ"

"တခြားတော့မဟုတ်ပါဘူး၊ ကျုပ်တို့ကို နယ်မြေဒေသကျွမ်း ကျင်တဲ့ လမ်းပြကောင်းကောင်းတစ်ယောက် ရှာပေးဖို့ပါပဲ"

ထိုစကားကြားသောအခါ ဦးထန်ဖုန်းရှိန်က သက်ပြင်းတစ်ချက်





ချလိုက်လေသည်။

ထို့နောက် ဆေးတံကိုမီးညှိ၍ တစ်ဖွာ၊ နှစ်ဖွာ ဖွာကာ အတန် ကြာအောင်စဉ်းစားနေပြီးမှ...

"အမှန်အတိုင်းပြောရရင်တော့ အခုတစ်လော လမ်းပြရှာဖို့ တောင် အတော်ခက်နေတယ်"

ဟု ပြောလိုက်သည်။

"ဘာဖြစ်လို့လဲဗျ"

"ဒီလိုဗျ၊ အခုတစ်လော တောင်ပေါ်မှာ လူလိုလို၊ ကျားလိုလို ပေါ်နေတယ်၊ ဒီရွာကတောင် တစ်လောက တစ်ယောက်ပါသွားသေး တယ်"

"သမန်းကျား ဆိုတာလား"

"ဒီလိုတော့ အတပ်မပြောနိုင်ဘူး၊ ဆန်းကြယ်တာတော့ အမှန် ပဲ"

"ဘာပဲဖြစ်ဖြစ်ဗျာ ကျုပ်တို့ကို လမ်းပြပေးမယ့် လူတစ်ယောက် သာရှာပေးပါ၊ ဒီမှာ သေနတ်တွေပါတာပဲ၊ သေနတ်နဲ့တွေ့ရင် ဘယ်လို သတ္တဝါမှ မခံနိုင်ပါဘူး"

"အင်းလေ၊ ခင်ဗျားတို့ဆန္ဒရှိရင်လဲ ရအောင်ရှာပေးပါ့မယ်၊ ဒီရွာ မှာတော့ နီမောင် ဆိုတဲ့ လူငယ်လေးတစ်ယောက်ရှိတယ်၊ အခုတော့ တောင်ပေါ်တက်သွားတယ်၊ သူကတော့ တောင်ပေါ်မှာနေတော



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာပါ အတော်ကျွမ်းကျင်တယ်”

“ကောင်းပြီ သူပြန်လာရင်တော့ ကျုပ်တို့ကို ရအောင်ပြော[ပေး]ပါ၊ ဦးထန်ဖုန်းရှိန်ရဲ့ကျေးဇူးကို မမေ့ပါဘူး”

“ရပါတယ်၊ အချင်းချင်းတွေပဲ ဒီလိုပဲ ကူညီရမှာပေါ့”

ထိုနေ့ည ကုန်သည်အဖွဲ့အား အနောက်ဘက်အဆောင်တွင် နေရာချပေးလိုက်သည်။

ထိုညက ကုန်သည်အဖွဲ့သည် ဦးတန်ဖုန်းရှိန် စီစဉ်ပေးသော ဆိတ်သားဟင်းနှင့် ၎င်းတို့ပါလာသောအရက်ကို တဝစားသောက်ပြီး အိပ်ကြလေရာ ညဦးနက်ပိုင်းရောက်ခါမှ သက်ဦးဆိုသောသူ အပေါ့အပါးသွားရန် အပြင်သို့ထွက်လာသည်။

သူ့လက်ထဲမှာ ဓာတ်မီးတစ်လက်ပါသည်။

အရက်ရှိန်မပြေသေးသော သက်ဦးသည် အနောက်ဘက်အဆောင်စပ်အနီးတွင် ဆောက်ထားသော အိမ်သာအနီးသို့ရောက်သောအခါ နီရဲနေသော အရာဝတ္ထုနှစ်ခုကို မြင်လိုက်ရသဖြင့် ရုပ်ကာ လက်မှ ဓာတ်မီးနှင့်လှမ်းထိုးကြည့်လိုက်သည်။

“ဟာ ...”

သက်ဦး အလန့်တကြားဖြစ်သွားသည်။

သူ မြင်လိုက်ရသောအရာမှာ အခြားမဟုတ်ပေ။

အိမ်သာဘေးရှိ ချုံတစ်ချုံအတွင်းမှ ခေါင်းပြူထွက်လာသော





ကျားတစ်ကောင်၏ဦးခေါင်းပိုင်းကြီးကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

မီးရောင်အောက်မှာ ခေါင်းထိုးထွက်သော တောကောင်ကြီးက ဟဲခနဲ ပါးစပ်ကို တစ်ချက်ဖြဲပြလိုက်ပြီး ချုံထဲကို ပြန်ဝင်သွားတော့မှ သက်ဦးလည်း ကြောက်လန့်တကြားနှင့် အိမ်ပေါ်ပြန်တက်လာခဲ့သည်။ အိမ်ပေါ်ရောက်တော့ မိမိနံဘေးမှာအိပ်နေသော ပရစ်ဆိုသူကိုနိုးပြီး အကျိုးအကြောင်း ပြောပြသည်။

“ပရစ် ထစမ်းပါဦးဟ၊ ငါ အိမ်သာသွားတော့ ချုံထဲမှာ ကျားတစ်ကောင်တွေ့ခဲ့ရတယ်ဟ”

ပရစ်က အိပ်ချင်မူးတူးလေသံဖြင့်...

“မဖြစ်နိုင်တာကွာ၊ ရွာထဲကို ဘယ်ကကျားဝင်ရမှာလဲ၊ မင်း အရက်မူးပြီး ထင်မိထင်ရာ မြင်မိမြင်ရာတွေမြင်နေတာဖြစ်ပါလိမ့်မယ်၊ အိပ်ရေးပျက်ပါတယ်၊ အိပ်မှာသာအိပ်စမ်းပါ”

ဟုပြောကာ ပြန်အိပ်သွားလေသည်။

သက်ဦးလည်း ဆက်မပြောတော့ဘဲ ပရစ်ဘေးတွင် ဝင်အိပ်လိုက်ရသည်။

သို့သော်...

သူ့မျက်စိထဲမှာတော့ မီးရောင်အောက်မှာတွေ့လိုက်ရသော တောကောင်ကြီး၏ပုံရိပ်က မျက်လုံးထဲမှာ စွဲထင်နေလျက်ရှိရာမှ



www.burmeseclassic.com

www.burmeseclassic.com



အတော်ကြာသော် မှေးခနဲအိပ်ပျော်သွားလေတော့သည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိပေ၊ နားထဲမှာ တစ်စုံတစ်ရာအသံကြောင့် လန့်နိုးလာလေသည်။

"ဝုန်း"

အလန့်တကြားပေါ်ထွက်လာသောအသံကြောင့် အိပ်မောကျနေသူများ လန့်နိုးလာကြသည်။

ထူးထူးခြားခြား ကြားလိုက်ရသောအသံကြောင့် တစ်ဖက်အိမ်မှာအိပ်နေသော ဦးထန်ဖုန်းရှိန်ပင် ကပျာကယာထ,လာသည်။

"ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ"

သူတို့မြင်ရသောမြင်ကွင်းက အံ့သြဖွယ်ရာ၊ ရှစ်ရုံမက ထိတ်လန့်စရာလည်းကောင်းလှသည်။ မူလပုံစံမပျက် အဆာသွတ်လျက် နံရံတွင် အလှချိတ်ထားသောကျားရုပ်ကြီးက ချိတ်မှပြုတ်ကျလာပြီး အိပ်ပျော်နေသော သောင်းထိုက်ဆိုသူအပေါ်သို့ တည့်တည့်ကြီး ကျနေရာ ရုတ်တရက်ကြည့်လျှင် သက်ရှိကျားတစ်ကောင်က ခုန်အုပ်ကာ ကိုက်သတ်နေသည်နှင့်တူနေတော့သည်။

"သောင်းထိုက် ... သောင်းထိုက်"

သောင်းထိုက် ဆိုသူမှာ ကျားခေါင်းနှင့် သူ၏ဦးခေါင်း ဆောင့်မိသွားသောကြောင့် သတိလစ်နေတော့သည်။

"လုပ်ကြပါဦးဟ ဒီမှာ သတိမရတော့ဘူး"





ဦးထန်ဖုန်းရှိန်က ပြောပြောဆိုဆိုနှင့် ၎င်းကျားရုပ်ကြီးကို ဘေးသို့ဖယ်လိုက်ပြီး ကျန်လူများက သောင်းထိုက်အား သတိရအောင် ပြုစုပေးတော့မှ သောင်းထိုက်မှာ သတိပြန်ရလာလေတော့သည်။

"မောင်ရင် ဘယ်လိုဖြစ်တာလဲ"

ဟု ဦးထန်ဖုန်းရှိန်က မေးလိုက်သည်။

"အိပ်မက်ထဲမှာ အမျိုးသမီးတစ်ယောက် တွေ့ရတယ်၊ သိပ်လှတာပဲ၊ သူ့နောက်မှာလဲ ကျားကြီးတစ်ကောင်တွေ့ရတယ်၊ အဲဒီကျားကြီးထွက်လိုက်တာနဲ့ ပြေးရင်းလွှားရင်း နံရံကို ခြေထောက်နဲ့ကန်မိသွားတယ်ထင်ပါရဲ့"

ဟု သောင်းထိုက်က ပြောပြသည်။

"သြော် ... အိပ်မက်မက်ပြီး နံရံကို ခြေထောက်နဲ့ကန်လိုက်မိတာနဲ့ အပေါ်ကချိတ်ထားတဲ့ကျားရုပ်ကြီး ပြုတ်ကျလာတာကိုး"

ဒီတော့မှ အားလုံး စိတ်သက်သာရာ ရသွားကြသည်။

"ဒါ ကျုပ်တို့အတွက် အတိတ်နိမိတ်တော့ သိပ်မကောင်းလှဘူး"

ထိုစကားကိုဝင်ပြောသူမှာ သက်ဦး ဖြစ်သည်။

"ဘာကြောင့်လဲဟ"

"ကျုပ် ညက အပေါ့အပါးသွားဖို့ အပြင်ထွက်တုန်းက နောက်ဘက်တောအုပ်နားမှာ ကျားတစ်ကောင် ထိုင်နေတာ တွေ့ရတယ်"

"ဟင် ..."



www.burmeseclassic.com

"ဟာ... မဖြစ်နိုင်ပါဘူး။ တို့ရွာထဲကို ကျားဝင်တယ်လို့ တစ်ခါမှ မကြားမိပါဘူး"

"ကေနတော့ သက်ဦး ညကသောက်တာ များလို့ မြင်မိမြင်ရာ မြင်လာတယ်ထင်ပါရဲ့ကွာ"

သက်ဦး ပြောတာကို ဘယ်သူမှမယုံကြည်ကြပေ။

"ကျုပ်ပြောတာကို ယုံကြပါ။ ညကသောက်တာ မများပါဘူး မူးလဲမမူးပါဘူး။ ကျားမှ တကယ့်ကျားကိုတွေ့ခဲ့ရတာပါ"

"တော်ပါတော့ သက်ဦးရယ်။ လူပြောလူယုံ၊ အမူးသမားပြောတော့ အမူးသမားပဲယုံမှာပေါ့ကွာ"

ဟု ဝိုင်းပြောကြသဖြင့် သက်ဦးလည်း ဇဝေဇဝါဖြင့် ဆက်မပြောဝံ့တော့ပေ။

အားလုံးမှာ ရယ်ရယ်မောမောနှင့်သာ စကားပြောနေကြရသော်လ ည်း စိတ်ထဲမှာတော့ ထင့်နေကြသည်။

ထမံသီသည် သူတို့အား အတိတ်နိမိတ်ကောင်းဖြင့် မကြိုဆိုနိုင်ပါချေ။

✳✳✳✪✳✳✳





အခန်း (၅)

## သံယောဇဉ်ပန်းတစ်ပွင့်

ထမံသီရွာမှာ ရွာကြီးတစ်ရွာဖြစ်သော်လည်း မြို့တစ်မြို့ လောက်ကျယ်ဝန်းလှသောနေရာမဟုတ်သည်က တစ်ကြောင်း။

ရွာမှာ နေထိုင်ကြသူများမှာ တစ်ယောက်အကြောင်း တစ်ယောက် သိနေသူများဖြစ်သည်ကတစ်ကြောင်းကြောင့် ကောင်းသည့်ကိစ္စမျိုးဖြစ်စေ၊ မကောင်းသည့်ကိစ္စမျိုးဖြစ်စေ တစ်ခုခုဖြစ်လျှင် ပျံ့နှံ့လွယ်သည်။

တစ်ယောက်သိသွားလျှင် တစ်ရွာလုံးသိနိုင်သည်။

ယခုလည်း နီမောင် တစ်ယောက် စာရာမေတိတောင်ပေါ်တက် သွားရင်းနှင့် မချစ်ဥ အများအပြားရလာခဲ့သည်ဆိုသောသတင်းက

www.burmeseclassic.com



ဝါးရုံးတောခြောက်မီးလောင်သည့်ပမာ ခဏချင်းနှင့် လူတိုင်းပြောစရာသတင်းတစ်ခုလို ပျံ့နှံ့သွားတော့သည်။

အချို့ကလည်း မချစ်ဥသိုက်ကိုတွေ့လာခဲ့သည်ဟု ကြီးကျယ်အောင်ပြောကြသည်။

မည်သို့ပင်ရှိစေ...

တစ်ယောက်နှင့်တစ်ယောက်တွေ့လျှင် မမေးဘဲနှင့် ပြောလေ့ရှိကြသဖြင့် နီမောင့်သတင်းက ရက်ပိုင်းမှာပင် တစ်ရွာလုံးသိသောသတင်းတစ်ခုဖြစ်နေတော့သည်။

ထိုသတင်းမှာ ရွာသို့ရောက်နေသော ဦးဘဇော်တို့အတွက် စိတ်ဝင်စားစရာသတင်းတစ်ခုဖြစ်နေသောကြောင့် ဦးဘဇော်ကိုယ်တိုင်မေးမြန်းပြီး နီမောင်တို့အိမ်သို့ ရောက်လာလေသည်။

"ကျုပ်က ဒီရွာကို နှစ်စဉ်လာနေတဲ့ ကုန်သည်အဖွဲ့ကပါ။ မင်းဆီမှာ မချစ်ဥ အတော်များများရှိတယ်ဆိုလို့ လာခဲ့တာပါ"

"ရှိတာတော့ရှိပါတယ်၊ ဒါပေမယ့် အခုလောလောဆယ်တော့ မရောင်းဖြစ်သေးပါဘူး"

နီမောင့်စကားကြောင့် ဦးဘဇော် အနည်းငယ်အံ့သြသွားလေသည်။ အခြားသူများဆိုလျှင် ကုန်သည်တစ်ယောက် ရောက်လာလျှင် ပျာပျာသလဲဖြစ်နေတတ်သော်လည်း နီမောင်က အေးအေးဆေးဆေး အမူအရာနှင့်ပင် ပြန်ပြောလေသည်။





"ဘာကြောင့် မရောင်းသေးတာလဲ၊ ဈေးနည်းမှာစိုးလို့လား။ ဒါက ဈေးပိုပေးမှာပါ။ ရောင်းမယ်ဆိုရင်တော့ ဒါတို့ကိုပဲ ရောင်းပေးပါ။ ဒါတို့က ရွာလူကြီးဦးထန်ဖုန်းရှိန်ရဲ့ မိတ်ဆွေတွေပါ။ အခုလဲ သူတို့အိမ်မှာ တည်းနေတာပါ"

ရွာလူကြီးအမည်ကို အသုံးပြု၍ပြောလျှင် နီမောင် သဘောပြောင်းမည်ဟုထင်သော်လည်း ပုံမှန်အတိုင်းပင်ရှိ၏။

"ဈေးအတွက်ကြောင့်မဟုတ်ပါဘူး။ လောလောဆယ် မရောင်းချင်သေးလို့ပါ။ တကယ်လို့ ရောင်းဖြစ်ရင် ကျွန်တော် လာပြောပါ့မယ်"

"ရောင်းမယ်လို့စိတ်ကူးရှိရင် သေချာသွားအောင် စရန်ငွေလေးပေးထားခဲ့ချင်တယ်"

"မလိုပါဘူး ဦးလေး။ ကျွန်တော်က ကတိပေးပြီးရင် မဖျက်တတ်ပါဘူး"

ထို့နောက်တွင် ဦးဘဇော် ပြန်သွားလေသည်။ ထိုအခါ ဖခင်ဖြစ်သူ ဦးဘရှိန်က နီမောင်ကို မေးသည်။

"သူက ဘယ်လိုသတင်းကြားပြီးရောက်လာတာလဲ လူလေး"

"မသိပါဘူး အဖေရယ်၊ တစ်ယောက်တစ်ယောက်ဆီက သတင်းကြားလို့လာတာလဲဖြစ်မှာပေါ့"

"အင်း ဒါတို့ရွာက ကျဉ်းကျဉ်းလေးဆိုတော့ သိမယ်ဆိုရင်လဲ သိနိုင်တာပဲ၊ ဒါထက် မေးပါရစေဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ အဖေ"

"ငါလဲ တောင်ပေါ်တက်ခဲ့တဲ့လူပါပဲ၊ ခန်းတောက်မြစ်တို့ မချစ်ဥတို့ဆိုတာ တစ်နေရာတည်းမှာ များများစားစားတွေ့တယ်ဆိုတာ မရှိသလောက်ပါပဲ၊ မင်း ဒီ မချစ်ဥတွေကို တစ်နေရာတည်းက ရခဲ့တယ်ဆိုတာကရော အမှန်ပဲလား"

နီမောင်က တောင်ပေါ်မှာ အဘိုးအိုတစ်ယောက်နှင့် တွေ့ခဲ့ပြီး ၎င်းညွှန်ပြသောနေရာမှ မချစ်ဥများရခဲ့ပုံကို ဖခင်အား ပြန်ပြောပြလိုက်သည်။

ဦးဘရှိန်က ဝါးရိုးဖြင့်ပြုလုပ်ထားသော ဆေးသောက်တံအတွင်းမှ ဆေးချေးများကို ကလော်ထုတ်နေရင်း ခေါင်းတညိတ်ညိတ်နှင့်နားထောင်နေသည်။

ပြီးမှ မှတ်ချက်ချသည်။

"ဆန်းကြယ်တာတော့ အမှန်ပါပဲ၊ ဒါဟာ သာမန်မဟုတ်ဘူး။ တောင်ပေါ်မှာရှိတဲ့ သူတော်ကောင်းတစ်ယောက်ယောက်က အကူအညီပေးလိုက်တာပဲဖြစ်ရမယ်"

"ကျွန်တော်လဲ ဒီလိုပဲထင်တာပဲ"

"အဲဒီလိုဆိုရင် မင်း သူ့ကို ကတိပေးခဲ့တဲ့အတိုင်း အမဲပစ်တဲ့အလုပ် မလုပ်တော့ဘူးဆိုတာရော တကယ်နေမှာမို့လား"

"ကျွန်တော် ကတိပေးခဲ့ပြီးပြီ တစ်ဝမ်းတစ်ခါးအတွက်တော့





တခြားသန့်စင်တဲ့အလုပ်ကိုပဲလုပ်တော့မယ်လို့ ဆုံးဖြတ်ထားပါတယ်။ တောထဲတောင်ထဲမှာ ကိုယ့်အသက်ကိုရန်ရှာလာခဲ့ရင်သာ ကာကွယ်တဲ့အနေနဲ့ တိုက်ခိုက်မယ်၊ တိရစ္ဆာန်တွေကိုသတ်ပြီး ဝမ်းစာမရှာတော့ပါဘူး"

ဟုပြောလိုက်ရာ ဦးဘရှိန်က သဘောကျစွာပြုံးလိုက်လေသည်။ ထို့နောက် ဆေးချေးထုတ်ပြီးသော ဆေးတံအတွင်းသို့ ဆေးတစ်ဆုံဖြည့်ကာ မီးညှိ၍ဖွာလိုက်သည်။ မီးခိုးငွေ့များက ပတ်ဝန်းကျင်မှာပျံ့နှံ့လာသည်။

"လူတစ်ယောက်ဟာ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ ကတိသစ္စာကို တန်ဖိုးထားရတယ်၊ ကတိသစ္စာကို တန်ဖိုးထားရင် သူဆင်းရဲပေမယ့် စိတ်မဆင်းရဲရဘူး။ ကတိသစ္စာကို တန်ဖိုးမထားရင် သူချမ်းသာသော်လည်း စိတ်မချမ်းသာရဘူး။ ဒီတော့ လူဆင်းရဲချင်ဆင်းရဲပါစေ ကိုယ်ပေးထားတဲ့ကတိသစ္စာကို မပျက်စေနဲ့"

"ဟုတ်ကဲ့ အဖေ"

ထို့နောက် ...

နီမောင် က ၎င်းရလာသော မချစ်ဥများကို ဖျာကြမ်းတစ်ချပ်ပေါ်မှာ ဖြန့်တင်ထားရင်း တောင်ပေါ်မှာ အဘိုးအိုတစ်ယောက်နှင့်တွေ့ခဲ့ရပုံများကို သတိရနေမိသည်။

မြန်မာနိုင်ငံမြောက်ဘက်ဖျားတွင် အမြင့်ဆုံးတောင်ဖြစ်သော

www.burmeseclassic.com



ခါကာဘိုရာစီတောင်နှင့် စာရာခေတိတောင်ကဲ့သို့သော နှင်းဖုံးသည့်တောင်များပေါ်၌ သဘာဝသယံဇာတပစ္စည်းများစွာတို့ ပေါများလှပေရာ ထိုအထဲတွင် ခန်းတောက်မြစ်နှင့်မချစ်ဥတို့မှာ နာမည်ကျော်ကြားလှသီများလှသည်။

ယခင်က သာမန်ဈေးမျှသာရှိသော်လည်း ၁၉၇၅ ခုနှစ် နောင်ပိုင်းမှစ၍ တစ်စတစ်စ ဈေးကောင်းလာခဲ့သည်။

ပထမတစ်မျိုးမှာ ခန်းတောက်မြစ်ဖြစ်သည်။

ဒုတိယတစ်မျိုးကတော့ မချစ်ဥ ဖြစ်သည်။

ခန်းတောက်ပင်ကို အရွက်ထက်အမြစ်ကို ပိုမိုအသုံးပြုကြသည်။

အနည်းဆုံး သုံးနှစ်သက်တမ်းရှိအပင်၏အမြစ်မှာ ခြောက်လက်မှ ရှစ်လက်မခန့်အရှည်ရှိသည်။ အရောင်မှာ နနွင်းတက်အတွင်းသားကဲ့သို့ အဝါရောင်ဖြစ်ပြီး အရသာမှာ အလွန်ခါးလှသည်။

မချစ်ဥကတော့ ကြက်သွန်ဖြူဥနှင့် ခပ်ဆင်ဆင်တူသည်။

၎င်း၏အရသာမှာ လွန်စွာခါးသည်။

ရေခဲတောင်ကြီးပေါ်မှာ ရေခဲများဖုံးအုပ်နေချိန်၌ အစိုအညှောက်အဖြစ် ပေါက်ရောက်ကြပြီး ရေခဲများပျော်ကျသွားချိန်တွင် ပေါ်ထွက်လာရာ ထိုအချိန်တွင် အလျင်အမြန်ရှာဖွေ၍ နုတ်ယူကြရသည်။

ရေခဲပျော်ချိန်ဖြစ်သောကြောင့် သက်စွန့်ဆံဖျား နုတ်ယူရခြင်း





လည်း ဖြစ်၏။ တောင်ပေါ်တွင် ရေခဲပျော်ကျနေချိန်မှာ လွန်စွာအန္တရာယ်များလှပေသည်။

အမှန်တော့ တစ်နှစ်ပတ်လုံး ရေခဲများဖုံးလွှမ်းထားရာမှ ရေခဲများ ပျော်ကျနေချိန်မှာ အလှဆုံးအချိန်ဟုလည်း ပြောနိုင်ပေသည်။

ရေခဲပြင်အောက်မှ ပေါ်ထွက်လာသော ပန်းရောင်စုံတို့မှာ ထိုအချိန်အခါရောက်မှ အစွမ်းကုန်ပွင့်ကြရလေရာ အဝေးမှကြည့်လျှင် ရောင်စုံပန်းခင်းကြီးသဖွယ် လှပတင့်တယ်စွာရှိပေသည်။

မချစ်ဥကို ရဝမ်ဘာသာစကားဖြင့် 'မဂျစ်'၊ လီဆူးဘာသာစကားဖြင့် 'ပိုးမိုး'၊ တရုတ်ဘာသာစကားဖြင့် 'လမုံ'ဟုခေါ်ကြပြီး မြန်မာဘာသာစကားအနေဖြင့်မူ မချစ်ဥ၊ မသေဆေးဥ၊ ဂမုန်းသက်ရှည်ဥ ဟူ၍ အမျိုးမျိုးခေါ်ကြသည်။

တောင်ပေါ်တွင် ရေခဲများပျော်ကျစပြုပြီး ခန်းတောက်မြစ်နှင့် မချစ်ဥအပါအဝင် ဆေးမြစ်ဆေးဥများပေါ်လာချိန်ကို စိတ်ရှူးထချိန်ဟုပင် ခေါ်လောက်ပေသည်။

ထိုရာသီအချိန်တွင် ရွာတိုင်းလိုလိုမှလူများ တောင်ပေါ်တက်ကာ ဆေးမြစ်ဆေးဥ ရှာကြသည်။

ကုန်ပစ္စည်းဝယ်သည့် ကုန်သည်များကလည်း တောင်ပေါ်အထိလိုက်ဝယ်ပြီး စားသောက်ကုန်ရောင်းသူများကလည်း တောင်ပေါ်အထိ လိုက်ရောင်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဈေးကတော့ ရှာမှာရောင်းသည့်ဈေးနှင့် အစော်အစာ သည်။

ဆယ်ပြားတန်ဆေးလိပ်တစ်လိပ်ကိုတောင်ပေါ်တွင် ငါးမူး ပြား ခြောက်ဆယ်အထိဝယ်ရပြီး အရက်ဖြူတစ်ပုလင်းကို လေး၊ ငါးဆယ် ပေးရသည်။

ဘရမ်ဒီတစ်ပုလင်းကို နှစ်ရာ၊ သုံးရာအထိ ပေါက်ဈေးရှိသည်။

ရေခဲတောင်ပေါ်မှာ ယမ်းမီးခြစ်သုံး၍မရ။ ဓာတ်မီးခြစ်လည်း မီးမတောက်သဖြင့် (ထိုအချိန်က ဂက်စ်မီးခြစ်မပေါ်သေးပေ) ကျောက် တုံးနှစ်တုံးကို ဝါဂွမ်းခံ၍ခေါက်မှသာ မီးတောက်လေသည်။

ထိုကာလက ခန်းတောက်မြစ်၊ မချစ်ဥ ပေါက်ဈေးကလည်း ကောင်းလှသည်။ ခန်းတောက်မြစ်၊ မချစ်ဥ တစ်ပိဿာပေါက်ဈေးမှာ နှစ်ထောင်မှ သုံးထောင်ကျပ်ပေါက်ဈေးရှိသည်။

နယ်ခြားဘက်မှ တရုတ်လော်ပန်ကုန်သည်များအဆင်းများလျှင် များသလောက် ဈေးကအတက်အကျရှိသည်။

ခန်းတောက်မြစ်၏အရသာမှာ ခါး၏။ ရေတွင်စိမ်ပြီးသောက်ပါ က ငှက်ဖျားရောဂါ ပျောက်သည်။ ထိခိုက်ဒဏ်ရာနှင့် သွေးထွက်သံယို ဖြစ်ပါက ထိုအမြစ်ကိုကြိတ်၍ အုံပေးလျှင် ဒဏ်ရာ လျှင်မြန်စွာ ပျောက်၏။

မချစ်ဥ၏အရသာမှာလည်းခါး၏။ ၎င်းက ခန်းတောက်မြစ်နှင့်





ကွာခြားသည်မှာ အပူဓာတ်ရှိခြင်းဖြစ်သည်။ ပျားရည်၊ အရက် စသည့် တစ်ခုခုဖြင့်စိမ်သောက်ပါက အားဆေး(သို့မဟုတ်)မသေဆေးဟု ခေါ်ရလောက်အောင် အစွမ်းထက်လှသည်။

တောင်တန်းပေါ်မှာ ခန်းတောက်မြစ်၊ မချစ်ဥကဲ့သို့ အစွမ်းထက် သော ဆေးပင်တစ်မျိုးလည်းရှိသေးသည်။ မရှော့ပင်ဖြစ်သည်။

မရှော့ရွက်ကို အဆိပ်ဖြေဆေးအဖြစ် အသုံးပြုကြသည်။ မရှော့ ရွက်သည် ရောဂါကုထုံးထဲတွင် လွန်စွာအစွမ်းထက်၍ ထိရောက်လှ သောဆေးတစ်မျိုးဖြစ်သည်။

အရိုးနှင့်ပတ်သက်၍ နာ၊ အောင့်၊ ကျိုး၊ ပဲ့၊ ဒဏ်ရာများကိုသော် သည်းကောင်း၊ လေနာဝေဒနာများကိုသော်လည်းကောင်း၊ မြွေကိုက် သောဒဏ်ရာ၊ အစားမှား၊ သွေးတိုးရောဂါများအား မရှော့ရွက်ကို အသကုထုံးနှင့်ကုပေးလျှင် သက်သာပျောက်ကင်းသည်ဟုဆိုကြသည်။

နီမောင်သည် တောင်ပေါ်မှ မမျှော်လင့်ဘဲရရှိလာသော မချစ်ဥ များကို သားရေပြားပေါ်မှာ ဖြန့်ခင်း၍ ရွေးချယ်သန့်စင်မှုများပြုလုပ် နေစဉ် သူ့အိမ်သို့ နောက်ထပ်ဧည့်သည်တစ်ယောက် ရောက်လာ ပြန်သည်။ စောသီရိ ဖြစ်သည်။ စောသီရိက သူနှင့်တစ်ရွာတည်းနေ တစ်ရေတည်းသောက် ကျောင်းနေဖက်သူငယ်ချင်းဖြစ်သည်။

"နီမောင်"

"သိရိပါလား။ ဘာကိစ္စရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ဆီလာတာပဲ ကိစ္စရှိမှပဲ လာရမှာလား"

"မဟုတ်ပါဘူး သိရိုရုယ်၊ ငါက ကိစ္စရှိတယ်မှတ်လို့ မေးတာပါ"

စောသိရိက တစ်ချက်ပြုံးရင်း အိမ်ပေါ်တက်လာသည်။

"နင် တောင်ပေါ်သွားသေးလား"

"အင်း...၊ ဟိုတစ်နေ့ကတော့သွားတယ်၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ ရွာထဲမှာတော့ သတင်းကမွှေးနေတာပဲ နင် မချစ်ဥတွေ အများကြီးရလာတယ်ဆို"

"ကံကောင်းလို့ပါ"

နီမောင်က အရေးမကြီးသလို ပြန်ပြောလိုက်သည်။

"ကံကောင်းတာလဲကောင်းတာပေါ့၊ ဘယ်လိုရခဲ့တာလဲဟင်"

"နင်ကလဲ တောင်ပေါ်သွားတဲ့လူ မချစ်ဥ ရခဲ့တာ အဆန်းတွေ ပြီး လာမေးနေရသေးတယ်။ ဒီလိုပဲ ရှာဖွေရင်း ကံကောင်းသော ရတာပေါ့"

သို့သော်လည်း စောသိရိက လက်မခံပေ။

"နင်က ငါ့ကို အောက်အရပ်မှာမွေးတဲ့လူမှတ်လို့ ဒီလိုပြော တာလား။ ငါက ထမံသိရွာသူအစစ်ပါဟ၊ မချစ်ဥဆိုတာ နင်းသား အောက်မှာပေါက်နေတာဆိုတော့ တစ်နေရာတည်းမှာ အဲဒီလို အများ ကြီးတွေ့ရဖို့ မလွယ်ဘူး၊ တောင်ပေါ်စကားနဲ့ပြောရရင် မချစ်ဥသီး ကို နင်တွေ့ခဲ့တယ်ဆိုတာ အမှန်ပဲလား"





"မဟုတ်ပါဘူး သိရိုရုယ်၊ ကံကောင်းလို့ရခဲ့တာပါ"

နီမောင်က အမှန်အတိုင်းမပြောလိုသောကြောင့် စကားကို လွှဲ ပြောလိုက်လေသည်။

"အင်းလေ၊ နင်မပြောချင်လဲနေပေါ့၊ အခုလို မချစ်ဥတွေ အများ ကြီးရလာတော့ ရောင်းရင် ပိုက်ဆံတွေ အများကြီးရမှာပေါ့"

နီမောင် က ခေါင်းညိတ်ပြလိုက်သည်။

"အဲဒီလိုရတော့ နင် ဘာလုပ်မှာလဲဟင်"

"မိုးမကျခင် အိမ်ပြင်ရမယ်၊ မိုးရောက်ရင်တောင်ပေါ်တက်ဖို့ ကောင်းတော့ဘူးမဟုတ်လား၊ ဒီအတွက် အခုကတည်းက မိုးတွင်း စားဖို့ရိက္ခာစုရမယ်၊ အဖေ အမေတို့ လိုတာတွေလဲ ဝယ်ပေးရမှာပေါ့"

"လုပ်စရာတွေက များလှချည်လား၊ တခြားရော အစီအစဉ်တွေ ဘာရှိသေးလဲ"

"ဘာ အစီအစဉ်လဲဟ"

"ဟိုလေ ... ပိုက်ဆံစုမိတုန်း မိန်းမလေးဘာလေး တောင်းဖို့ အစီအစဉ်မလုပ်သေးဘူးလား"

"မိန်းမတောင်းရအောင် ငါ့ကိုကြိုက်မယ့်သူတောင်မှ မရှိသေးပါ ဘူး"

ထိုစကားကြောင့် စောသိရိက မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

"နင်ကလဲ အချင်းချင်းတွေကို ဒီလိုပြောလို့ ယုံမှာတဲ့လား၊ နင်



www.burmeseclassic.com

www.burmeseclassic.com



က မကြိုက်တာမဟုတ်လား။ နင့်ကိုကြိုက်တဲ့မိန်းကလေးတွေက တော့ ရွာထဲမှာ အများကြီးရှိတာ ငါ အသိသားပဲ”

“အဲဒီလိုဆိုရင်လဲ နင်ကပဲ သင့်တော်သူ ရှာပေးပေါ့”

“ငါရှာပေးလို့ နင် မကြိုက်ရင် ဘယ်လိုလုပ်မလဲ”

“မကြိုက်ရင်တော့ နင် အလျော်ပေးရမှာပေါ့”

“ဘယ်လိုအလျော်ပေးရမှာလဲ”

“ငါကြိုက်တဲ့သူကို ရှာပေးရမှာပေါ့”

“အစကတည်းက ကိုယ်ကြိုက်တဲ့သူကို ရွေးလိုက်ရင် ရသားနဲ့”

“အချိန်မတန်သေးလို့ မပြောသေးတာပါ။ အချိန်တန်တော့ ပြော မှာပေါ့”

“နင်ကလဲ ...”

စောသီရိ မျက်နှာပေါ်မှာ ရှက်သွေးဖြင့် ပန်းနုရောင်များ လွှမ်း သွားလေသည်။

“နှမောင်နှော် စကားတတ်တိုင်း ဝေ့လည်ကြောင်ပတ် လျှောက် ပြောမနေနဲ့၊ ငါက နင့်ဆီကို ကိစ္စရှိလို့လာတာ”

“ဘာကိစ္စလဲ ပြောလေ”

“အဖေက နင့်ကို ခဏလာခဲ့ဖို့အခေါ်ခိုင်းလိုက်တယ်၊ အဲဒါ လာ ပြောတာ”

“ဘာများကိစ္စ အရေးကြီးလို့တဲ့လဲ”





“အဲဒါတော့ ငါ မသိဘူး။ အဖေနဲ့တွေ့မှ နင် မေးကြည့်ပေါ့”

“ဒီလိုဆိုရင်လဲ နင် ပြန်ရင် တစ်ခါတည်းလိုက်ခဲ့မယ်လေ”

ဟုပြောကာ လုပ်လက်စအလုပ်များကိုရပ်၍ စောသီရိနှင့်အတူ တူ လိုက်လာခဲ့ကြလေသည်။

***✪***



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၆)

<u>နာဂတောင်တန်းပေါ်မှ ရတနာသိုက်</u>

ဦးထန်ဖုန်းရှိန်တို့အိမ်ရောက်တော့ ဦးဘဇော်တို့ ကုန်သည်အဖွဲ့တွေကိုပါ တွေ့ရသည်။

သူတို့သည် နီမောင်တက်လာသည်ကိုမြင်သောအခါ အားလုံးက လှမ်းကြည့်နေကြသည်။

သူ့ကိုမြင်တော့ ဦးထန်ဖုန်းရှိန် က ...

"လာဟေ့ နီမောင်၊ တို့က မင်းကိုစောင့်နေကြတာ"

ဟု လှမ်းခေါ်သည်။

နီမောင်က ဦးထန်ဖုန်းရှိန်နားမှာ ဝင်ထိုင်လိုက်သည်။

"ကိစ္စရှိလို့လား ဦးလေး"





"အေး ရှိတယ်ကွ၊ ဒီကုန်သည်တွေက မင်းကိုတွေ့ချင်တယ် ဆိုလို့ အခေါ်ခိုင်းရတာပဲ"

"ဘာကိစ္စရှိလို့လဲ ဦးလေး"

"တခြားတော့မဟုတ်ပါဘူး။ ဒီကကုန်သည်တွေက ဒီတစ်ပတ် တောင်ပေါ်မှာ ကတိုးပစ်ဖို့ ကိုယ်တိုင်သွားချင်ကြလို့တဲ့၊ အဲဒါ မင်းကို လမ်းပြငှားချင်လို့ပါ၊ ဈေးကတော့ ညှိကြပေါ့"

ခါတိုင်း သည်လိုပြောလာရင်တော့ အလွယ်တကူလက်ခံလိုက် ညီဖြစ်သော်လည်း သည်တစ်ခါမှာတော့ သူ လက်မခံချင်ပေ။ နီမောင့်စိတ်ထဲမှာတော့ ...

"ငါ တောင်ပေါ်မှာတုန်းက အဘကို ကတိပေးထားခဲ့ပြီးပြီ၊ သူတို့နဲ့လမ်းပြလိုက်သွားရင် ကိုယ်တိုင်မသတ်တာကလွဲလို့ သူတို့ သတ်တာကို အကူအညီပေးရာကျလိမ့်မယ်၊ ပေးထားတဲ့ကတိကို တော့ အဖျက်မခံတော့ဘူး။ သူတို့ ဘယ်လောက်ပဲပေးပေး မလိုက် တော့ပါဘူး"

ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

"နီမောင် ဘာတွေများ ဒီလောက်တောင်စဉ်းစားနေတာလဲ"

"ဩော်... အင်း... မစဉ်းစားပါဘူး ဦးလေး"

"ဒါဖြင့် မင်းလမ်းပြလိုက်ပေးနိုင်မလား"

"ဒီတစ်ခေါက်တော့ ကျွန်တော် မလိုက်တော့ဘူး ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဘာဖြစ်လို့လဲဟ၊ ပိုက်ဆံရတာ နည်းမှာစိုးလို့လား တို့က မင်းတောင်းသလောက်ပေးမှာပေါ့ကွ"

"ငွေအတွက်ကြောင့်မဟုတ်ပါဘူး။ ဒီတစ်ခါတော့ ကျွန်တော် မလိုက်နိုင်တော့လို့ပါ၊ တခြားလမ်းပြတစ်ယောက်ကိုသာရှာပါ ဦးလေး"

ညည့်သည်များရှေ့တွင် ထိုကဲ့သို့ အငြင်းခံလိုက်ရသဖြင့် ဦးထန်ဖုန်းရှိန် မျက်စိမျက်နှာပျက်သွားလေသည်။

ထိုအခါ ဦးဘဇော် က ...

"တို့က တကယ်အကူအညီလိုလို့ အကူအညီတောင်းတာပါ ငါ့ တူရာ၊ တခြား ဘာမှလုပ်ပေးစရာမလိုပါဘူး။ ဒီက ဦးထန်ဖုန်းရှိန်အ လဲ မင်းရဲ့အကြောင်းကို အတော်ကလေးပြောပြထားတော့ တို့ကလဲ တခြားလမ်းပြမခေါ်ချင်ဘူး။ မင်းကိုပဲ ခေါ်ချင်လို့ပါကွာ"

ဟု တောင်းတောင်းပန်ပန်ပြောဆိုလေသည်။

"နီမောင် ... တို့က တစ်ရွာတည်းနေ တစ်ရေတည်းသောက်ပြီး အတူတူနေကြတဲ့လူတွေ၊ တစ်ကြောင်းမဟုတ် တစ်ကြောင်းသောတ် ပြီး ဒီတစ်ခေါက်တော့ မင်း လိုက်သွားပါကွာ၊ မဟုတ်ရင် ဧည့်သည် တွေကို ငါ မျက်နှာပျက်ရလိမ့်မယ်"

ဟု ဦးထန်ဖုန်းရှိန်က ပြောနေလေရာ နီမောင်မှာ စေသီရိ မျက်နှာကလည်းရှိနေသောကြောင့် ဖွင့်ငြင်းရမှာကို အားနာလာ





တော့သည်။

ထိုအချိန်မှာ မလှမ်းမကမ်းမှ အခြေအနေကိုကြည့်နေသော စေသီရိကပါ နီမောင်နှင့် အကြည့်ချင်းဆုံသောအခါ မသိမသာ ခေါင်း ညိတ်ပြ၍လိုက်သွားရန် တိုက်တွန်းနေပြန်တော့ သူ မငြင်းသာတော့ ပေ။

"ဘယ်လိုလဲ နီမောင်၊ လိုက်သွားမယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ဒီတစ်ခေါက်တော့ ဦးလေးကလဲ စကားလွန်ထားပြီ ဆိုတော့ ကျွန်တော် လိုက်သွားပါ့မယ်"

"အေး ဒီလိုမှပေါ့ကွယ်"

ထိုစကားကြားသောအခါမှ ဦးထန်ဖုန်းရှိန်က စိတ်အေးသွား သလို စေသီရိမျက်နှာမှာလည်း ယခုမှ ရင်ထဲကအလုံးကြီး ကျသွား သကဲ့သို့ သက်ပြင်းကလေးချလိုက်သည်ကို သတိပြုမိလိုက်သည်။

ထို့နောက် ဦးဘဇော်တို့အဖွဲ့နှင့် ခရီးထွက်မည့်ရက်နှင့် ခရီး ထွက်မည့်အစီအစဉ်ကို အကြမ်းဖျင်း ညှိနှိုင်းခဲ့ကြပြီး နီမောင် ပြန်လာ ခဲ့သည်။

အိမ်ပြန်ရောက်တော့ မိခင်နှင့်ဖခင်တို့ကို အကျိုးအကြောင်း ပြောပြလိုက်ရာ ဖခင်ဖြစ်သူက ...

"ကိုယ့်ရွာရဲ့အကြီးအကဲတစ်ယောက်က အကူအညီတောင်း တာ ဆိုတော့လဲ ဖွင့်ငြင်းလို့မကောင်းဘူး။ လိုက်သွားပေါ့ပွလေး



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ ဒါပေမယ့် ပေးထားတဲ့ကတိအတိုင်း မင်းလက်နဲ့တော့ သတ္တဝါတွေရဲ့အသက်ကို မသတ်မိအောင်တော့ သတိထားပါ”

ဟု သတိပေးလိုက်သည်။

ခရီးထွက်မည့်ရက်ရောက်သောအခါ မနက်အစောကြီး စောသီရိ ရောက်လာသည်။ သူမသည် နှင်းတောထဲမှဖြတ်လာရသောကြောင့် တစ်ကိုယ်လုံး နှင်းမှုန်နှင်းစက်များဖြင့် ရွှဲရွှဲစိုနေသည်။ ခေါင်းပေါ်မှာပတ်ထားသော ယောတဘက်ကလေးမှာပင် နှင်းစက်နှင်းခဲများထင်နေကြသည်။

“ဟင် ... သီရိ အစောကြီးရောက်လာပါလား။ ဘာလာလုပ်တာလဲ”

“နှင် ဒီနေ့ တောင်ပေါ်တက်မှာမဟုတ်လား”

“ဟုတ်တယ်လေ၊ ငါ အခုပဲ လာတော့မလို့”

“အခုလိုလိုက်သွားတဲ့အတွက် နှင့်ကို ငါ သိပ်ကျေးဇူးတင်တာပဲ နီမောင်ရယ်”

“ဘာဖြစ်လို့လဲ”

“အဖေက ညှို့သည်တွေကို စကားတွေလွှန်ထားပြီးနေပြီ၊ တကယ်လို့ နှင်သာလိုက်မသွားဖြစ်ရင် အဖေ မျက်နှာပျက်ရတော့မှာ၊ ဒီအတွက် နှင့်ကို ကျေးဇူးတင်တာပါ”

နီမောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။





သူ့ရင်ထဲမှာ တကယ်ပြောချင်သောစကားက...

“ငါ တောင်ပေါ်မှာ အဘကို ကတိပေးထားခဲ့ပြီးလို့ သူတို့နဲ့ မလိုက်ချင်တာပါ၊ ဒါပေမယ့် ငါ ငြင်းလိုက်ပြန်ရင် နင်တို့သားအဖ မျက်နှာပျက်ရမှာမဟုတ်လား။ ငါ့အတွက်ကြောင့် နင် စိတ်မကောင်းဖြစ်ရမှာ၊ အရှက်ရမှာကို ငါ မလိုလားပါဘူး သီရိရယ်၊ အဲဒါ ဘာကြောင့်လဲဆိုတော့ ငါလေ ဟိုးငယ်ငယ်လေးကတည်းက နင့်ကို သိပ်ချစ်နေမိလို့ပေါ့”

ဟူသော စကားဖြစ်သော်လည်း တကယ်ပြောလိုက်ရသည်က ...

“ငါ့ကို ဒီလောက်ကျေးဇူးတင်စရာမလိုပါဘူးဟာ၊ ငါ့အတွက်နဲ့ နင်တို့ မျက်နှာမပျက်ရရင် ပြီးတာပါပဲ၊ ဒီအတွက် သိပ်ပြီး အပန်းမကြီးလှပါဘူး”

ဟူ၍ ဖြစ်သည်။

“ဘာပဲဖြစ်ဖြစ်ပေါ့ ငါကတော့ နင့်ကို ကျေးဇူးတင်ရမှာပါ၊ ဒီအတွက် ငါ ပဝါကလေးတစ်ထည်ရက်လာတယ်၊ ရော့ ... ဒီမှာ ဒီပဝါလေးကို နင့်နဖူးမှာ အမြဲစည်းထားနော်၊ အဲဒါ နင့်အတွက် ကံကောင်းတဲ့လက်ဆောင်ပဲ”

“ဘာကြောင့်လဲဟ”

“ဒီပဝါလေးရဲ့ ထောင့်တွေမှာ ဘုရား၊ တရား၊ သံဃာ ဆိုတဲ့ စာ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ငါ ထည့်ပြီးရက်ထားတယ်၊ ဒီပဝါကို နဖူးမှာ အမြဲစည်းထားရင် အန္တရာယ်ကင်းတာပေါ့ ရော့ ...”

ဟု ပေးသဖြင့် နီမောင်က ယူပြီးကြည့်လိုက်တော့ ရှည်သားဖြင့်ရက်ထားသော ကချင်ပဝါလေး၏ ထောင့်နားတွေမှာ ဘုရား တရား သံဃာဆိုသော စာလုံးများကို တွေ့ရသဖြင့် သုံးခေါက် ခေါက်၍ သူ့နဖူးမှာ ပတ်စည်းလိုက်သည်။

ကြက်သွေးရင့်ရောင်ပဝါစကြောင့် နီမောင်၏မျက်နှာမှာ ပိုမိုခန့်ထည်သွားတော့သည်။

“ကျေးဇူးပဲ သိရီ”

ထို့နောက် မိမိခရီးထွက်ရာတွင် ယူဆောင်လေ့ရှိသော ဓား လေး၊ မြားနှင့် အဆိပ်ဖြေဆေး၊ ရိက္ခာခြောက်များကို ယူဆောင်၍ စောသိရိနှင့်အတူ ထွက်လာကြသည်။

နီမောင်မှာ စစ်ထွက်တော့မည့်သူတစ်ဦးကဲ့သို့ တက်ကြွသွက်လက်လျက်ရှိသည်။

သူတို့ရောက်သွားတော့ ခရီးထွက်မည့်သူများက အဆင်သင့်စောင့်နေကြသည်။

သူတို့အဖွဲ့က လူငါးယောက်ဖြစ်ပြီး သေနတ်သုံးလက်ပါသည်။ ကျန်နှစ်ယောက်ကတော့ ဓားတစ်လက်စီနှင့် ရိက္ခာထုပ်များကို သယ်ဆောင်ကြသည်။





သူတို့သည် ထမံသီမှ စ၍ထွက်သောအခါ သစ်ထွင်းလှေကြီး တစ်စင်းဖြင့် လှေလှော်သားများကိုငှားကာ ချင်းတွင်းမြစ်မှ အနောက်ဘက်သို့ခွဲထွက်သွားသောမြစ်ရိုးအတိုင်း ဆန်တက်ကြသည်။

ဆောင်းဦးပေါက်ရာသီဖြစ်၍ မိုးအခါလောက် ရေစီးမကြမ်းလှသောကြောင့် တစ်ညအိပ်၊ နှစ်ညအိပ် ဆန်တက်ကြရုံနှင့် စာရာမေတိတောင်နှင့်အနီးဆုံးနေရာသို့ရောက်သွားကြသည်။

ငင်းမြစ်မှာ မြန်မာပြည်နယ်နိမိတ်မှ ကျော်လွန်ကာ အိန္ဒိယနယ်ထဲအထိရောက်အောင် စီးဝင်သွားလေသည်။

စာရာမေတိတောင်အား လှမ်းမြင်နိုင်လောက်သည့်နေရာသို့ရောက်သောအခါ လှေသမားများအား ငင်းနေရာမှာပင် စခန်းချကာ စောင့်ခိုင်းထားခဲ့ပြီး ၎င်းတို့က ခြေကျင်ခရီးဖြင့် တက်ကြလေသည်။

ငင်းမြစ်ဆိပ်မှ တောင်ခြေသို့ရောက်အောင် တစ်နေ့ခရီးသွားရုံမျှဖြင့် ရောက်သွားတော့သည်။

တောင်ခြေသို့ရောက်သောအခါ တစ်ညစခန်းချကြလေသည်။ ထိုစခန်းရောက်ခါမှ ညစာအဆာပြေ ချက်ပြုတ်စားသောက်ကြရသည်။

ညဘက်ရောက်သောအခါ ရေနံဆီမီးအိမ်ရောင်ဖြင့် ငင်းအိတ်အတွင်းမှ ဘူးဖြင့်ထည့်ယူလာသောမြေပုံတစ်ချပ်ကို ဦးဘစော်က ထုတ်ပြလေသည်။ မြေပုံက စာရာမေတိတောင်တစ်ဝိုက်ကိုရေးဆွဲထားသောမြေပုံဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြေပုံစာရွက်မှာ နှစ်အတော်ကြာကြာကပင် သိမ်းထားခဲ့ဟန်ရှိသဖြင့် ဟောင်းနွမ်းလုပြီဖြစ်သော်လည်း ဆီစိမ်စက္ကူဖြင့် ရေးဆွဲထားသောကြောင့် ထိုမျှကြာရှည်ခံနေဟန်ရှိသည်။ ဦးဘဇော်က မြေပုံကိုအားလုံးမြင်သာအောင်ပြသည်။

မြေပုံမှာရေးထားသော အရေးအကြောင်းများနှင့် လမ်းညွှန်အမှတ်အသားများကိုကြည့်သောအခါ အရှေ့ဘက်တွင် ခန္တီးနယ်အထိ၊

မြောက်ဘက်တွင် အန့်ပေါ၊ လဟယ်အထိ၊

တောင်ဘက်တွင် ထမံသီနယ်အထိ နှင့်

အနောက်ဘက်တွင် အိန္ဒိယနယ်အထိ ရေးဆွဲထားလေသည်။

အထူးသဖြင့်တော့ နာဂတောင်တန်း၊ စာရာမေတိတောင်နှင့် နွယ်မောက်တောင်တို့ကို အဓိကထား၍ ရေးမှတ်ထားသည်။ မြေပုံအလယ်လောက်မှာတော့ မင်အနက်ဖြင့်ဝိုင်းကာ ကြက်ခြေခတ်ထားပြထားလေသည်။

"အခု ကျုပ်တို့သွားမယ့်နေရာက ဒီနေရာပဲ"

ဟု ဦးဘဇော် က စ,ပြောသည်။

နီမောင်ကတော့ ဦးဘဇော်တို့၏ရည်ရွယ်ချက်ကို သဘောမပေါက်နိုင်အောင်ဖြစ်နေ၏။

"ကတိုးပစ်ရုံလောက်နဲ့ ဒီလောက်နေရာတိတိကျကျ သွားဖို့မလို





ပါဘူး"

ဟု စိတ်ထဲမှာ တွေးလိုက်မိသည်။

ဦးဘဇော်က ဆက်ပြောသည်။

"နီမောင် ... မင်းကိုတော့ အားနာပါတယ်၊ ငါတို့ကို ဒီနေရာရောက်အောင်သာလိုက်ပို့ပေးပါ"

ဟု မြေပုံပေါ်မှ ကြက်ခြေခတ်ပြထားသောနေရာကို လက်နှင့်ထောက်ပြလေသည်။

"ဦးလေးတို့က ကတိုးပစ်ရုံမဟုတ်ကြဘူးလား"

"ကတိုးပစ်ရုံလောက်နဲ့ ဒီနေရာကိုရောက်အောင် လာပါ့မလားကွာ၊ စဉ်းစားကြည့်ပါဦး"

"ဒါဖြင့် ဘာအကြောင်းလဲဆိုတာ ကျုပ်ကိုပြောပြပါ"

"တကယ်လို့ မပြောနိုင်ဘူးဆိုရင်ရောကွာ ..."

"ဒီနေရာက လှည့်ပြန်သွားရုံရှိတာပေါ့"

ဦးဘဇော်က သဘောကျစွာရယ်လိုက်သည်။

"ဒီမှာ မင်းကိုငါ တစ်ခုပြောမယ်၊ ဒီနေရာက ထမံသီရွာမဟုတ်ဘူး။ လူတစ်ယောက်ကို သေနတ်နဲ့ပစ်သတ်ပြီး လက်စဖျောက်ပစ်လိုက်ရင် ဘယ်သူမှသိနိုင်မှာမဟုတ်ဘူး၊ မမိုက်ချင်စမ်းပါနဲ့ကွာ"

ဒူးနားမှာချထားသောသေနတ်ကို ပေါင်ပေါ်တင်လိုက်ရင်း ဦးဘဇော်က အေးအေးဆေးဆေးပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သောင်းထိုက်က ဟန်ပါပါနှင့် ဝင်ပြောသည်။

"ဒီနေရာမှာ ဂျစ်ကန်ကန် လာလုပ်မနေနဲ့ ထွက်ပြေးဖို့လဲ လုံးဝ စိတ်မကူးနဲ့ မင်းခြေထောက်က ကျည်ဆန်လောက်မမြန်နိုင်ပါဘူး"

"ထားပါတော့လေ၊ ကျုပ်ကလဲ အဲဒီလိုခြောက်တိုင်းကြောက်တတ်တဲ့လူမျိုးတော့ မဟုတ်ဘူး။ ဒါပေမယ့် အကျိုးအကြောင်းသိထားမှ ခရီးမှာ ဘယ်လိုစီစဉ်ပြီးသွားရမယ်ဆိုတာ ချင့်ချိန်လို့ရတာပေါ့"

"အင်း ... သူပြောတာ ဟုတ်တယ်၊ ကျုပ်တို့သွားရမယ့်ခရီးက အန္တရာယ်တွေသိပ်များတယ်၊ သူပါ အကျိုးအကြောင်းသိထားတော့ အန္တရာယ်တွေကို ဘယ်လိုရှောင်ကွင်းသွားရမယ်ဆိုတာ ကြိုတင်စီစဉ်နိုင်တာပေါ့၊ ပြောပြလိုက်ပါ ကိုဘဇော်"

ဟု အသားဖြူဖြူ သွားခေါခေါနှင့် ဦးကျင်စွမ် ဆိုသောလူကြီးက ဝင်ပြောလေသည်။

ထိုအခါမှ ဦးဘဇော်က စိတ်ပြောင်းသွားဟန်ဖြင့် လေသံပါ ပြောင်းသွားလေသည်။

"ဒီလိုကွ၊ တို့ အခုလာတာ ကတိုးပစ်ဖို့ချည်းသက်သက်တော့ မဟုတ်ဘူး။ ကတိုးပစ်ဖို့ဆိုတာ အကြောင်းပြရုံပါပဲ၊ တကယ်သွားရှာက ရတနာပစ္စည်းတွေ သွားရှာကြမလို့ပါဘဲ"

"ဟင်... ရတနာတွေသွားရှာမယ် ဟုတ်လား၊ ဘယ်က ရတနာ





တွေလဲ"

"တို့နဲ့ အခုပါလာတဲ့ ကိုကျင်စွမ်က ရှမ်းပြည်နယ်ဘက်ကပဲ၊ စစ်အတွင်းကာလမှာ ခန္တီးနယ်ဘက်ကထွက်တဲ့ရွှေတွေကို အရည်ကျိုပြီး ရွှေချောင်းတွေလုပ်ထားတာရယ်၊ အဖိုးတန်ကျောက်မျက်ရတနာတွေကို သေတ္တာတွေနဲ့ထည့်ပြီး နာဂတောင်တန်းကြီးကိုကျော်ပြီး အိန္ဒိယနယ်ဘက်ကို ထွက်ပြေးဖို့ကြံစည်ခဲ့ကြတယ်၊ ဒါပေမယ့် သူတို့ရဲ့ အကြံအစည်တွေ မအောင်မြင်ခဲ့ကြဘူး"

"ဘာဖြစ်လို့လဲ"

"နာဂတောင်တန်းတစ်နေရာရောက်တော့ ထူးဆန်းတဲ့လူမျိုးတစ်မျိုးနဲ့တွေ့ပြီး တိုက်ခိုက်ခံရတာအားလုံး သေကုန်ကြတယ်၊ ကိုကျင်စွမ် တောင် ကံကောင်းထောက်မလို့ အသက်ဘေးက လွတ်ခဲ့တာ၊ သူတို့ကိုတိုက်တဲ့လူတွေက လူနဲ့တော့တူတယ်၊ ဒါပေမယ့် သူတို့ရဲ့ လှုပ်ရှားပုံတွေက ကျားတစ်ကောင်လိုပဲတဲ့၊ သူတို့ကို သေနတ်နဲ့ပစ်ရင်လဲ မထိဘူး၊ တောထဲကိုကျွမ်းပစ်ဝင်သွားတာပဲ၊ နောက်မှ ခေါ်ခနဲခုန်ထွက်လာပြီး ဝင်တိုက်ကြတာ၊ သူတို့ရဲ့ လက်နက်တွေက ချွန်လျားတဲ့အဆိပ်လက်သည်းရှည်တွေပဲ၊ အဲဒီလက်သည်းနဲ့ ကုတ်ခြစ်မိလိုက်လို့ သွေးစို့ရုံနဲ့ ခဏလေးနဲ့သေတာပဲတဲ့"

"အတော်ဆန်းကြယ်ပါလား"

"ဟုတ်တယ်၊ အတော်ထူးဆန်းတယ်၊ အဲဒီလူတွေ ရှုကျွမ်း



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျွမ်းပစ်တာ၊ ခုန်အုပ်တာ၊ ဟိန်းဟောက်တာ၊ လက်သည်းနဲ့ ကုတ်ခြစ်တဲ့ပုံစံတွေက တကယ့်ကျားတစ်ကောင်အတိုင်းပဲ၊ ကြောင် စရာကောင်းလှတယ်လို့ ပြောတယ်"

"လူ့ခန္ဓာကိုယ်နဲ့ ကျားစိတ်ဝင်နေတဲ့လူတွေ ဖြစ်မှာပေါ့"

"အဲဒီလိုလဲဖြစ်ချင်ဖြစ်မှာပေါ့။ ကိုကျင်စွမ်တို့တစ်ဖွဲ့လုံးကတော့ အဲဒီလူတွေရဲ့အတိုက်ခံရတာ သေကုန်ကြတယ်၊ သူတို့ ယူသွားတဲ့ ရတနာပစ္စည်းထည့်ထားတဲ့သေတ္တာတွေလဲ အဲဒီနေရာမှာ ကျန်ရစ်ခဲ့ ကြတယ်၊ အဲဒါကို ကိုကျင်စွမ်က နေရာသေသေချာချာမှတ်ပြီး မြေပုံ ဆွဲထားခဲ့တယ်။ အခု စစ်ကြီးပြီးသွားတော့မှ ငါတို့နဲ့ တိုင်ပင်ပြီးတော့ အဲဒီနေရာကို တစ်ခေါက်ပြန်သွားဖို့ကြံစည်တာပါ၊ တကယ်လို့ တို့ရဲ့ အကြံအစည်အောင်မြင်ရင်လဲ မင်းအတွက် မနစ်နာစေရပါဘူး"

"ခင်ဗျားတို့ပေးမယ့်လက်ဆောင်ဟာ ကျည်ဆန်တစ်တောင့် တော့မဟုတ်တန်ပါဘူး"

ဟု နီမောင် စိတ်ထဲမှရေရွတ်လိုက်မိသည်။

"ကောင်းပြီလေ၊ ကျုပ်ပေးထားတဲ့ကတိအတိုင်း အဲဒီနေရာကို ရောက်အောင် လိုက်ပို့ပေးပါ့မယ်၊ တွေ့ကြုံလာရမယ့်အန္တရာယ်တွေ ကိုတော့ သတိဝီရိယလေးနဲ့ရင်ဆိုင်ကြရုံရှိတာပေါ့"

ဟု ပြောလိုက်သည်။

ထို့နောက် ညဉ့်နက်ပိုင်းရောက်သောအခါ နှင်းများက ကျသည်





ဆက်ပိုပြီးကျလာပြီး အအေးဓာတ်က ပိုလာ၍သာကြောင့် မီးပုံကြီး များဖိုကာ အလှည့်ကျကင်းစောင့်ပြီး အိပ်ရာဝင်ကြလေသည်။

စာရာမေတီတောင်ထွတ်ပေါ်မှ ပြူထွက်လာသော လရောင် က နှမ်ဝါးစွာဖြင့် မြေပြင်ပေါ်သို့ အားယူကာထိုးဆင်းလျက်ရှိပေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ နှမ်တိုင်းမကျမီ ငြိမ်သက်ခြင်းမျိုးလား၊ အန္တရာယ်မလာမီ ငြိမ်သက် နေခြင်းမျိုးပေလား မပြောတတ်တော့ချေ။

***✪***



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

## ခြေရာကောက်ရန်သူနှင့် ကြောက်မက်ဖွယ်အန္တရာယ်

နောက်တစ်နေ့နံနက်ပိုင်းအချိန်တွင် သူတို့အဖွဲ့အတွက် အရေး အကြီးဆုံးပြုလုပ်ရမည့်အလုပ်မှာ ရိက္ခာရှာဖွေရန် ထွက်ကြရခြင်း ဖြစ်၏။

ဦးဘဖော်နှင့်ဦးကျင်စွမ်တို့ အသက်အရွယ်ကြီးသူနှစ်ယောက် အ စခန်းစောင့်ကျန်ခဲ့ပြီး နီမောင်အပါအဝင် ကျန်လေးယောက်အ လက်နက်ကိုယ်စီယူ၍ ထွက်ခဲ့ကြသည်။ တောနက်အတွင်း ရောက် တော့ လေးယောက်စလုံးမသွားဘဲ နှစ်ယောက်စီသွားရန်တိုင်ပင်ပြီး လူစုခွဲလိုက်ကြသည်။





နီမောင်နှင့် သက်ဦးက တစ်ဖွဲ့၊

သောင်းထိုက်နှင့် ပရစ်က တစ်ဖွဲ့ သွားကြသည်။

သောင်းထိုက်တို့တွင် အမ်ပစ်သေနတ်တစ်လက်နှင့် ပြောင်းတို သေနတ်တစ်လက် ပါသွားသည်။

နီမောင်မှာတော့ လက်ဖွဲ့တော်လေးမြှားအပါအဝင် ၎င်း ကိုင် ဆောင်နေသော လက်နက်များကို အားလုံး ယူဆောင်ခဲ့သည်။ သက်ဦး ထံမှာ သေနတ်တစ်လက်ပါသည်။ တောထဲရောက်တော့ သက်ဦးက ပြောသည်။

"ငါ့မှာလဲ သေနတ်တစ်လက်ပါတာပဲ၊ မင်းဆီမှာ လက်နက်တွေ က များလှချည်လား။ ဒီလောက်လိုလို့လား"

"တောထဲမှာ လက်နက်ဆိုတာ အသက်ပဲ"

"ဒီသေနတ်ထက်ပိုပြီး အားကိုးရလို့လား"

"ငါ့ဆီမှာ သေနတ်ထက်ပိုပြီးအားကိုးရတဲ့ လက်နက်တွေ ပါတယ်"

သက်ဦးက ရယ်နေသည်။

၎င်း ကိုင်ဆောင်သောသေနတ်ထက်ပို၍ အားကိုးရသော လက် နက်မှာ ဘယ်လက်နက်မှန်းမသိရသော်လည်း ယုံကြည်ဟန်တော့ မရှိပေ။

"မင်း ငါပြောတာ မယုံဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"လက်တွေ့မှပဲယုံတော့မယ်ကွာ၊ လာဟေ့ ဟိုဘက်သစ်ဝင် အမြင့်တွေအပေါ်မှာ မျောက်ညိုကြီးတွေကွ၊ သွားပစ်ရအောင်"

နီမောင်က လိုက်လာသော်လည်း ၎င်းလက်နှင့်မပစ်ရန်တော့ သတိထားရပေမည်။

အဘယ်ကြောင့်ဆိုသော် ...

တောင်ပေါ်၌ အဘိုးအိုကို ကတိပေးထားခဲ့သောကြောင့် ဖြစ်သည်။

တောင်စောင်းတစ်နေရာရှိ မိုင်ခနာသစ်ပင်များအောက်သို့ ရောက်သောအခါ သေနတ်တစ်လှမ်း၊ လေးတစ်ကမ်းအကွာအဝေးရှိ သစ်ပင်အမြင့်များပေါ်မှာ မျောက်ညိုကြီးများကို လှမ်းမြင်ရသည်။

သက်ဦးကတော့ သေနတ်တပြင်ပြင်ဖြစ်နေသည်။ သို့သော်လည်း သစ်ပင်အောက်ရောက်သောအခါ အပင်ပေါ်မှာ မျောက်အော်သံတိတ်သွားသလို တစ်ကောင်မှလည်း မမြင်ရတော့ပေ။

"ဟင်... စောစောကမြင်ရတဲ့မျောက်တွေ တစ်ကောင်မှ မတွေ့ရတော့ပါလား"

နီမောင်က သစ်ပင်ပေါ်သို့ လက်ညှိုးထိုးပြသည်။

"မျောက်တွေက လူသံကြားလို့ သစ်ရွက်တွေကို ဖင်ခုထိုင်ပြီး ပုန်းနေတာကွ၊ အဲဒီသစ်ရွက်အလုံးတွေရဲ့အပေါ်မှာ မျောက်တွေရှိတယ်"





ဟု ပြောတော့မှ သက်ဦးက ဝမ်းသာအားရအမူအရာဖြင့် သေနတ်ကိုပြင်၍ အပေါ်သို့မော့ကြည့်သည်။ ထို့နောက် အပေါ်မှာရှိသော သစ်ရွက်လုံးတစ်လုံးကို အသေအချာချိန်၍ ပစ်လေသည်။

"ဒိုင်း"

သေနတ်သံက ပတ်ဝန်းကျင်တစ်ဝိုက်မှာ ဖုံးလွှမ်းသွားလေသည်။ သက်ဦးမှာ သေနတ်ကို ကျွမ်းကျင်စွာပစ်တတ်သူဖြစ်ကြောင်း အပေါ်မှာကျလာသော သွေးစက်များက သက်သေခံနေလေသည်။ သက်ဦးက ဂုဏ်ယူသောအမူအရာဖြင့် နီမောင့်ကို တစ်ချက်ကြည့်သည်။ မျောက်အော်သံများကလည်း ဆူညံနေသည်။ နီမောင်ကတော့ အေးအေးဆေးဆေးအမူအရာနှင့် သစ်ပင်ပေါ်သို့မော့ကြည့်နေသည်။

သစ်ပင်ပေါ်မှသွေးစက်များသာ ကျလာသော်လည်း မျောက်ကတော့ ကျမလာသေးပေ။

ခဏကြာတော့ လုံးထားသောသစ်ရွက်များပြေကျသွားရာ သစ်ကိုင်းပေါ်မှာ ငုတ်တုတ်ထိုင်လျက်သား မျောက်ကြီးတစ်ကောင်ကို လှမ်းမြင်ရသည်။

အတန်ကြာသည်အထိ မျောက်ကြီး ပြုတ်မကျလာခြင်းမှာ သစ်ကိုင်းတစ်ခုကိုဖက်ထားသောကြောင့်ဖြစ်သည်။ သက်ဦးက စိတ်မရှည်သဖြင့် နောက်တစ်ချက်ထပ်ပစ်ရန် သေနတ်ဖြင့်ချိန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ထပ်ပစ်လဲ ကျည်ဆန်ကုန်ရုံပဲရှိမယ်၊ သူက ကျလာမှာမဟုတ်ဘူး"

"ဟင်... ဘာဖြစ်လို့လဲကွ"

"စောစောက မင်းပစ်လိုက်တဲ့ကျည်ဆန်ထိပြီး သူ သေသွားပြီ မသေခင် သစ်ကိုင်းကိုဖက်ထားတော့ အကြောတွေက သေသွားပြီ မင်း ဘယ်လိုပစ်ပစ် ကျမှာမဟုတ်ဘူး"

ထိုစကားကြောင့် သက်ဦးမှာ မျက်လုံးပြူးသွားလေသည်။

"ဒါ...ဒါဖြင့် ဘယ်လိုလုပ်ရမလဲ"

"ကျည်ဆန်နဲ့ပစ်လို့တော့ အကြောတွေပြေမှာမဟုတ်ဘူး အကြောတွေပြေအောင် အဆိပ်ပါတဲ့မြားနဲ့ပစ်ချမှ ရမှာကွ"

နီမောင့်စကားကြောင့် သက်ဦးက လက်ထဲမှသေနတ်ကို စိတ်ပျက်လက်ပျက်နှင့်ကြည့်လိုက်လေသည်။

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

နီမောင်က ဘာမှမပြောဘဲ မြားဘူးထဲမှ မြားတံတစ်ချောင်း ထုတ်ယူပြီး လေးညှိတပ်ကာ သစ်ပင်ပေါ်မှမျောက်ကို ပစ်သည်။

ပစ်မှတ်ကိုထိသည်။

သက်ဦးက နီမောင် လေးပစ်လက်ဖြောင့်ပုံကို စိတ်ထဲမှကျိတ်၍ ချီးကျူးလိုက်သည်။

ခဏကြာတော့ သစ်ပင်ပေါ်မှမျောက်ညိုကြီး အောက်သို့ ပြုတ်





ကျလာသည်။

နီမောင်က မြားတံကိုပြန်နုတ်ယူပြီး သွေးများကိုသုတ်၍ မြားဘူးအတွင်း ပြန်ထည့်လိုက်သည်။

သက်ဦးက မျောက်သေကြီးကို သယ်ယူရန်ပြင်ရာ နီမောင်က ပြောသည်။

"ထားခဲ့ပါ၊ အပြန်မှယူကြတာပေါ့"

ဟု ပြောကာ မျောက်သေကို သစ်ရွက်ကိုင်းများနှင့်အုပ်ကာ ထားခဲ့ပြီး ရှေ့သို့ခရီးဆက်ခဲ့သည်။

"မင်း နေရာမှတ်မိပါ့မလား"

"မှတ်မိအောင် သစ်ပင်တွေမှာ မှန်ကပ်ထားခဲ့မှာပေါ့"

"ငါတို့မှာ မှန်မှမပါတာ ဘာနဲ့ကပ်မှာလဲ"

"ငါပြောတဲ့မှန်က ကြည့်မှန်ကိုပြောတာမဟုတ်ဘူးကွ၊ သစ်ပင်မှာ မှန်ကွက်လိုဖြစ်အောင် အမှတ်အသားလုပ်ခဲ့တာကိုပြောတာ"

ဟု ပြောပြောဆိုဆိုနှင့် သစ်မင်ကြီးတစ်ပင်၏ပင်စည်တွင် ဓားဖြင့်မှန်ကွက်သဏ္ဍာန်အပိုင်းပေါက်ပြုလုပ်ကာ အောက်ဘက်တွင် လမ်းညွှန်အမှတ်အသား မြားပြထားခဲ့သည်။

နှစ်ယောက်သားထွက်လာကြရာ တစ်နေရာသို့ရောက်သော အခါ မရှောပင်ကိုတွေ့ရသဖြင့် နီမောင်က မရှောရွက်များကို ခူးယူပြီး ဝလိုင်းထဲထည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအရွက်တွေက ဘာလဲ"

"မရှေ့ရွက်လို့ခေါ်တယ်"

"ဘာသုံးမှာလဲ"

"အဆိပ်ဖြေဆေးအတွက် သုံးရတယ်"

သက်ဦးက တစ်ချက်ရယ်လိုက်သည်။

"မင်းကလဲ အလုပ်ရှုပ်ခံပြီး ဒီသစ်ရွက်တွေ ခူးမနေစမ်းပါနဲ့ ငါတို့ဆီမှာ နိုင်ငံခြားဖြစ် အဆိပ်ဖြေဆေးတွေ အများကြီးပါလာပါတယ်"

"ပါတော့လဲပါတာပေါ့၊ ငါတို့ တောသူတောင်သားတွေဆီမှာ နိုင်ငံခြားဆေးတွေမှမရှိတာ၊ သဘာဝဆေးမြစ်ဆေးဉတွေကိုပဲ အားကိုးရတယ်ကွ"

နီမောင် က မရှေ့ရွက်အတော်များများကို ပလိုင်းထဲခူးထည့်ပြီး ရှေ့သို့ ခရီးဆက်ခဲ့ကြရာ တစ်နေရာရောက်သောအခါ မနီးမဝေးရှိ သစ်ပင်ချုံတောထဲမှ လှုပ်ရှားနေသောသဏ္ဌာန်တစ်ခုကို နီမောင် က လှမ်းမြင်လိုက်သဖြင့် သက်ဦးကို လက်ဖြင့်တားလိုက်သည်။

သက်ဦးက အဓိပ္ပာယ် နားမလည်သောကြောင့် ကြည့်နေသည်။ ထိုအခိုက်မှာပင် သစ်ချုံအတွင်းမှ သတ္တဝါက အမြောက်ကျည်ဆန်ပမာ လျင်မြန်သောအရှိန်အဟုန်ဖြင့် ပြေးထွက်လာသည်။ ပြေးထွက်လာသောနှုန်းက မြန်လွန်းလှသည်။

နီမောင်က သက်ဦးကို နံဘေးသို့ တွန်းထုတ်လိုက်ပြီး သူကိုယ်





တိုင်ကလဲ အခြားတစ်ဖက်သို့ ခုန်ရှောင်သွားသည်။ မည်းမည်း သဏ္ဌာန်က လူနှစ်ယောက်ကြားမှ ဝေါခနဲထွက်သွားလေသည်။

အတော်ဝေးဝေးရောက်မှ ရပ်တံ့သွားပြီး သူတို့ဘက်သို့ ခေါင်း ပြန်လှည့်သည်။

အစွယ်နှစ်ချောင်းကြားမှ အမြှုပ်များတစီစီထွက်နေသော တောဝက်တောင်းတစ်ကောင်ပင်ဖြစ်၏။

သက်ဦးက ကြောက်လန့်နေသောကြောင့် သေနတ်ကြီးကိုင်ကာ ဘာလုပ်ရမှန်းမသိဘဲကြောင်ကြည့်နေသည်။

"မင်း မလှုပ်နဲ့ လှုပ်တာနဲ့ သူက မင်းဆီကို ရောက်လာလိမ့်မယ်၊ သူ့ရဲ့အမြန်နှုန်းက ကျည်ဆန်လိုပဲ"

ထိုသို့သတိပေးလိုက်သောကြောင့် သက်ဦးမှာ မလှုပ်ဝံ့တော့ပေ။ နီမောင်က ဝက်တောင်း အရှိန်ယူနေစဉ် ခါးမှဓားနှင့် ကျောမှာ လွယ်ထားသော လှံမကို အလျင်အမြန်ဖြုတ်ယူလိုက်ကာ လှံကို သူ့ရှေ့တည့်တည့်မှာ တိုင်သဖွယ်စိုက်ကာ ဓားကိုအဆင်သင့်ကိုင်ထား လိုက်သည်။

တောဝက်က ငြိမ်သက်နေသော သက်ဦးထက် လှုပ်ရှားနေသည့် နီမောင်ကို အာရုံရောက်သွားသည်။

ပါးစပ်တွင်းမှ ဖြူဖွေးသောအမြှုပ်များကလည်း တစီစီနှင့်ထွက် နေသည်။ ခဏကြာတော့ တောဝက်က လေးညှို့မှပစ်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



မြားတစ်စင်းပမာ နီမောင်ရှိရာသို့ အရှိန်ဖြင့်ပြေးဝင်လာသည်။ ထို အခိုက်အတံ့မှာ အသက်မရှူဖို့ မျက်တောင်မခတ်ဝံ့သောအချိန် ဖြစ်သည်။

အနီးသို့ရောက်သောအခါ တောဝက်၏ဦးခေါင်းကို တိုင်သဖွယ် စိုက်ထားသည့်လှံရိုးဖြင့် ရိုက်ဖယ်လိုက်ရာ အရှိန်ဖြင့် နံဘေးသို့ လဲကျသွားသည်။

ထိုအခိုက်အတံ့လေးမှာပင် နီမောင်က လျှားခနဲခုန်ဝင်သွားပြီး တောဝက်၏လက်ပတ်ကြားကို လှံဖြင့်စိုက်ချလိုက်သည်။

သို့သော် ဝက်က မာန်ထနေသောကြောင့် ချက်ချင်းမသေဘဲ ပြန်ထလာသောကြောင့် လှံကို ပြန်နုတ်ပြီး နောက်ဘက်မှ ထင်းရှူးပင်ကြီးတစ်ပင်ကို ကျောပေးကာ ရပ်လိုက်သည်။ ဒဏ်ရာရနေသော ဝက်က အစွယ်ဖြင့်ပြေးထိုးသည်။ အနီးသို့ရောက်လာသောအခါ နီမောင်က နံဘေးသို့ခုန်ရှောင်ပေးရာ ဝက်တောင်း၏အစွယ်က ထင်းရှူးပင်ကြီး၏ပင်စည်၌ စိုက်ဝင်သွားသည်။

နီမောင်က ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ထိုနေရာသို့ ပြေးလာပြီး ဝက်၏လည်ပင်းကို ဓားဖြင့်ပိုင်းချလိုက်ရာ တောဝက်မှာ မဟာန်နိုင်တော့ဘဲ လဲကျသွားလေတော့သည်။ အစွယ်နှစ်ချောင်းက ထိုသစ်ပင်မှာ ကျိုးကျန်ခဲ့သည်။

နီမောင်က ဝက်ကို ဂရုမစိုက်တော့ဘဲ ဝက်တောင်းမာန်စွယ်





နှစ်ချောင်းကို ဓားဖြင့်ကော်ထုတ်ယူလိုက်သည်။ ဝက်တောင်းမာန်စွယ်မှာ သိဒ္ဓိပြီးသည်ဆိုတာကိုတော့ မလှမ်းမကမ်းမှာရှိနေသော သက်ဦးက မသိရှာပေ။

နီမောင်ကလည်း သူမမြင်အောင်ကွယ်၍ ယူလိုက်ခြင်းဖြစ်သည်။

"ငါက ကတိပေးထားလို့ တိရစ္ဆာန်တွေရဲ့အသက်ကို မသတ်ချင်ပေမယ့် ဒင်းက အသက်ရန်ရှာလာတော့လဲ မလွဲသာလို့ သတ်လိုက်ရတယ်"

ဟု စိတ်ထဲမှာတွေးနေစဉ် သက်ဦးက အနီးသို့ရောက်လာလေသည်။

"နီမောင် မင်းကြည့်ရတာ တာဖံတစ်ယောက်လိုပါပဲ၊ အတော်မြန်တယ်၊ ငါသာဆိုရင် သေနတ်ကျည်ဆန်တောင်ထည့်ချိန်ရလိုက်မှာမဟုတ်ဘူး။ မင်းကယ်လို့သာပဲ"

ဟု ပြောနေသည်။

နီမောင်က ဘာမှ[illegible] ဝက်နှုတ်သီးများ၊ နားရွက်များ နှစ်ဖက်ကို ဓားဖြင့်လှီးဖြတ်ယူ၍ သစ်ရွက်စိမ်းတစ်ရွက်ပေါ်တင်ကာ တောပိုင်တောင်ပိုင်တို့ကို တင်မြှောက်လိုက်သည်။

ပြီးမှ ဝက်သေကောင်ကို ဝါးလုံးတစ်ချောင်းဖြင့်လျှိုထမ်းကာ မျောက်သေထားခဲ့ရာသို့ ပြန်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မျောက်သေပါသယ်ယူပြီး စခန်းသို့ပြန်လာခဲ့ကြလေသည်။

နီမောင်တို့ တောဝက်နှင့်မျောက် ရလာသည်ကိုမြင်သောအခါ ဦးဘဖော်နှင့် ဦးကျင်စွမ်တို့က ဝမ်းသာနေကြလေသည်။

"တောဝက်သားကို မချစ်ဥနဲ့ပြုတ်သောက်လိုက်လို့ကတော့ တောင်သုံးလုံးကိုထပ်ကျော်ရလဲ အားမကုန်တော့ဘူးဟေ့"

ဟု အားရဝမ်းသာပြောနေသည်။

စခန်းတွင် သောင်းထိုက်တို့နှစ်ယောက်လည်း ပြန်ရောက်နေသည်။

သူတို့နှစ်ယောက်ကတော့ လက်သီးဆုပ်နီးပါးကြီးလှသည့် အညိုရောင်သကြီးသုံးလုံး ရလာကြသည်။

"ဒီဥတွေ ဘယ်လိုရလာတာလဲ"

နီမောင်က မေးလိုက်သည်။

"သစ်ပင်ခွကြားက အသိုက်ကြီးတစ်ခုထဲက နှိုက်ယူလာတာ ပြုတ်စားရင် အားရှိတာပေါ့"

သောင်းထိုက်က ခပ်ပေါ့ပေါ့ပင်ပြောသည်။

"မင်းတို့ ဒီဥတွေကို မစားရင်ကောင်းမယ်"

"ဘာဖြစ်လို့လဲ"

"ဒါ မင်းတို့ထင်သလို ငှက်ဥတွေမဟုတ်ဘူး။ မြွေဥတွေ"





နီမောင့်စကားကြောင့် လူကြီးနှစ်ယောက်က အထိတ်တလန့်ဖြစ်သွားဟန်ရှိသော်လည်း လူငယ်များကတော့ ဂရုစိုက်ကြဟန်မတူပေ။

"မြွေဥဖြစ်ဖြစ် ဘာဖြစ်ဖြစ်ကွာ တောထဲမှာဆိုတော့ စားစရာတွေ့ရင် စားလိုက်တော့ အားရှိတာပေါ့"

ဟုဆိုကာ ချိုင့်တစ်လုံးနှင့် ဥကြီးသုံးလုံးကို ပြုတ်စားကြသည်။

နံနက်စာကို တောဝက်သားဟင်းနှင့်တစ်ဝကြီးစားသောက်ကြပြီးနောက် ပိုသောအသားများကို အခြောက်ပြုလုပ်ကာ ထည့်ယူကြပြီး ခရီးဆက်ကြသည်။

တစ်နေ့တာ ခရီးဆက်သောအခါ နှင်းထုနှင်းခဲများဖုံးနေသော တောင်ရှင်ပြင်မှကျော်ပြီး တောတွင်းမှ ဖြတ်သွားကြရလေသည်။

တစ်နေရာသို့ရောက်သောအခါ နောက်ဘက်မှတောတိုးလိုက်လာသောခြေသံကို ကြားကြရသည်။ သူတို့အဖွဲ့ တောင်ကိုကျော်လျှင် တောထဲမှလိုက်သည်။ တောင်တန်းများပေါ်မှကျော်လျှင် တောင်တန်းများပေါ်မှာ လိုက်လာသည်။

ခြေသံကြားရ၍ ရပ်ပြီးစောင့်ပြန်တော့လည်း ဘာမှ ထူးထူးခြားခြားမတွေ့ရပေ။

ညနေ နေဝင်သွားသောအခါ တောထဲ၌ရှိသော ကုန်းတစ်ကုန်းပေါ်မှာ အနားယူကြလေသည်။



www.burmeseclassic.com

ထိုနေ့ညက ပင်ပန်းလာသောကြောင့် ပါလာသောအရက်နှင့် အစားအသောက်များကို တစ်ဝစားသောက်ကြပြီး အိပ်ကြလေသည်။

အလှည့်ကျကင်းစောင့်ကြသော်လည်း ကင်းအလှည့်ကျသူများ အရက်မူးနေသောကြောင့် သစ်ပင်ကြီးကိုမှီကာ အိပ်ပျော်နေလေပြီ။

နေ့လယ်ပိုင်းက တစ်နေကုန်ပင်ပန်းထားသောကြောင့် စာချိုး သည်နှင့် မီးပုံနှင့်မနီးမဝေးတွင် ခေါင်းချပြီးအိပ်လိုက်ရာ ခဏလေးမှာ ပင် အိပ်ပျော်သွားလေတော့သည်။

အချိန်မည်မျှကြာအောင်အိပ်ပျော်သွားသည်မသိပေ။ နားထဲမှာ ထူးခြားစွာတိုးဝင်လာသောအသံကြောင့် ဖျတ်ခနဲလန့်နိုးလာလေ တော့သည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိရာမှ မြွေ တစ်ကောင်၏နှာမှုတ်သံကဲ့သို့ တရှုးရှူးမြည်သံကို ကြားလိုက်ရသဖြင့် မျက်စိကို ဖွင့်ကြည့်လိုက်သည်။

"ဟင် ..."

နီမောင် မိမိမျက်စိကိုပင် မယုံနိုင်လောက်အောင်ဖြစ်သွားတော့ သည်။

လူတစ်ယောက်၏ခြေသလုံးအရွယ်လောက် လုံးပတ်ကြီးသော တောကြီးမြွေဟောက်ကြီးတစ်ကောင်က အိပ်ပျော်နေသူများ၏ အပေါ်မှမိုးကာ ပါးစပ်များကို လိုက်နမ်းနေသည်။





ထိုသို့နမ်းနေစဉ် လျှာနှစ်ခွက ထွက်လိုက်၊ ဝင်လိုက် ဖြစ်နေလေ သည်။

ဦးဘဖော်ကိုနမ်းသည်။ ပြီးမှ ဦးကျင်စွမ်ကို နမ်းသည်။ ထိုနှစ် ယောက်ပြီးသောအခါ နီမောင်ရှိရာသို့ရောက်လာကာ မျက်နှာပေါ်မှ အုပ်မိုးပြီး ပါးစပ်နှင့်မျက်နှာတစ်ဝိုက်ကို လိုက်လံနမ်းကြည့်သည်။

ထိုအခါမှ မြွေမှာ လုံးပတ်ကြီးသလို အလျားကလည်း အတော် ရှည်လျားလှသည်။ လူအပေါ်မှမိုးကာ လိုက်လံနမ်းကြည့်နေစဉ်မှာ ပင် အောက်ဘက်မှာ အခွေလိုက်ကြီးကျန်နေလေသည်။

မိမိမျက်နှာကို လာရောက်နမ်းနေစဉ် မြွေ၏မျက်နှာကို အနီး ကပ်တွေ့နေရ၍ ထိတ်လန့်ကြောက်ရွံ့လှသဖြင့် အသက်ပင်မရှူဝံ့ အောင်ဖြစ်နေသည်။

ယခုအချိန်မှာ အပေါ်မှမိုးကာ ပေါက်ချလိုက်လျှင် ဘယ်လိုမှ လွတ်လမ်းမရှိနိုင်တော့ပေ။

အတန်ကြာတော့ နီမောင့်ကိုယ်ပေါ်မှ လျှောခနဲပြန်ဆင်းသွားပြီး သောင်းထိုက်၊ သက်ဦးနှင့် ပရစ်တို့၏ကိုယ်ပေါ်သို့ တစ်ယောက်စီကို လိုက်လံနမ်းကြည့်နေသည်။

အခြေအနေမကောင်းလှသဖြင့် နီမောင်က ဘေးနားမှာချထား သော လေးနှင့်မြားကို အဆင်သင့်ယူထားလိုက်သည်။

တစ်ယောက်စီ လိုက်လံနမ်းပြီးသောအခါ မြွေသည် ဖြီးခနဲပါးပျဉ်း

www.burmeseclassic.com



ထောင်လိုက်ပြီး ပရစ်ဆိုသူအား ပေါက်ချလိုက်သည်။

"အား"

ပရစ်၏အော်သံကြီး ပေါ်ထွက်လာသည်။ ထိုအော်သံကြောင့် အားလုံး လန့်နိုးလာကြသည်။

မြွေက နောက်တစ်ချက်ထပ်ပေါက်ရန် အားယူလိုက်စဉ်မှာ နီမောင်က လှဲနေရာမှ ဖျတ်ခနဲထ,ကာ နောက်သို့ အားယူနေသော မြွေ၏ပါးပျဉ်းကို မြားဖြင့်ပစ်လိုက်သည်။

"ဝှစ်"

"ဖောက်"

မြားက အမြီးဖျားအထိဖောက်ဝင်သွားပြီး နောက်ဘက်တွင်ရှိနေသော သစ်ပင်မှာ သွားစိုက်နေသည်။

မြွေက ဆောင့်ရုန်းရာ အမြီးနှင့်ရိုက်မိသော သစ်ပင်သစ်ကိုင်းများ ကျိုးပဲ့ထွက်ကုန်လေတော့သည်။

"ဝုန်း ... ဝုန်း"

ဦးဘဇော်တို့အဖွဲ့မှာ သေနတ်များကိုပင် မယူနိုင်တော့ဘဲ ဘေး လွတ်ရာသို့ ရှောင်ပြေးကြသည်။

နီမောင်က နောက်ထပ်မြားတံတစ်ချောင်းကို အလျင်အမြန် ထပ်ပစ်သည်။ ခွက်နေသောပါးပျဉ်းကို ထပ်ထိပြီး မြားတံက သစ်ပင် မှာထပ်စိုက်သည်။





မြွေက ရုန်းသည်။

သည်တစ်ကြိမ်တော့ မြားက အရှိန်ပြင်းသဖြင့် အလွယ်တကူ ပြုတ်ထွက်မလာပေ။

ထိုအခွင့်အရေးကို အမိအရယူကာ ဓားကိုဆွဲယူပြီး ပြေးသွားကာ မြွေ၏ဦးခေါင်းကို ခုတ်ဖြတ်လိုက်သည်။

"ဒုတ်"

ဓားမှာ အမဲလိုက်ဓားဖြစ်သဖြင့် အသွားထက်လှသောကြောင့် မြွေခေါင်းမှာ ပြတ်လုပြတ်ခင်ဖြစ်ကာ မြေပေါ်သို့ ယိုင်ကျသွားသည်။

ထိုအခါ ဦးခေါင်းကမလှုပ်နိုင်တော့သဖြင့် အမြီးနှင့်ကိုယ်လုံးက တွန့်လိမ်ရိုက်ခတ်ချက်ရှိလေရာ အနီးပတ်ဝန်းကျင်ရှိ သစ်ပင်သစ်ကိုင်း တို့မှာ ကျိုးပြတ်ကြေမွကုန်လေတော့သည်။ အတန်ကြာသောအခါ မှ တဖြည်းဖြည်းနှင့်ငြိမ်ကျသွားလေတော့သည်။

မီးဖိုမှမီးရောင်ဖြင့် မြွေကိုတွေ့မြင်နေရသည်။ မြွေကိုယ်မှ ပန်း ထွက်လာသောသွေးများမှ မြင်မကောင်းအောင်များလှပေသည်။

မြွေအန္တရာယ်ကင်းသွားတော့မှ ဦးဘဇော်တို့အဖွဲ့မှာ တောထဲမှ ပြန်ထွက်လာကြသည်။

မြွေပေါက်ခံထားရသော ပရစ်ကတော့ နေရာမှ မထနိုင်တော့ ပေ။

နီမောင်က အနီးသို့သွားကာကြည့်လိုက်တော့ မြွေသိပ်တက်



www.burmeseclassic.com

www.burmeseclassic.com



ကာ သတိလစ်နေသော်လည်း အသက်ကတော့ ရှူနေသေးသည်။ ခြေပေါက်ခံရသောနေရာမှာ ပန်းစွန်းတွင်ဖြစ်သည်။

နီမောင်သည် တွေတွေထူးထူးစဉ်းစားမနေတော့ဘဲ ဓားကို မီးကင်ပြီး ဒဏ်ရာကိုခွဲကာ အဆိပ်များကို စုပ်ထုတ်ပစ်လိုက်သည်။

ထို့နောက် တောထဲမှ သူ ခူးလာခဲ့သောမရှော့ရွက်ကိုကြိတ်၍ ဒဏ်ရာကိုအုံပေးခြင်း၊ အရည်ညှစ်၍ ပါးစပ်ထဲသို့လောင်းထည့်ခြင်းများကို အလျင်အမြန်ပြုလုပ်ပေးလိုက်ရာ နာရီဝက်ခန့်ကြာတော့ ပရစ် အနည်းငယ်လှုပ်လာသည်။

ခြေကိုက်သောဒဏ်ရာပေါ်မှာအုပ်ထားသော ဆေးများကိုလည်း မကြာခဏ အသစ်အုံပေးလေသည်။

အတန်ကြာတော့ ပရစ်မှာ လုံးလုံးလျားလျားသတိမရသေးသော်လည်း အသက်မှန်မှန်ရှူကာ အိပ်ပျော်သွားသောအဆင့်သို့ ရောက်သွားတော့မှ နီမောင်လည်း နားရလေတော့သည်။

“မင်းပါလာလို့ပဲ နီမောင်ရေ၊ တို့ချည်းသာလာရရင်တော့ ဘာလုပ်ရမှန်းမသိတာနဲ့ကို သေမှာပဲ၊ မင်းကို ကျေးဇူးတင်ပါတယ် နီမောင်ရယ်။ ဒီမြွေက ဘယ်တုနေဘယ်လို တို့နောက်ကို လိုက်လာတာလဲ”

ဟု မေးသည်။

နီမောင်က သွေးများစွန်းနေသောဓားကို အသေအချာသုတ်နေ





ရင်း ...

“ဒီမြွေက ကျုပ်တို့ ပထမ စခန်းချတဲ့နေရာကနေ နောက်က လိုက်လာတာပဲ၊ လမ်းမှာကြားနေရတဲ့အသံဟာ သူ တောတိုးလာတဲ့ အသံပဲ”

ဟု ပြောပြလိုက်သည်။

“အဝေးကြီးပါလား၊ ဘာကြောင့်လိုက်လာတာလဲ”

“ဒီအဖွဲ့ကလူတွေက သူ့ဥတွေယူလာပြီး ပြုတ်စားလို့ လိုက်သတ်တာ၊ ဒီမြွေမျိုးက သိပ်ပြီးကြောက်ဖို့ကောင်းတယ်၊ သူ့ရဲ့ဥကို ယူစားမိလို့ကတော့ တောခုနစ်တော၊ တောင်ခုနစ်တောင်ကျော် အောင် လိုက်ပြီးသတ်လေ့ရှိတယ်”

“အတော်ကြောက်ဖို့ကောင်းပါလား၊ မင်းကယ်လိုက်လို့သာပဲ၊ မဟုတ်ရင် အားလုံး သေကုန်ကြပြီပေါ့”

“ဒီမြွေမျိုးက လူအားလုံးကို မသတ်ပါဘူး။ ပါးစပ်ကို လိုက်နမ်းကြည့်ပြီးမှ သူ့ဥကိုစားတဲ့သူကိုပဲ သတ်တာပါ၊ လူ ဘယ်လောက်များများ စားတဲ့လူကိုပဲ ရွေးသတ်လေ့ရှိတယ်”

“တော်ပါပြီကွာ၊ နောက်ဆိုရင် တောထဲမှာ ကိုယ်မသိတဲ့ အစား အသောက်ဆိုရင် မစားတာဘဲကောင်းပါတယ်”

“တောထဲတောင်ထဲမှာဆိုတော့ မာယာများသလို အန္တရာယ်လဲ များလေတော့ သတိဆိုတာ ပိုတယ်မရှိဘူး၊ ရှေ့လျှောက်ပြီး အစစ



www.burmeseclassic.com

www.burmeseclassic.com



အရာရာ သတိထားကြရင် မမှားပါဘူး”

ထိုညက သူတို့အားလုံး ပြန်မအိပ်ဖြစ်ကြတော့ပေ။

လက်ဖက်ရည်တစ်အိုး ကျိုသောက်ရင်း တဖြောက်ဖြောက် ကျဆင်းလာသော နှင်းထုရဲ့အအေးဒဏ်ကို ကြံ့ကြံ့ခံကာ စကားပြော နေကြလေတော့သည်။

နာဂတောင်တန်းပေါ်မှ နှင်းက အသင်းအဖွဲ့နှင့်ကျဆင်းလျက် ရှိလေသည်။

✳✳✳✪✳✳✳





အခန်း (၈)

## တောင်ပေါ်နာဂရွာမှ ရင်ခုန်ရသော ကံပွဲ

နောက်တစ်နေ့နံနက်စောစောအချိန်တွင် စခန်းနှင့် မနီးမဝေးမှ မျောက်အော်သံများကြားရသည်။ ထိုအခါ ဦးကျင်ဖွမ်က သောင်းထိုက် ကို မျောက်ပစ်သွားရန် စေခိုင်းလိုက်သည်။

“ဒါတို့မှာပါတဲ့အရက်နဲ့ မျောက်သွေးနဲ့သောက်ရင် သိပ်ပြီးအားရှိ တယ်ကွ၊ တစ်ကောင်လောက်ရအောင်သွားပစ်ခဲ့ကွာ”

ဟု စေခိုင်းသောကြောင့် သောင်းထိုက်က သေနတ်တစ်လက် ဆွဲကာ ထွက်သွားလေသည်။

မျောက်အော်သံများမှာ စခန်းနှင့်မဝေးလှသောကြောင့် သောင်းထိုက်က တစ်ယောက်တည်းထွက်ခဲ့ခြင်းဖြစ်၏။ တောအုပ်



www.burmeseclassic.com

www.burmeseclassic.com



တွင်းရောက်တော့ သစ်ပင်များပေါ်မှာ လှုပ်ရှားနေသောမျောက်များကို လှမ်းမြင်ရသည်။

မျောက်များက သူဝင်လာတာမြင်တော့ တစ်ကောင်နှင့်တစ်ကောင် အချက်ပေးကာ ဆူညံစွာအော်ဟစ်နေကြသည်။ သောင်းထိုက် သစ်ပင်အောက်ရောက်တော့ မျောက်များက သစ်ရွက်များကြားမှာ ပုန်းအောင်းနေသောကြောင့် တစ်ကောင်မှမတွေ့ရတော့ပေ။

သို့သော်လည်း သစ်ပင်တစ်ပင်ပေါ်မှာ သားငယ်တစ်ကောင်ကိုပွေ့ချီထားသော မျောက်မတစ်ကောင်ကို လှမ်းမြင်သွားသည်။

မျောက်မကြီးမှာ သားငယ်ကလေးကို တစ်ဖက်မှာ ပွေ့ထားရသောကြောင့် လုံခြုံအောင်မပုန်းနိုင်ရှာပေ။ သို့ကြောင့် သောင်းထိုက်က အလွယ်တကူတွေ့မြင်သွားကာ သေနတ်ဖြင့် ချိန်ကာ ပစ်ချလိုက်သည်။

"ဒိုင်း ....."

သေနတ်သံက ဆူညံစွာပေါ်ထွက်လာသလို မျောက်အော်သံများကလည်း တောတစ်တောလုံး ဆူညံသွားလေတော့သည်။ ပစ်လိုက်သောကျည်ဆန်မှာ မျောက်မကြီးကို ထိမှန်သွားဟန် ရှိလေသည်။

ခဏကြာတော့ သွေးစက်များ တပေါက်ပေါက်နှင့် ကျလာလေသည်။ သို့သော် အောက်သို့ကျမလာပေ။





လက်တစ်ဖက်က သစ်ကိုင်းကိုဖက်ထားပြီး ကျန်တစ်ဖက်က ရင်ခွင်ထဲမှကလေးငယ်ကို ပွေ့ထားလေသည်။

အတန်ကြာအောင် စောင့်ကြည့်သော်လည်း ကျမလာသောကြောင့် သောင်းထိုက်က နောက်တစ်ချက်ထပ်ပစ်ပြန်သည်။

"ဒိုင်း ....."

ဒီတစ်ချက်လည်း ထိပြန်သည်။

သို့သော် မျောက်မက သစ်ကိုင်းကိုဖက်ထားရင်းနှင့် သေဆုံးသွားလေသည်။

သောင်းထိုက်မှာ ဘယ်လိုလုပ်ရမှန်းမသိအောင် အကြံအိုက်သွားလေသည်။

သေဆုံးနေသောမျောက်မကြီး၏ရင်ခွင်ထဲမှာ မျောက်ငယ်ကလေးက အော်နေသည်။

ထိုအခိုက်မှာပင် သူ့နောက်မှာ ခြေသံလိုလိုကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ တောစပ်မှ သူ့ကို ဒေါသမျက်လုံးဖြင့်လှမ်းကြည့်နေသော မိန်းမပျိုတစ်ယောက်ကို တွေ့ရသည်။

သောင်းထိုက်က တအံ့တသြနှင့် မိန်းကလေးကို ကြည့်နေစဉ် တစ်ဖက်တောတွင်းမှ ကျားဟိန်းသံပေါ် လာသည်။ ကျားဟိန်းသံမှာ သူရှိရာနှင့် မဝေးလှသောကြောင့် အလန့်တကြားလှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာမှာ သစ်ပင်များလှုပ်သွားသည်ကိုတွေ့လိုက်ရပြီး အခြား ဘာမှတော့မတွေ့ရပေ။

နောက်ဘက်သို့ပြန်လှည့်ကြည့်လိုက်သောအခါ စောစောက မိန်းကလေး မရှိတော့ပေ။

"ဒါ ငါ့ကို တောခြောက်တာပဲဖြစ်မယ်၊ ဒီလောက်နက်တဲ့ တောထဲမှာတော့ မိန်းကလေးတစ်ယောက်တည်း သွားလာနေတယ်ဆိုတာ မဟုတ်နိုင်ဘူး။ အို... ဘာပဲဖြစ်ဖြစ် လာသမျှအကောင်ကတော့ သေနတ်စာအမိပဲ"

ဟု စိတ်ထဲမှကြိမ်းဝါးကာ သေနတ်ကိုပြင်ထားလိုက်လေသည်။ သို့သော်လည်း နောက်ထပ်အချိန်ကြာသွားသည်အထိ အခြေအနေက ဘာမှမထူးခြားတော့ပေ။

သို့ကြောင့် စောစောက သစ်ပင်ပေါ်မှာသေဆုံးနေသော မျောက်မကြီးကို သစ်ပင်အောက်ကျလာစေရန် အမျိုးမျိုး စဉ်းစားကြည့်နေသည်။

ထိုအချိန်မှာပင် တောတိုးလာသံကြားရပြီး နီမောင် ရောက်လာသည်။

"ဘာပစ်တာလဲ"

"မျောက်ပစ်တာကွ၊ ကျည်ဆန်မှန်ရက်သားနဲ့ အောက်ကိုမကျလာဘူး၊ ဘယ်လိုလုပ်ရမလဲ"





နီမောင်က သစ်ပင်ပေါ် မော့ကြည့်ရင်း သက်ပြင်းချလိုက်သည်။

"မင်း မှားသွားပြီကွ"

"ဘာမှားတာလဲ"

"တောထဲမှာ လိုက်နာရမယ့်၊ ရှောင်ကြဉ်ရမယ့်စည်းကမ်းတွေရှိတယ်"

"အဲဒါတွေ ငါမှမသိတာ"

"တောကောင်တွေမှာ စည်းကမ်းရှိသလို တောလိုက်မုဆိုးတွေအလဲ ရှောင်ကြဉ်ရမှာတွေရှိတယ်။ မိတ်လိုက်နေတဲ့အချိန်၊ သဘာဝအားကြုံနေတဲ့အချိန်၊ သားသည်အမေဖြစ်နေတဲ့အချိန်၊ နာမကျန်းဖြစ်နေတဲ့ တောတိရစ္ဆာန်တွေကိုတွေ့ရင် ဘယ်လိုအကြောင်းနဲ့မှ မသတ်ဘူး။ လူတွေက စည်းကမ်းထားရသလို တိရစ္ဆာန်အချင်းချင်းလဲ စည်းကမ်းထားကြရတယ်"

"တိရစ္ဆာန်တွေက ဘယ်လိုထားတာလဲ"

"တောမီးလောင်တဲ့အခါမှာပဲဖြစ်ဖြစ်၊ ရေကြီးတဲ့အခါမှာပဲဖြစ်ဖြစ် သေပြင်းမုန်တိုင်းတွေကျတဲ့အခါ တောင်ပြိုလို့ ပြေးရတဲ့အခါ ကျားက သမင်ကိုတွေ့ရင် မစားရဘူး။ မြွေနဲ့ဖား အတူတူရှိနေရင်တောင် စားရဘူး"

"ထားပါတော့ကွာ၊ ဒါတွေ ငါမှမသိတာ။ ဒါထက်နေပါဦး ဒီမျောက်က သစ်ပင်ပေါ်မှာသေနေတာတောင် ဘာကြောင့် အောက်

www.burmeseclassic.com



မကျတာလဲ"

"မင်း တစ်သက်လုံးထိုင်စောင့်နေရင်တောင် အဲဒီမျောက်က အောက်ကိုကျမှာမဟုတ်ဘူး။ သူ့မှာ သားဖောရှိတယ်၊ သူ့သား အောက်ကိုပြုတ်ကျမှာစိုးလို့ ဖက်ထားတာ၊ ဘယ်တော့မှမကျဘူး"

ထိုသို့ပြောသဖြင့် စိတ်ပျက်လက်ပျက်နှင့် အခြားမျောက်များ ပစ်ရန်ကြည့်တော့လည်း မတွေ့ရတော့ပေ။ ထိုအချိန်မှာပင် တောထဲမှ ကျားဟိန်းသံ ထပ်ကြားရသဖြင့် နှစ်ယောက်သား စခန်းသို့ပြန် ကြလေသည်။ ထို့နောက်တွင် ထိုနေရာမှ စခန်းသိမ်းကာ ခရီးဆက် ကြလေသည်။

ဦးဘဇော်တို့ သွားလိုသောနေရာမှာ ကတိုးများတွေ့နိုင်သည် မဟုတ်ဘဲ တောင်ပေါ်နာဂရွာများရှိရာဘက်သို့ ဖြစ်သောကြောင့် နီမောင်မှာ ဇဝေဇဝါဖြစ်သွားလေသည်။ သို့သော်လည်း လိုက်ထား မှတော့ ဘာမှထပ်မမေးတော့ပေ။ နှစ်ရက်ခန့် ခရီးဆက်မိသောအခါ တောင်ပေါ်နာဂရွာတစ်ရွာသို့ ရောက်သွားကြလေတော့သည်။

ရွာဟုသာဆိုရသော်လည်း တောင်တန်းပေါ်ရှိ ဝူများအတွင်း၌ ဖြစ်သလိုနေထိုင်ကြသည်။ အဝတ်အစားကို မည်မည်ရရ ဝတ်ရသည် မရှိဘဲ ယောက်ျားများက တိရစ္ဆာန်သားရေများ၊ မိန်းမများက ချည် တစ်မျိုးဖြင့်ရက်ထားသော ဖျင်စများကို ပတ်ထားကြသည်။

မိန်းမများ၏လည်ပင်းတွင် ငွေကွင်းများနှင့် ကျောက်တုံးကလေး





များကိုသီထားသောကြောင့် ဆွဲကြိုးများကို ဆွဲထားသည်။ အစဉ် အေးမြနေသောတောင်တန်းပေါ်မှာနေကြသောကြောင့် အသား မမည်းလှဘဲ အချို့မိန်းမများမှာ ရုပ်ရည်အသင့်အတင့်ရှိကြသည်။

ထိုရွာကလေးမှာ နာဂရွာကလေးဖြစ်ပြီး ရွာလူကြီးမှာ ဖမုန်းထန် ဖြစ်ပေသည်။

နီမောင်က တောင်ပေါ်သားများနှင့်မစိမ်းလှသောကြောင့် အကျိုး အကြောင်းပြောပြ၍အကူအညီတောင်းသောအခါ ရွာသူကြီးက သူတို့ အဖွဲ့ကို ဝူတစ်ဝူအတွင်းသို့ ခေါ်သွားသည်။

၎င်းတို့ပြောသောစကားမှာ တောင်ပေါ်နာဂစကားဖြစ်သော် လည်း နီမောင်က အတန်အသင့်နားလည်သောကြောင့် အဆင်ပြေ သည်။

ရွာခံများက သူတို့ကို တောင်ပေါ်ဒေသတွင် ချက်လုပ်သော အရက်တစ်မျိုးနှင့် အသားခြောက်မီးကင်များကို ချကျွေးသည်။

အသားခြောက်ကိုစားသောအခါ သာမန်ထက်ပိုပြီးချိုနေသဖြင့် မေးကြည့်သောအခါ ပျားရည်နှင့်သုတ်၍ မီးကင်ထားတာဖြစ်ကြောင်း ပြောပြသည်။

"ခင်ဗျားတို့ရောက်လာတာ အတော်ပဲ၊ ကျုပ်တို့ရွာမှာလဲ အခု တော်တော်လေးဒုက္ခရောက်နေကြတယ်"

"ဘယ်လိုဒုက္ခရောက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြောက်ပိုင်းဘက်က ရောက်ရောက်လာတဲ့ ကျားလူတွေက ကျုပ်တို့ရွာကို ရောက်လာပြီး လူတွေကိုလဲသတ်တယ်၊ ဒီမှာရှာဖွေထားတဲ့ အမဲသားငါးတွေကိုလဲ ယူသွားကြတယ်"

"ကျားလူဆိုတာ ဘယ်လိုလူမျိုးလဲ၊ ဘယ်မှာရှိတာလဲ"

"မြောက်ပိုင်းတောနက်တွေထဲမှာနေကြတယ်၊ နေရာ အတည်တကျတော့မရှိဘူး၊ လူတော့ လူတွေပါပဲ၊ ဒါပေမယ့် တောထဲမှာ အနေကြာလို့လားမသိဘူး သူတို့ရဲ့လှုပ်ရှားမှုတွေက ကျားတစ်ကောင်လိုပဲ အတော်မြန်တယ်၊ ခုန်ပျံကျော်လွှားတာတွေက သာမန်လူတွေထက် သာတယ်"

"ခင်ဗျားတို့မှာလဲ ဓား လှံ၊ လက်နက်တွေရှိတာပဲ၊ ပြန်မတိုက်ကြဘူးလား"

"တိုက်တာပေါ့ဗျာ၊ ဒါပေမယ့် ကျုပ်တို့လက်နက်တွေက သူတို့ကို တိုက်တဲ့အခါ မထိရောက်ဘူးဗျ"

"သူတို့က ဘာလက်နက်တွေနဲ့ လာတိုက်တာလဲ"

"တခြားတော့ ထွေထွေထူးထူး ဘာလက်နက်မှ မပါပါဘူး၊ သူတို့ရဲ့လက်သည်းခွန်တွေထဲမှာ အဆိပ်တွေပါတယ်၊ နောက်ပြီး လူကို ခွစီးမိတာနဲ့ လည်ချောင်းကို ကိုက်ဖောက်သတ်တာပဲ၊ ပါးစပ်ထဲမှာ အစွယ်လိုချွန်ထက်တဲ့သွားတွေပါတယ်"

ဟု ပြောပြလေသည်။





"အင်း... အတော်ကြောက်စရာကောင်းပါလား၊ ကျုပ်တို့က သူတို့ရှိတဲ့နေရာကိုသွားဖို့ လာခဲ့ကြတာပဲ"

"ဘာလို့သွားကြမှာလဲ"

"ကျုပ်တို့ပစ္စည်းတွေကို လုယူထားလိုက်လို့ သွားပြန်ပြီး ပြန်ယူမှာပါ"

"အန္တရာယ်တော့ အတော်များတယ်၊ သူတို့နေတဲ့ရွာကို ဒီရွာက တစ်ယောက်နှစ်ယောက်တွေ့ဖူးတယ်လို့ ပြောတယ်၊ အမဲလိုက်ရင်းနဲ့ နယ်ကျွံပြီးတော့ရောက်သွားတာ၊ သူတို့က ကျောက်ဂူတွေထဲမှာ၊ လိုဏ်ခေါင်းတွေထဲမှာ နေတယ်တဲ့၊ အဲဒီအထဲကနေ ထွက်ထွက်ပြီး လာကြတာ"

"ဒါပေမယ့် ကျုပ်တို့ကတော့ သွားရမှာပါပဲ၊ ဒီကနေ လမ်းပြ ထည့်ပေးလို့ရမလား၊ အခကြေးငွေပေးပါ့မယ်"

"အခကြေးငွေ မလိုပါဘူး၊ မိတ်ဆွေကြီးတို့သွားရင် ဒီက ရောက်ဖူးတဲ့ရွာသားတစ်ယောက်ထည့်ပေးလိုက်ပါ့မယ်၊ ဒါပေမယ့် ခုတော့ တောင်ပေါ်မှာ ရာသီဥတုမကောင်းသေးဘူး၊ နှင်းတွေ သိပ်ကျနေတယ်၊ ဒီအချိန်မျိုးမှာ တောင်ပေါ်သွားရင် အန္တရာယ်တွေ့လိမ့်မယ်၊ ဒီတော့ တစ်ရက်နှစ်ရက် ဒီရွာမှာပဲနေကြဦးပေါ့၊ ဒီလိုရာသီဥတုဆိုးတဲ့ အချိန်တွေမှာ ကျားလူတွေရောက်ချင်ရောက်လာတတ်ပါတယ်"

ဟု ဇမုန်းထန်က ပြောသဖြင့် နီမောင်တို့အဖွဲ့လည်း တောင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ရွာကလေးမှာ စခန်းချကြလေသည်။

ဇမုန်းထန်က သူတို့အား ဝှတစ်ဝှ သီးသန့်ပေးထားပြီး ရေနှင့် အစားအသောက်များကို ပို့ပေးလေသည်။ ရွာရှိမိန်းကလေးအချို့ထ လာပို့ပေးခြင်းဖြစ်သည်။

၎င်းတို့မှာ ရုပ်ရည်ချောမောလှပသည် မဆိုသာသော်လည်း ကိုယ်လုံးကိုယ်ထည်တောင့်တင်းလှသဖြင့် သောင်းထိုက်တို့အဖွဲ့မှာ အာသာငမ်းငမ်းဖြင့်ကြည့်နေကြသည်။

ခန္တီးနယ်တစ်ဝိုက်တွင် နာဂတိုင်းရင်းသားများရှိကြရာ နာဂမျိုး နွယ်များသည် တောင်ပေါ်မြေပြန့်တစ်ဝိုက် သူ့အမျိုးအနွယ်နှင့်သူ သူ့အုပ်စုနှင့်သူ အခြေစိုက်နေထိုင်ကြသည်။

တောင်တန်းများပေါ်မှာ လူမသိ သူမသိ နေထိုင်ကြသော နာဂ မျိုးနွယ်များထဲတွင် ဇမုန်းထန်တို့ နာဂမျိုးနွယ်များလည်းပါလေသည်။

နာဂတို့၏ အခြေချနေထိုင်သောနေရာမှာ တောတောင်ထူထပ် သောနေရာဒေသများဖြစ်ပြီး မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နယ်စပ် ဒေသများ၌ ဖြစ်သည်။ နာဂတောင်တန်းတစ်လျှောက်တွင် …

(က) နာဂတောင်တန်း၊ (ခ) ဇင်္ဂလိန်ခန္တီးစော်ဘွားနယ်နှင့် လီဆိုင်နယ်၊ (ဂ) ဘုမ္မရာနယ်၊ (ဃ) သောင်ထွတ်စော်ဘွားနယ်နှင့် (င) ဟုမ္မလင်းတိုင်းခွဲ စသည်တို့ပါဝင်သည်။ ၈၄၇၉ စတုရန်းမိုင်ခန့် ကျယ်ဝန်းပြီး ၁၉၅၆ ခုနှစ် စာရင်းအရ လူဦးရေ ၁၃၇၅၈၁ ယောက်





ရှိသည်အနက် အများစုမှာ နာဂများဖြစ်ကြသည်။ နာဂတောင်တန်း မှာ ပတ်ကွိုင်တောင်တန်းနှင့် ချင်းတွင်းမြစ်အကြား၌ တည်ရှိလေ သည်။

အနောက်ဘက်နှင့် မြောက်ဘက်တို့တွင် ပတ်ကွိုင်တောင်တန်း၊ အရှေ့ဘက်တွင် ချင်းတွင်းမြစ်နှင့် တောင်ဘက်တွင် နန်းတလိပ် ချောင်းတို့က ဝန်းရံတည်ရှိလျက်ရှိသည်။

နာဂတောင်တန်းတွင် ထင်ရှားသောချောင်းမကြီးသုံးသွယ် ရှိ သည်။ နမ်းခေါ်ချောင်းသည် နာဂတောင်တန်း၏ အလယ်ဗဟိုခန့်တွင် အနောက်မှအရှေ့သို့ ဖြတ်သန်းစီးဆင်းသည်။

နမ်းဖွတ်ချောင်းမှာမူ မြောက်မှတောင်သို့ စီးဆင်းလေသည်။ နမ်းချာရင်ချောင်းသည် အနောက်မှတောင်သို့ စီးဆင်း၍ ဇင်္ဂလိန်ခန္တီး မြို့၏ အထက်(၉)မိုင်ခန့်အကွာတွင် နမ်းဖွတ်ချောင်းနှင့် ပေါင်းဆုံမိ သည်။

နာဂတိုင်းရင်းသားတို့သည် မြန်မာနိုင်ငံ အနောက်မြောက်ဘက်၊ အိန္ဒိယ နိုင်ငံနှင့် မြန်မာနိုင်ငံနယ်စပ်ရှိ နာဂတောင်တန်း၌ အနေများ ကြလေသည်။

သီးခြားနေထိုင်သောအုပ်စုကလေးများကိုလိုက်၍ နာဂအမျိုးစု ပေါင်းများစွာကွဲပြားသွားလေသည်။

တိုင်းရင်းသားအားဖြင့် နာဂဟူ၍ တစ်မျိုးတည်းဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ရာဒေသအလိုက် စကားနှင့် မလေ့ထုံးစံများအနည်းငယ်စီ ကွဲပြားခြားနားသွားလေသည်။ ထိုညတွင် ဇမုန်းထန်က ဧည့်သည်များအား မီးပုံပွဲတစ်ခု ကျင်းပပေးအည်။

ကွက်လပ်တစ်ခုတွင် မီးပုံကြီးဖိုထားပြီး သားကောင်အချို့ကို တန်းများဖြင့်တင်ကာ ကင်ပေးထားသည်။ သားကောင်မှထွက်သော အဆီများက မီးပုံထဲသို့ တစေက်တောက်ကျနေရာ ညှော်နံ့တသင်း သ ်းထွက်နေသည်။

မီးပုံနှ ် မလှမ်းမက ဝမ်းတွင် အရက်အိုးများ တည်ပေးထားသည်။

ထိုညက ဇမုန်းထ ်ကိုယ်တိုင် နာဂအကြီးအကဲတစ်ယောက်၏ အဆောင်အယော င်များကို ဝတ်ဆင်ထားသာည်။

အစွယ်နှစ်ေချာင်းနှင့် ငှက်မွေးတောင်များစိုက်ထားသော ခေါင်းဆောင်းနှင့် အနီရော ်ဝတ်ရုံကြီးကို ခြုံထားသည်။ သူ့နံဘေးမှာတော့ လှံရှည်တစ်လက်ကို ေဆာင်ထားသည်။

ရွာသားများကတော့ သားရေနှင့်ချုပ်ထားသောအင်္ကျီ လျှော်နှင့်ရက်ထားသောအင်္ကျီများကို ဝတ်ထားသည်။

မီးပုံပွဲသို့လာသော မိန်းမတိုင်း ငွေဖြင့်ပြုလုပ်ထားသောကွင်းများကို လည်ပင်းမှာရော လက်မှာပါ စွပ်ထားကြသည်။ အိမ်ထောင်မရှိသေးသောအပျိုများက နဖူးတွင်ကြိုးတစ်စဖြင့် သိုင်းစည်းထားသည်။

၎င်းတို့၏မီးပုံပွဲလေ့မှာ ယောက်ျားနှင့်မိန်းမ တွဲကာ မီးပုံကိုပတ်





၍ က ရသည်ဖြစ်ပြီး ယောက်ျားပျိုများက မိန်းမပျိုများကို ကြိုက်တဲ့သူရွေး၍ တွဲကခွင့်ရှိသည်။

မိန်းကလေးသည် အခြားတွဲကရန် ခေါ်သူမရှိပါက မိမိအား လာရောက်ခေါ်သူကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ တွဲကပေးရသည်။

ထိုညက ဦးဘဇော်နှင့် မြွေကိုက်သောဒဏ်ရာရထားသဖြင့် ကောင်းစွာနေမကောင်းသေးသော ပရစ်မှလွဲ၍ ကျန်လူများမှာ ဝင်ကကြသည်။ သောင်းထိုက်၊ ဦးကျင်စွမ်နှင့် သက်ဦးတို့ကတော့ အရက်ကလေးတထွေထွေဖြင့် နာဂမလေးများနှင့် တွဲကခွင့်ရသည်ကို အပျော်ကြီးပျော်နေကြသည်။

ထိုသို့ကနေစဉ် နံဘေးနားမှာ သားရေဖြင့်ကျက်ထားသောဗုံကို တီး၍ ဝါးလုံးများကို ခေါက်ပေးကြသည်။

နီမောင်နှင့်တွဲကသောမိန်းကလေးက ရုပ်ရည်သနားကမားနှင့် အသားလတ်လတ်ဖြစ်သည်။ မျက်လုံးမျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်နှင့်ဖြစ်သည်။

"နင်က ဒီရွာကလား"

ခေါင်းညိတ်ပြသည်။

"ငါနဲ့တွဲ့ရတာ ပျော်လား"

ခေါင်းညိတ်ပြသည်။

www.burmeseclassic.com



"နင် စကားမပြောတတ်ဘူးလား"

ပြုံးပြသည်။

"နင့်နာမည်က ဘယ်သူလဲ"

"နှမ်းမြသေး"

ဟု ပြန်ပြောသည်။

"ဟင်... နင် စကားပြောတတ်ရက်သားနဲ့ ငါပြောတဲ့စကားကို နားလည်သလား"

ခေါင်းညိတ်ပြသည်။

"ဒါဖြင့် စကားပြန်ပြောလေ"

"ဘာပြောရမှာလဲ"

"နင့်ရင်ထဲမှာ ပြောချင်တာပြောပေါ့"

ဟု ပြောလိုက်သောအခါ အတန်ကြာအောင်စဉ်းစားနေပြီး ရှက်သွေးဖြာသောမျက်နှာလေးဖြင့် ...

"နင် ငါတို့ရွာမှာ အမြဲနေပါလား"

ဟု ပြောလိုက်သည်။

"ငါက ဘယ်သူနဲ့နေရမှာလဲ"

"ငါတို့နဲ့ပေါ့"

"ငါ လိုက်နေရင် နင့်မိဘတွေက ကြိုက်မှာမဟုတ်ဘူး"

"နင်ပြောရင် အဖေက သဘောတူမှာပါ"





"နင့်အဖေက ဘယ်သူလဲ"

နှမ်းမြသေး က ဓမုန်းထန်ကို မေးငေါ့ပြသည်။

"သြော်... နင်က ရွာလူကြီးရဲ့သမီးကိုး၊ ဒါဖြင့် ငါ ရမ်းပြီးရွေးရတာ ကံကောင်းတယ်လို့ဆိုရမယ်၊ ရွာလူကြီးရဲ့သမီးကိုမှ ရွေးမိတယ်"

"နင် နေမလား၊ နင်နေမယ်ဆိုရင် ကပွဲပြီးတာနဲ့ ငါ အဖေ့ကို ပြောလိုက်မယ်"

"အဲဒီလိုတော့မဖြစ်သေးဘူးလေ၊ ရာသီဥတုသာရင် ငါတို့က ခရီးဆက်ရဦးမယ်၊ အဲဒီကပြန်မှ ဝင်လာခဲ့မယ်"

"နင် တကယ်ပြောတာလား"

"တကယ်ပေါ့"

"ဒီလိုဆိုရင် ငါ မျှော်နေမှာနော်"

နီမောင်က သက်ပြင်းချလိုက်ရင်း ပြုံး၍ ခေါင်းညိတ်ပြလိုက်ရာ နှမ်းမြသေး၏မျက်နှာပေါ်မှာ ကျေနပ်မှုအပြုံးလေးများ ယှက်သမ်းသွားလေသည်။

ထိုညက ကပွဲတစ်လျှောက်လုံး နှမ်းမြသေးက သူ့လက်ကို တင်းတင်းလေးဆုပ်ကိုင်ထားသော အတွေ့အထိကြောင့် နီမောင့် ရင်ထဲမှာ အနည်းငယ်လှုပ်ရှားမိလေသည်။

***✪***



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၉)

## ကျားလူများနှင့် ရင်ဆိုင်တိုက်ပွဲ

ညဦးပိုင်း တစ်ချိန်လုံး ဆူညံနေခဲ့သော တောင်ပေါ်နာဂရွာကလေးမှာ ညဥ့်နက်ပိုင်းရောက်၍ ကပွဲသိမ်းသွားသောအခါ တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။ အတော်များများမှာ မှောင်ခေါင်ရည်၊ အရက်နှင့် ဘိန်းမူးကာ အိပ်ပျော်သွားကြခြင်းဖြစ်၏။

နီမောင်တို့အဖွဲ့သားများမှာလည်း တောတောင်များအတွင်း၌ သတိနှင့်အိပ်ခဲ့ကြရာမှ ရွာသို့ရောက်သောအခါ စိတ်ချလက်ချ အိပ်ကြရလေသည်။

သန်းခေါင်ယံအချိန်ရောက်သောအခါ ရွာသူရွာသားများနေသော တဲစုများ၊ ဝူများဘက်မှ ဆူဆူညံညံအသံများ ပေါ်ထွက်လာသောကြောင့် လန့်နိုးလာကြတော့သည်။





"ရွာထဲကို ကျားလူတွေ ဝင်လာပြီဟေ့"

အပြင်ဘက်မှ ရွာသားတစ်ယောက် အော်သံကြောင့် မိမိတို့လက်နက်များကို အသီးသီးယူဆောင်ကာ အပြင်ဘက်သို့ ထွက်ကြရလေသည်။ အပြင်ဘက်မှာ အမှောင်ထုက ဖုံးနေသည်သာမက နှင်းများကျနေသောကြောင့် သဲသဲကွဲကွဲမမြင်ရပေ။

သို့စေကာမူ ဝိုးတဝါးတော့မြင်နိုင်လေသည်။

"အားလုံး သတိထားကြ၊ ကျားလူတွေရဲ့လက်သည်းချွန်တွေထဲမှာ အဆိပ်ရည်တွေပါတယ်"

နီမောင်က ကျန်အဖွဲ့သားများကို သတိပေးလိုက်လေသည်။ နာဂရွာသားများနေသောနေရာရောက်တော့ ရွာသားများနှင့် ကျားလူများ တိုက်ခိုက်နေကြသည်ကို လှမ်းမြင်ရသည်။ ရွာသူရွာသားများက ဓား၊ လှံ၊ လေးမြားတို့ဖြင့် တိုက်ခိုက်သည်ကို ရှေ့ကျွမ်း နောက်ကျွမ်းများပစ်၍ လွတ်အောင်ရှောင်ကာ လူချင်းပူးမိသည်နှင့် လက်သည်းချွန်ကြီးများနှင့်ကုတ်ခြစ်တိုက်ခိုက်ခြင်း၊ အစွယ်ကဲ့သို့ ချွန်ထက်နေသည့်သွားများဖြင့် ကိုက်၍သော်လည်းကောင်း တိုက်ခိုက်ကြသည်ကို လှမ်းမြင်ရသည်။ အဆိပ်ရှိသော လက်သည်းကုတ်မိသော ရွာသူရွာသားများမှာ ချက်ချင်း အဆိပ်တက်လာပြီး တစ်ယောက်ပြီး တစ်ယောက် လဲကျသွားလေတော့သည်။

အချို့လည်း လည်ကုပ်ပေါ်ရောက်အောင်ခုန်တက်ကာ ချွန်



www.burmeseclassic.com

www.burmeseclassic.com



ဆက်သောသွားများနှင့် လည်ပင်းကို ကိုက်ဖြတ်ပစ်လေသည်။

နီမောင်တို့လည်း မနေသာတော့ဘဲ မြားဖြင့်ပစ်ခြင်း၊ ဓား၊ လှံဖြင့် ထိုးခုတ်တိုက်ခိုက်သည့်အပြင် သေနတ်များကိုအသုံးပြု၍ တိုက်ခိုက် ကြသည်။ အနီးကပ်တိုက်ခိုက်သောအခါမှ ကျားလူတို့၏ တိုက်ခိုက် ပုံမှာ ကျားတစ်ကောင်နှင့် များစွာတူလှကြောင်း သတိပြုမိလေသည်။ နီမောင်အတွက်ကတော့ တိုက်ခိုက်ရတာ မခက်ပေ။ သူသည် ယခင် က ကျားနှင့်တိုက်ခိုက်ခဲ့ဖူးသောကြောင့်ဖြစ်သည်။

ကျားလူတို့၏တိုက်ခိုက်ပုံမှာ ကျားတစ်ကောင်ပမာ မြေမှာဝပ်၍ အရှိန်ယူပြီးမှ လူပေါ်သို့ လွှားခနဲခုန်တက်လာကာ တိုက်ခိုက်ခြင်းဖြစ် ပေသည်။

သို့သော်လည်း ၎င်းတို့အနေနှင့် အဘယ်မျှပင်မြန်ဆန်စေကာမူ သေနတ်ပစ်ကျွမ်းကျင်သော ဦးဘဇော်တို့လက်ချက်ကြောင့် တစ် ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

၎င်းတို့ကျယ်လောင်သောအသံနှင့် မီးပွင့်သည်နှင့် ချက်ချင်း လဲကျသေဆုံးစေနိုင်သော သေနတ်ကို ကြောက်ရွံ့ကြဟန် ရှိလေ သည်။ လူအတော်များများ သေဆုံးသွားသောအခါ ကျန်လူများမှာ ဆက်မနေဝံ့ကြတော့ဘဲ တစ်ယောက်နှင့်တစ်ယောက် ဝူးဝူးဝါးဝါး အချက်ပေးကာ ပြန်ဆုတ်သွားကြလေတော့သည်။

အရှေ့ဘက်ကောင်းကင်ပေါ်မှာ အရုဏ်ဦးအလင်းရောင်များ





ပေါ်ထွက်လာသောအချိန်တွင် တိုက်ပွဲက ပြီးသွားပေပြီ။ နာဂရွာသား အချို့မှာ အဆိပ်တက်ကာ မြေပြင်ပေါ်မှာ လဲကျနေသည်ကိုတွေ့ရ သဖြင့် မရှေ့မရှက် အစရှိသော အဆိပ်ဖြေဆေးများကို အသုံးပြုကာ အလျင်အမြန်ကုသပေးရသည်။

အချို့လည်း သတိမေ့နေသည်အထိ ဒဏ်ရာပြင်းထန်သည်။ အချို့လည်း လည်ပင်းပေါက်ပြတ်ကာ သေဆုံးနေကြလေသည်။ လက်သည်းကုတ်မိသောနေရာများမှာ အနီစင်းကြီးဖြစ်ကာ ရောင် ကိုင်းနေလေသည်။ အဆိပ်ပြင်းထန်သူများမှာ ငှက်ဖျားတက်သကဲ့သို့ တဟီးဟီး နှင့်တုန်ယင်ကာ သတိမေ့နေကြသည်။

သို့သော်လည်း နီမောင်တို့အသုံးပြုသော အဆိပ်ဖြေဆေးများ မှာ သဘာဝအဆိပ်ဖြေဆေးများဖြစ်သောကြောင့် အစွမ်းထက်လှပေ ရာ အချိန်အနည်းငယ်အတွင်း ရောဂါသက်သာကြလေသည်။

အလင်းရောင်ရလာသောအခါ အတော်များများ သေဆုံးကျန်ခဲ့ သည့် ကျားလူတို့၏အလောင်းများကိုတွေ့ရသဖြင့် နာဂများက သယ် ယူသွားပြီး ချောက်ကမ်းပါးအတွင်းသို့ ပစ်ချလိုက်ကြလေသည်။

ထိုနေ့ကား နံနက်ခင်းအလင်းရောင်နှင့်အတူ နာဂရွာအောင်ပွဲဆို လျှင်လည်းမမှားပေ။

အဘယ်ကြောင့်ဆိုသော် ...

ယခင်က ကျားလူများ လာရောက်တိုက်ခိုက်လျှင် သူတို့ဘက်မှ



www.burmeseclassic.com

www.burmeseclassic.com



အသာစီးမရဘဲ အမြဲရှုံးနိမ့်နေရာမှ ယခု နီမောင်တို့အဖွဲ့မှ ဝင်ကူတိုက်ခိုက်တော့မှ အနိုင်ရသောကြောင့်ဖြစ်သည်။

ကျားလူအတော်များများကိုသတ်ဖြတ်နိုင်ပြီး အောင်ပွဲခံနိုင်သောကြောင့် တစ်ရွာလုံးကဝမ်းသာနေကြသည်။ နီမောင်က လဲကျသေဆုံးနေသော ကျားလူတစ်ကောင်ကို အသေအချာကြည့်လေသည်။

ပုံသဏ္ဌာန်မှာ ဦးခေါင်းပိုင်းကြီးပြီး ဆံပင်ရှည်များက ကျိုးတိုးကျဲတဲနှင့် ဖွာရာကျနေသည်။ နဖူးမောက်မောက်အောက်မှာ နီရဲသောမျက်လုံးအစုံရှိသည်။ အတွင်းသို့ချိုင့်ဝင်နေသော နှာခေါင်းပေါက်အောက်မှာ ကျယ်ပြန့်သောပါးစပ်ပေါက်ရှိသည်။

ပါးစပ်အတွင်းမှာ ချွန်ထက်သောသွားများနှင့် အပြင်သို့ငေါထွက်နေသည့်အစွယ်များရှိသည်။ ဦးခေါင်းကကြီးသော်လည်း ကိုယ်ခန္ဓာက ပိန်ပိန်သေးသေး ဖြစ် သည်။ နံရိုးများပင်ပေါ်နေသည်။

လက်ဆံ၊ ခြေတံများကလည်း ပိန်ပိန်သေးသေးဖြစ်သော်လည်း မျောက်ဝံတစ်ကောင်ကဲ့သို့ သာမန်ထက်ပိုရှည်နေသည်။

လက်နှစ်ဖက်စလုံးတွင် ချွန်ထက်သောလက်သည်းများရှိပြီး လက်သည်းရှည်များရှိပြီး လက်သည်းထိပ်တွင် မည်းနက်နှမ်းပြာနေသည့်အဆိပ်များ ထည့်ထားလေသည်။

ထိုအဆိပ်ကြောင့် အသက်သေဆုံးကြရခြင်းဖြစ်သည်။ တိုက်ခိုက်တော့မည်ဆိုလျှင် ကျားတစ်ကောင်ကဲ့သို့ မြေမှာဝပ်၍ အားယူ





ပြီးမှ လွှားခနဲခုန်ဝင်လာကာ လူပေါ် ရောက်သောအခါမှ အစွယ်ဖြင့်ကိုက်ခြင်း လက်သည်းချွန်ဖြင့် ကုတ်ခြစ်တိုက်ခိုက်ခြင်းများ ပြုလုပ်ကြသည်။

ယခုအခါမှာ ဒဏ်ရာရနေသူများကို အဖျားကျဆေး၊ ငန်းဆေး၊ အဆိပ်ဖြေဆေးများနှင့် ကုသပေးသောအခါ အတော်များများမှာ အသက်ချမ်းသာရာရကြလေသည်။ ရွာလူကြီး ဇမုန်းထန်မှာလည်း ဝမ်းသာသဖြင့် တပြုံးပြုံး ဖြစ်နေ တော့သည်။

"အရင်ကဆိုရင် ကျားလူတွေ လာတိုက်ခိုက်ရင် ကျုပ်တို့ရွာသားတွေ အထိနာတာများတယ်၊ အခု ခင်ဗျားတို့ရောက်လာပြီး ကူမှပဲ သူတို့ အထိနာကြတာ၊ ဒီအတွက် ကျေးဇူးတင်ပါတယ်ဗျာ"

"ဒီလောက်လဲ ကျေးဇူးတင်ဖို့မလိုပါဘူးဗျာ၊ ကြုံကြိုက်လို့ အကူအညီပေးရတာပဲ၊ ကျုပ်တို့မှာပါတဲ့ သေနတ်တွေနဲ့ဆိုရင် ကျားလူတွေ နောက်ထပ် လာဝံ့ကြမှာမဟုတ်တော့ဘူး"

"ခင်ဗျားတို့က အကူအညီပေးမှတော့ ကျုပ်တို့ကလဲ အကူအညီပေးရမှာပေါ့။ ခင်ဗျားတို့ရဲ့ ပစ္စည်းတွေကို လုယက်ထားလိုက်တဲ့ ကျားလူတွေရှိတဲ့နေရာကို သိတဲ့လမ်းပြတွေ ထည့်ပေးပါ့မယ်။ လိုအပ်ရင်လဲ ဒီကလူတွေနဲ့ ဝိုင်းကူတိုက်ခိုက်ပေးပါမယ်"

ထိုစကားကြားသောအခါ ဦးဘဇော်နှင့် ဦးကျင်စွမ်တို့ မျက်နှာများပေါ်မှာ ကျေနပ်မှုအပြုံးများ ပေါ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ရာသီဥတုကလဲ သိပ်မကောင်းသေးဘူး။ နောက်ပြီး ဒဏ်ရာရတဲ့လူတွေကို ဆေးကုဖို့ တစ်ရက်၊နှစ်ရက်တော့ ဒီရွာမှာ စောင့်ပေးကြပါ"

"ရပါတယ်ဗျာ ရပါတယ်"

ထိုစကားကြားသောအခါ သောင်းထိုက်တို့တစ်တွေမှာ ကျိတ်၍ ဝမ်းသာသွားကြလေသည်။ အဘယ်ကြောင့်ဆိုသော်…

ထိုရွာမှမသွားခင် နာဂမလေးများနှင့် တပူးပူးတတွဲတွဲ နေကြရသောကြောင့်ဖြစ်သည်။ နံနက်လင်းသောအခါ နီမောင်မှာ နှမ်းမြသေးကို ရှာမတွေ့သောကြောင့် ရွာခံတစ်ယောက်ကို မေးကြည့်ရသည်။

ထိုသူက …

"သူက တစ်ခါတစ်ခါ အကြာကြီး ခရီးသွားလေ့ရှိတယ်"

ဟု ပြန်ပြောသည်။

"ဟင်… ဘယ်ကိုသွားတာလဲ"

"တောင်ပေါ်ကိုပေါ့"

"ရာသီဥတုအခြေအနေ မကောင်းဘဲ ဘယ်သူနဲ့သွားတာလဲ"

"သူ့မှာ အဖော်ရှိတယ်"

"ဟင် … နှမ်းမြသေးမှာ အဖော်ရှိတယ် ဟုတ်လား၊ သူ့အဖော်က ဘယ်သူလဲဟင်"

"အဲဒါတော့ ပြောခွင့်မရှိပါဘူး၊ သူနဲ့တွေ့မှ မေးကြည့်ပါ"





ဟု ပြောသွားသည်။

"နှမ်းမြသေးမှာ အဖော်ရှိတယ်ဆိုပါလား၊ ဘယ်လိုအဖော်မျိုး ပါလိမ့်"

ဟု တစ်ယောက်တည်း အတွေးရခက်သွားလေသည်။ နောက်တစ်နေ့တွင် သူနေသော ဂူထဲသို့ နှမ်းမြသေး ရောက်လာသည်။

သူမ ရောက်လာတာမြင်တော့ အံ့သြသွားသည်။ သိချင်တာကို တော့ မေးကြည့်သည်။

"နင် ဘယ်သွားနေတာလဲ"

"တောင်ပေါ်သွားတာ"

"ရာသီဥတုလဲမကောင်းဘဲနဲ့ ဘာသွားလုပ်တာလဲ"

"နင်တို့စားဖို့ အမဲသွားရှာတာ"

"အမဲသွားရှာတာ ဟုတ်လား၊ ဘယ်သူနဲ့သွားတာလဲ"

"ငါ့မှာ အဖော်ရှိတယ်"

ဟု နှမ်းမြသေးက ပြုံးစစနှင့်ပြောလေသည်။

ထိုအခါမှ နီမောင်မှာ နှမ်းမြသေး၏မျက်နှာကို သေသေချာ ချာကြည့်မိပြီး ဇဝေဇဝါဖြစ်သွားသည်။

"နေဦး…၊ နင့်မျက်နှာကို ငါ အခုမှ သေသေချာချာကြည့်မိတယ်၊ နင့်ကို တစ်နေရာမှာမြင်ဖူးသလိုပဲ"

"နင်နဲ့ငါနဲ့က အခုမှတွေ့ဖူးကြတာမဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ဒီရွာမရောက်ခင်ကတည်းက နင့်ကို တစ်ခါတွေ့ဖူးတယ်၊ နေဦး... ငါ စဉ်းစားလိုက်ဦးမယ်"

ဟုပြောကာ နီမောင်က တတ်နိုင်သမျှ စဉ်းစားကြည့်သောအခါ ခပ်ရေးရေးမှတ်မိလာသည်။

"သြော်... မှတ်မိပြီ၊ တစ်ခါက တောင်ပေါ်မှာ ဝက်ဝံကုတ်ခံရတော့မယ့် မိန်းကလေးတစ်ယောက်ကို ငါ ကယ်ခဲ့ဖူးတယ်၊ အဲဒီ မိန်းကလေးက နင်နဲ့ အတော်တူတယ်"

ဟု ပြောလိုက်သောအခါ နှမ်းမြသေးက သူ့မျက်နှာကို စူးစူးရဲရဲ တစ်ချက်ကြည့်သည်။ ထို့နောက် အတန်ကြာမှ ...

"ရုပ်ချင်းဆင်လို့ဖြစ်မှာပါ၊ ငါက တစ်ယောက်တည်း အဲဒီဘက်ကို ဘယ်လိုလာဝံ့မှာလဲ၊ ဒါတွေထားပါတော့၊ ငါ အမဲတစ်ကောင်ရလာတယ်၊ ကျားလူတွေကို နိုင်အောင်တိုက်နိုင်တဲ့ အထိမ်းအမှတ်အဖြစ် ဒီည မီးပုံပွဲလုပ်ပြီး နင်တို့ကို ဂုဏ်ပြုပါ့မယ်"

"ဒါပေမယ့် ဒီညတော့ ငါ လာနိုင်မယ်မထင်ဘူး"

"ဟင်... ဘာဖြစ်လို့လဲ"

"ဟိုတစ်နေ့ညက တိုက်ခိုက်ကြတုန်းက ငါ့လက်မောင်းမှာ လက်သည်းဒဏ်ရာတစ်ခု ရထားတယ်၊ အပြင်မှာအေးတော့ ဒဏ်ရာက ကိုက်ချင်တယ်၊ ဒီညတော့ ဆေးသောက်ပြီးနားလိုက်ဦးမယ်"

"ဒဏ်ရာက တော်တော်များလားဟင်"





"သိပ်တော့မများပါဘူး၊ ဒါပေမယ့် အဆိပ်တက်နေတာကိုတော့ ပျောက်အောင်ကုရမှာပေါ့"

"ငါ လာကြည့်ပေးရမလား"

"မကြည့်ပါနဲ့၊ နင်က ရွာလူကြီးသမီးဆိုတော့ ဧည့်သည်တွေကို ဧည့်ခံရဦးမယ်မဟုတ်လား"

"ငါ သူတို့နဲ့မှ တွဲမကချင်တာ၊ တော်ကြာ တစ်ယောက်ယောက်က လာခေါ်နေတော့ ခက်မယ်၊ အဲဒါတွေထားပါတော့၊ နင့်ဒဏ်ရာကို ဂရုစိုက်နော်၊ ငါ သွားတော့မယ်"

ဟု ပြောကာ နှမ်းမြသေးက ပြန်ထွက်သွားလေသည်။ညဘက်ရောက်တော့ မိမိတို့အဖွဲ့သားများ မီးပုံပွဲသို့ သွားကြသည်။

အဲဒီပွဲမျိုးကို ဘယ်သူမလိုက်ချင်ဘဲရှိပါမည်နည်း။အရက်ကောင်းကောင်းသောက်၍ နာဂမိန်းမပျိုလေးများနှင့် တွဲကရသောအလုပ်မျိုးကို ဘယ်သူ မလုပ်ချင်ဘဲရှိမလဲ။

ညဦးပိုင်းရောက်သည်နှင့် မီးပုံပွဲက စတော့သည်။ ၎င်းထဲတွင် နီမောင်တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ သူသည် ရေနွေးပူပူနှင့် ဆေးတစ်ခွက်သောက်၍ အိပ်ရေးဝဝအိပ်ရန်ကြံသည်။

ခရီးပန်းသည့်ဒဏ်၊ ပင်ပန်းမှုဒဏ်၊ ဒဏ်ရာမှ အနာရှိန်တက်သည့်ဒဏ်ကြောင့် တစ်ကိုယ်လုံး မလှုပ်ချင်မသယ်ချင်အောင်ဖြစ်နေသည်။

ညဦးပိုင်းက သောက်လိုက်သောဆေးထဲမှာ လူကို နှစ်နှစ်ခြိုက်



www.burmeseclassic.com

www.burmeseclassic.com



မြိုက်အိပ်စေသည့်ဆေးတစ်မျိုးပါသဖြင့် အိပ်ရာပေါ် လှဲလိုက်သည်နှင့် မျက်ခွံများက လေးကျလာသည်။

ထိုအချိန်တွင် သူ့အတွေးထဲသို့ စောသီရိ ရောက်လာသည်။

စောသီရိသည် အဖြူရောင်အဝတ်အစားများကို ဝတ်ဆင်ထား ပြီး သူ့ဆီသို့ရောက်လာသည်။

"ဟင် ... သီရိ၊ ငါ့ဆီကိုလိုက်လာတယ် ဟုတ်လား"

စောသီရိက သူ့အနီးသို့တိုးကပ်လာသည်။

နီမောင်က သူမလက်ကလေးကိုဆွဲယူလိုက်တော့ စောသီရိ၏ ကိုယ်ကလေးက သူ့ရင်ခွင်ထဲ ရောက်လာသည်။ နွေးထွေးသော အတွေ့အထိကြောင့် ရင်တစ်ခုလုံးအခုန်မြန်လာသည်။ နှလုံးသွေး များ ဆူလာသည်။

"နင့်ကို ငါ သိပ်ပြီးချစ်တာပဲ သီရိရယ်"

ဟုပြောကာ စောသီရိ၏ကိုယ်ကလေးကို ဖက်ထားလိုက်သည်။

စောသီရိက မရုန်းမဖယ်ဘဲ ငြိမ်နေသည်။ နီမောင်က ချစ်ရသော စောသီရိ၏ပါးပြင်လေးကို နမ်းလိုက်သည်။ ချိုမြိန်သောအနမ်း၏ အတွေ့အထိသည် လောကရှိအရာ အားလုံးကို မေ့သွားစေသည်။

ထို့နောက် ...

နှစ်ခြိုက်စွာအိပ်ပျော်နေသော သူ့ကို တစ်စုံတစ်ယောက်က လာနှိုးတော့မှ လန့်နိုးလာသည်။





သူ့ကို လာနှိုးသူမှာ သောင်းထိုက် ဖြစ်သည်။

"နီမောင် နိုးပြီလား၊ ဒဏ်ရာရော သက်သာရဲ့လား"

"အင်း ... သက်သာပါတယ်"

ဟု ပြောကာ နေရာမှထသည်။

အပြင်ဘက်လှမ်းကြည့်လိုက်တော့ မိုးမလင်းသေးပေ။

"မီးပုံပွဲ ပြီးသွားကြပြီလား"

"ပြီးပြီလေ၊ ပြီးလို့ပြန်လာတာပေါ့။ အခုလာကြတဲ့ တို့တွေအထဲ မှာ မင်းကတော့ အတော့်ကို ကံကောင်းတဲ့သူပဲ"

"ဘာဖြစ်လို့လဲ"

"ကပွဲမလိုက်နိုင်တာတောင် တစ်ညလုံး လာပြီး ပြုစုမယ့်လူတွေ ဘာတွေနဲ့ ဟန်ကိုကျနေတာပဲ"

"ငါ့ကို ဘယ်သူပြုစုနေလို့လဲ"

"အခုမှ မသိချင်ယောင်ဆောင်မနေနဲ့ကွာ၊ ဇမုန်းထန်ရဲ့သမီး လေးက မင်းနဲ့ ဒီဝူထဲမှာ တစ်ညလုံး လာနေတာ၊ တို့ ပြန်လာတော့ မှ သူ ပြန်ထွက်သွားတာ၊ ငါပြောတာမယုံရင် ကျန်တဲ့လူတွေကို မေး ကြည့်ပါလား"

"ဟင် ..."

ထိုစကားကြောင့် တအံ့တသြဖြစ်သွားရုံမက သူ့ရင်တစ်ခုလုံး လှိုင်းထသွားလေသည်။



www.burmeseclassic.com

"ဒီစကားက တကယ်ပဲလား"

"ဩော်.. ကျားကိုက်ပါတယ်ဆိုမှပဲ အပေါက်နဲ့လားလို့ မေးနေပြန်ပြီ မင်း သေသေချာချာသိချင်ရင် ကာယကံရှင်ကို သွားမေးကြည့်ပေါ့ကွာ၊ ငါတော့ အိပ်ချင်လာလို့ သွားအိပ်တော့မယ်ဟေ့"

ဟု ပြောကာ သောင်းထိုက် ပြန်ထွက်သွားသောအခါ အတွေးများစွာ၊ တုန်လှုပ်မှုများစွာဖြင့် ဇဝေဇဝါဖြစ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

※※※✪※※※





အခန်း (၁၀)

## မဏိသေလာတောင်မှ သားရဲတွင်း

သူ လိုက်သွားတော့ နှမ်းမြသေးက တောင်ခြေတွင်ရှိသော စမ်းချောင်းနံ့ဘေးရှိ သစ်ပင်ကြီးတစ်ပင်အောက်မှာ တစ်ယောက်တည်း ထိုင်နေသည်။

နီမောင် က နှမ်းမြသေးနှင့် မျက်နှာချင်းဆိုင်ရမှာကို မဝံ့မရဲဖြစ်နေသလို မျက်နှာလည်းပူနေသည်။

သို့သော်လည်း ... မတတ်သာတော့။

သူ ဆင်းသွားတော့ နှမ်းမြသေးက တစ်ချက်လှည့်ကြည့်သည်။ ထို့နောက် အားနည်းစွာ တစ်ချက်ပြုံးသည်။

www.burmeseclassic.com



မထူးတော့ပြီမို့ နီမောင်က နှမ်းမြသေးနှင့် ဘေးချင်းယှဉ်က ဝင်ထိုင်လိုက်သည်။

"နှင် နေမကောင်းဘူးလား"

ဟု မေးလိုက်တော့ ...

နှမ်းမြသေး က...

"ကောင်းပါတယ်"

ဟု လေသံတိုးတိုးနှင့် ပြန်ဖြေသည်။

"ငါ... ငါ... နှင့်ကိုတောင်းပန်ချင်လို့လာတာ"

"ဘာကိုတောင်းပန်မှာလဲ"

"နှင် ညက တစ်ညလုံး ငါ့ဝူထဲမှာရှိနေတယ်ဆို"

"ဟုတ်တယ်၊ ငါရောက်လာတော့ နှင် အဖျားတက်ပြီး ကယောင်ကတမ်းတွေဖြစ်နေလို့ မပြန်တော့ဘဲ တစ်ညလုံး ပြုစုပေးခဲ့တာ"

"အဲဒါ ညက ငါ မှားသွားခဲ့တဲ့အတွက် နှင့်ကို တောင်းပန်ပါရစေ"

"ဒီကိစ္စမျိုးက အစားထိုးလို့မရ၊ တောင်းပန်လို့ရတဲ့ကိစ္စမျိုးမှ မဟုတ်တာဟယ်"

"အဲဖြင့် နှင့်ကို ငါ ဘာလုပ်ပေးရမလဲဟင်"

နှမ်းမြသေးက သူ့မျက်နှာကိုတစ်ချက်လှည့်ကြည့်တော့ မျက်ဝန်းနှစ်ဖက်မှာ မျက်ရည်များရစ်ဝဲနေသည်ကို သတိပြုမိလိုက်သည်။

"နှင့်ကို ငါ တစ်ခုမေးချင်တယ်"





"မေးလေ"

"နှင် ငါ့ကို တကယ်ချစ်တာလားဟင်"

ထိုစကားကြောင့် နီမောင့်ရင်တစ်ခုလုံး အခုန်မြန်သွားရုံသာမက ရုတ်တရက်ဆိုတော့ ဘယ်လိုပြန်ဖြေရမှန်းမသိအောင်လည်း ဖြစ်သွားသည်။

နှလုံးသားကိစ္စနှင့် ပတ်သက်နေသောကြောင့် အလွယ်တကူ အဖြေမပေးချင်။ ထို့ထက် မိမိနှလုံးသားကို မညာချင်။

"အမှန်ပြောရရင် ငါ နှင့်ကို မြင်မြင်ချင်းပဲ သံယောဇဉ်ရှိပါတယ်၊ အခုအခြေအနေမှာတော့ ဘယ်လိုအခြေအနေပဲရှိရှိ ငါ နှင် သဘောကျတဲ့အတိုင်း လုပ်ပေးပါ့မယ်"

"အဲဒါကို အချစ်လို့ခေါ်တာလားဟင်"

"ဟင် ..."

နီမောင် ဘာပြန်ပြောရမှန်းမသိတော့ပေ။

"ဘာပဲဖြစ်ဖြစ် ငါ့ဘဝမှာ ယောကျ်ားတစ်ယောက်ကို စွဲစွဲလမ်းလမ်းချစ်မိတာ ဒါ ဦးဆုံးအကြိမ်ပဲ၊ အမှန်ပြောရရင် ငါ နှင့်ရဲ့ဘဝကို ဖွတ်မချုပ်ကိုင်ရက်ပါဘူး။ သိမ်းပိုက်မထားချင်ပါဘူး။ အဝေးမှာပဲ ရှိနေရှိနေ၊ အနီးမှာပဲရှိနေရှိနေ ငါ ချစ်နေရရင် ကျေနပ်ပါပြီ၊ ဒါပေမယ့် နှင် ငါ့ကိုချစ်တယ်ဆိုတဲ့စကားတစ်ခွန်းတော့ ပြောခဲ့ပါ"

ဟု ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကိုကြားလိုက်ရသောအခါ နီမောင့်ရင်ထဲမှာ လှိုက်ခနဲ ဖြစ်သွားသည်။

နှမ်းမြသေးအပေါ်မှာလည်း သနားစိတ်ဝင်သွားမိလေသည်။

နီမောင် နှမ်းမြသေး၏ကိုယ်ကို ဆွဲယူ၍ ရင်ခွင်ထဲထည့်ကာ ဖက်ထားလိုက်သည်။ ထို့နောက် ...

"ငါ နင့်ကိုချစ်ပါတယ် နှမ်းမြသေးရယ်"

ဟု ပြောလိုက်သောအခါ နှမ်းမြသေးက သူ့ရင်ခွင်ထဲမှာ ရှိုက်ကြီးတငင် ငိုလေတော့သည်။

ထို့ကြောင့် နီမောင်မှာ အလန့်တကြားဖြစ်သွားမိသည်။

"ဘာဖြစ်လို့ငိုတာလဲဟင်၊ ဘာဖြစ်လို့လဲ"

"နင့်ဆီက ဒီစကားကြားရတာ ငါ သိပ်ပြီးဝမ်းသာလို့ပါ နီမောင်ရယ်"

"သြော်.. မြသေးရယ် ဖြစ်ရလေ..."

ဟုပြောကာ နှမ်းမြသေးကိုယ်ကလေးကိုဖက်၍ နှစ်သိမ့်မှုပေးလိုက်လေသည်။

နီမောင်တို့ တောင်ပေါ်ရွာမှ ခရီးမထွက်ခင် ၎င်းတို့နှစ်ဦးအတွက်ကတော့ ပျော်ရွှင်စရာ၊ အချစ်ဘုံဗမာ ဖြစ်နေတော့သည်။

ရွာအောက်ဘက်တောင်စောင်းအောက်ခြေ၌ရှိသော စမ်းချောင်းကလေးနံဘေး၌ သူတို့နှစ်ယောက် တွေ့ဆုံရာနေရာဖြစ်ခဲ့ပေသည်။





"မြသေး"

"ဟင်"

"နင့်ကို ငါ မေးစရာတစ်ခုရှိတယ်၊ နင် မှန်မှန်ဖြေမလား"

"ဘာမေးမှာလဲ၊ မေးလေ"

"တစ်ခါတုန်းက တောင်ပေါ်မှာ ငါ ဝက်ဝံရန်က ကယ်ပေးလိုက်တဲ့မိန်းကလေးက နင်ပဲမဟုတ်လား"

"အဲဒါကို ဘာဖြစ်လို့သိချင်နေရတာလဲ"

"သိချင်တာပေါ့၊ အဲဒီအချိန်တုန်းက မိန်းကလေးရဲ့မျက်နှာကို ခဏပဲတွေ့လိုက်ရပေမယ့် ငါ့စိတ်ထဲမှာ မှတ်မိနေတာ"

"ဒီလောက်ပဲလား"

"ဒါထက်အပိုရရင်တော့ ငါ သူ့ကို မကြာခဏသတိရနေမိတယ်"

ထိုစကားကြားသောအခါ နှမ်းမြသေးက သဘောကျစွာ ပြုံးလိုက်လေသည်။

"ဟုတ်ပါတယ်၊ အဲဒီတုန်းက နင် ကယ်ပေးလိုက်တဲ့ မိန်းကလေးက ငါပါပဲ"

ထိုစကားကြောင့် နီမောင့်စိတ်ထဲမှာ ကျေနပ်သွားလေသည်။

"ဒါကြောင့် နင့်ကို စတွေ့ကတည်းက တစ်နေရာမှာ မြင်ဖူး တွေ့ဖူးတယ်လို့ စိတ်ထဲက ထင်နေမိတာကိုး။ ဒါဖြင့် နင့်နောက်မှာ တွေ့ရတဲ့ ကိုးတောင်ကျားကြီးကရော ဘာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ငါမွေးထားတာပါ။ သူက ငယ်ငယ်ကလေးထဲက အမေ သေသွားခဲ့တော့ ငါ မွေးထားခဲ့တာ၊ ငါ တောင်ပေါ်သွားရင် နောက်က အမြဲပါတယ်"

"ဩော်... ဒီလိုလား၊ စာရာမေတီတောင်ဘက်ကို ဘယ်လို ရောက်လာတာလဲဟင်"

"ငါက တောင်ပေါ်သွားရင် တစ်ရက်၊ နှစ်ရက်ကြာချင်ကြာတတ် တယ်၊ အမဲလိုက်ရင်းနဲ့ အဲဒီဘက်တွေ မကြာခဏရောက်ပါတယ်၊ အဲဒီဘက်သွားရင် တချို့လူတွေနဲ့တွေ့တဲ့အခါ သူတို့က ငါ့ကို အန္တရာယ် ပေးဖို့ကြံစည်ရင်တော့ ငါမွေးထားတဲ့ကျားကြီး စွယ်ရောင်လက်ချက် နဲ့ သေကြတာပဲ"

သည်တော့မှ နှမ်းမြသေး မွေးထားသောကျားကြီးမှာ 'စွယ် ရောင်' ဖြစ်ကြောင်း သိရလေသည်။

"နင့်ရဲ့သတင်းက ငါတို့နယ်ဘက်တွေမှာ အတော်ပျံ့တယ်၊ လူ က ကျားဖြစ်သလိုလို၊ ကျားကပဲ လူယောင်ဆောင်လာသလိုလိုနဲ့ အမျိုးမျိုးပြောနေကြတာ။ ဒါထက် နင် ဂက်ဝံနဲ့တွေ့နေတော့ စွယ် ရောင်က အနားမှာမရှိဘဲ ဘယ်ရောက်နေတာလဲ"

"သူက အမဲတစ်ကောင်နောက်ကိုလိုက်သွားရင်းနဲ့ အတော်ဝေး ဝေးရောက်နေတယ်၊ နင် ရောက်လာလို့ ငါ သက်သာသွားတာ၊ ဒါ ကြောင့် အဲဒီကတည်းက ကျေးဇူးတင်ပြီး နင့်ကို သတိရနေတာ"





"ဒါက အမှန်ပြောတာပဲလား"

"အမှန်ပြောတာပေါ့၊ ခဏလေးတွေ့လိုက်ရပေမယ့် စိတ်ထဲမှာ အမြဲသတိရနေမိတယ်၊ နင် ရွာရောက်လာတော့ ငါ မှတ်မိတယ်၊ စိတ် ထဲမှာလဲ အရမ်းဝမ်းသာတာပဲ၊ ဒါကြောင့် မီးပုံပွဲညက တခြားလူတွေ လာခေါ်တာကိုမလိုက်ဘဲ နင် လာခေါ်မှာကို တမင်စောင့်နေခဲ့တာ ပေါ့"

ထိုအခါမှ သူ ချစ်ရေးဆိုစဉ်က နှမ်းမြသေးက အလွယ်တကူ လိုက်လျောခဲ့ပုံများကို သဘောပေါက်မိတော့သည်။

"ဒါဖြင့် ငါတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် စွဲလမ်း စိတ်တွေရှိကြလို့ အခုလို ပြန်ဆုံကြရတာဖြစ်မှာပေါ့နော်၊ ဘာပဲဖြစ်ဖြစ် နင်နဲ့ အခုလိုပြန်တွေ့ရတာ ငါတော့ သိပ်ဝမ်းသာတာပဲ"

နီမောင်က နှမ်းမြသေးကိုယ်လေးကိုညှစ်ကာ ပြောလိုက်လေ သည်။

"ငါလဲ ဝမ်းသာတာပါပဲ"

"ဒါထက် နင်မွေးထားတဲ့စွယ်ရောင်ကို အခု ခေါ်လို့ရသလား ဟင်၊ သူက ဘယ်မှာနေတာလဲ"

"သူက တောင်ကုန်းပေါ်က ဂူတစ်ဂူထဲမှာနေတယ်၊ ငါ့ခေါ်သံ ကြားရင် သူ လာပါတယ်"

"အဲဒီလိုဆိုရင် ခေါ်လိုက်ပါလား၊ ငါ ကြည့်ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



“နင် သစ်ပင်ပေါ်တက်နေမှဖြစ်မယ်။ လူစိမ်းနဲ့တွေ့ရင် သူက ရန်မူလိုက်မှာစိုးလို့၊ သူ ရောက်လာရင်တော့ ငါ အမဲလိုက်သွားဦးမယ်၊ နင် ရွာကိုသာပြန်နှင့်ပေတော့”

ဟု ပြောသဖြင့် နီမောင်က ခေါင်းညိတ်ပြပြီး အနီးရှိသစ်ပင်ကြီး တစ်ပင်ပေါ်သို့ တက်နေရလေသည်။ သူ သစ်ပင်ပေါ်ရောက်တော့ နှမ်းမြသေးက တောထဲဝင်သွားလေသည်။

ခဏကြာတော့ တောထဲမှပြန်ထွက်လာသည်။

သို့သော် စောစောကတွေ့လိုက်ရသည့်အဝတ်အစားများ မဟုတ်တော့ဘဲ နီမောင် တစ်ခါကတွေ့မြင်ဖူးခဲ့သောဝတ်ရုံအဖြူကို ဝတ်ဆင်လာသည်။

နှမ်းမြသေးက ကျောက်တုံးတစ်တုံးပေါ် တက်ရပ်ပြီးနောက် စူးရှကျယ်လောင်သောအသံဖြင့် အချက်ပေးလိုက်ရာ ခဏကြာတော့ တောတိုးလာသောခြေသံများ ပေါ်ထွက်လာပြီး သစ်ပင်များကြားမှ ကျားကြီးတစ်ကောင် ထွက်လာလေသည်။ ကိုးတောင်ကျားကြီးက နှမ်းမြသေးအနီးသို့ ကပ်ကာ ပွတ်သပ်တိုးဝှေ့ပြီးနောက် ဆောင့်ကြောင့် ထိုင်နေတော့သည်။

ကြည့်ရသည်မှာ ကျားတစ်ကောင်နှင့်မတူဘဲ ယဉ်ပါးနေသည့် အိမ်မွေးကြောင်နှင့်ပင်တူနေသောကြောင့် သစ်ပင်ပေါ်မှကြည့်နေသော နီမောင်ပင် အံ့သြမိလေသည်။





အတန်ကြာတော့ နှမ်းမြသေးက နီမောင်ရှိရာသို့ မော့ကြည့်၍ နှုတ်ဆက်ပြီး ကျားကြီးနှင့်အတူ တောတွင်းသို့ ဝင်သွားလေတော့သည်။

နီမောင်လည်း သစ်ပင်ပေါ်မှဆင်းကာ စခန်းသို့ပြန်ခဲ့လေသည်။

ညနေစောင်းအချိန်တွင် နှင်းမြသေး ပြန်ရောက်လာသောအခါ သူမနှင့်အတူ သားကောင်ရလာသောကြောင့် ချက်ပြုတ်စားသောက်ကြလေသည်။

အမိကအရေးကြီးသောပစ္စည်းများမှာ အဆိပ်ဂမြဆေးနှင့် လက်နက်များဖြစ်သဖြင့် အဆိပ်ဖြေဆေး အဘော်များများကို စုဆောင်းကြရလေသည်။

သူတို့အဖွဲ့ ခရီးထွက်သောအခါ ရွာလူကြီး ဖမုန်းထန်က လမ်းပြ နှစ်ယောက်အပြင် တိုက်ခိုက်ရည်ကျွမ်းကျင်သော လူငါးယောက်ပါ ထည့်ပေးလေသည်။

ခရီးထွက်ခါနီးသောအခါ နှမ်းမြသေးက နီမောင့်အနီးသို့ကပ်လာပြီး လေသံတိုးတိုးဖြင့် မေးခလာသည်။

“နင် ဒီရွာကို တကယ်ပြန်လာမှာနော်”

“ပြန်လာမှာပေါ့။ ကိစ္စပြီးတာနဲ့ ငါ နင့်ဆီပြန်လာခဲ့မယ်”

“ငါ နေ့တိုင်းမျှော်နေမယ်”

နီမောင်က နှမ်းမြသေး လက်ကလေးကိုဆုပ်ကိုင်ပြီး နှစ်သိမ့်



www.burmeseclassic.com

www.burmeseclassic.com



မှပေးလိုက်ရလေသည်။

သူတို့ တောင်ပေါ် ရွာကလေးမှ ခရီးထွက်လာတော့ လူက (၁၃) ယောက်ဖြစ်သည်။

ဦးဘဇော်က ၎င်းတို့သွားလိုသောနေရာသို့ လမ်းပြနှစ်ယောက်အား မြေပုံပေါ် မှာပြသောအခါ ထိုလူနှစ်ယောက်က ...

"ဒီစာရွက်ကိုပြလို့လဲ ကျုပ်တို့ မကြည့်တတ်ပါဘူး၊ ဘာမှလဲမသိပါဘူး။ ဒါပေမယ့် ခင်ဗျားသွားချင်တဲ့နေရာကို ရောက်အောင်ပို့ပေးနိုင်ပါတယ်"

ဟု ပြောသဖြင့် ဦးဘဇော်လည်း မြေပုံစာရွက်ခေါက်ကို ပြန်ခေါက်သိမ်းလိုက်ရသည်။

လမ်းရောက်တော့ သောင်းထိုက် က ပြောသည်။

"ဟို နာဂမလေးက မင်းကို တကယ်စွဲလမ်းနေပုံရတယ်၊ ဘယ်လိုလုပ်မှာလဲ"

"ကိစ္စတွေပြီးရင် သူ့ရွာကိုဝင်ရမှာပေါ့"

"ဟင်... မင်း သူ့ကို တကယ်ယူမှာမို့လား"

နီမောင်က ခေါင်းညိတ်ပြလိုက်တော့ သောင်းထိုက်လည်း ဘာမှ ထပ်မပြောတော့ပေ။

ဤသို့ဖြင့် ခရီးဆက်ခဲ့ကြရာ လမ်း၌ တစ်ညအိပ်ခရီးမျှ ရောက်သောအခါ မီးတောင်ပေါင်းများရှိသောနေရာသို့ ရောက်ခဲ့ကြလေ





သည်။

ထိုတောင်ကြောပေါ် မှ လှမ်းကြည့်သောအခါ မီးတောင်ပေါင်းများနှင့် နက်ရှိုင်းလှသောလှိုဏ်ကြီးများကိုတွေ့ရသည်။

ထိုနေရာရောက်သောအခါ ဦးကျင်စွမ် က ...

"ကျုပ် မှတ်မိပြီ ကောင်းကောင်းမှတ်မိပြီဗျို့။ ကျုပ်တို့အဖွဲ့ တွေ တစ်ခါတုန်းကရောက်ခဲ့တာ ဒီနေရာပဲဗျ၊ ကျားနဲ့တူတဲ့လူတွေ ထွက်လာပြီးတိုက်ခိုက်တာကလဲ အဲဒီနေရာမှာပဲ၊ ကျုပ်တို့ပစ္စည်းတွေ ကျန်ခဲ့တာ အဲဒီမှာပဲ"

ဟု ဝမ်းသာအားရပြောနေသည်။

နာဂရွာမှလမ်းပြပါလာသော နှစ်ယောက်ကလည်း ကျားလူများ ရှိသောနေရာမှာ ထိုလှိုဏ်ကြီးများအတွင်း၌ဖြစ်ကြောင်း ပြောပြကြသည်။

"ဒီနေရာရောက်ရင်တော့ အားလုံး သတိရှိကြပါ၊ လက်နက်တွေကိုလဲ အဆင်သင့်လုပ်ထားကြပါ၊ ကျားလူတွေက အချိန်မရွေးရောက်လာနိုင်တယ်"

ဟု သတိပေးလေသည်။

သူတို့ရောက်သွားသောအချိန်မှာ နေ့လယ်ဘက်ဖြစ်သည်။

ထို့ကြောင့် ထိုနေရာနှင့် နီးနိုင်သမျှနီးသောနေရာ ရောက်အောင် သွားကြပြီး အခြေအနေကို အကဲခတ်ကြည့်ရှုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာတစ်ဝိုက်မှာ မီးတောင်ပေါက်ပေါင်းများ၊ ဂူပေါက်များ၊ သစ်တောများ၊ နက်ရှိုင်းလှသော ကျင်းကြီးများ၊ ချောက်ကမ်းပါးကြီးများ ပြည့်နေသောနေရာဖြစ်သည်။ သို့သော် ပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ လူရိပ်လူခြည်မတွေ့ရပေ။

ကျားလူများမှာ အများအားဖြင့် ညဉ့်အခါများ၌ အပြင်သို့ထွက်လေ့ရှိပြီး နေ့အခါများတွင် သူတို့နေသောနေရာများတွင် ပုန်းအောင်းနေကြသည်ဟု မှတ်ချက်ချသည်။

သို့ကြောင့် မီးတောင်ပေါင်းကြီးတစ်ခု၏အောက်ခြေသို့ ဆင်းကာ လိုက်လံကြည့်သောအခါ အလွန်ကြီးသောဂူပေါက်တစ်ပေါက်ကို တွေ့ရသည်။ အတွင်းလှမ်းကြည့်တော့ မှောင်နေသည်။

ဦးဘဇော်က ၎င်းယူဆောင်လာသော ဓာတ်ခဲခြောက်လုံးထိုး လက်နှိပ်ဓာတ်မီးဖြင့် လှမ်းထိုးကြည့်သည်။ မီးရောင်မှာ အတော်ဝေးဝေးရောက်သွားသော်လည်း အဆုံးကိုတော့ လှမ်းမမြင်ရပေ။

လာသောအဖွဲ့တွင် လက်နှိပ်ဓာတ်မီးက ဦးဘဇော်တွင် ခြောက်တောင့်ထိုးတစ်လက်နှင့် ဦးကျင်စွမ်တွင် သုံးတောင့်ထိုးဓာတ်မီးတစ်လက်သာပါသည်။

**ဂူက ဘယ်လောက်ရှည်မှန်းမသိရပေ။ အကယ်၍ ထိုဓာတ်မီးနှစ်လက်အားကိုးဖြင့် အတွင်းသို့ဝင်ပါက အတွင်းရောက်ခါမှ ဓာတ်ခဲအားကုန်သွားလျှင် ခက်မည်။**





ထို့ကြောင့် ကညင်ဆီ၊ ထင်းရှူးသား၊ ထင်းရှူးဆီတို့ကို ရှာဖွေကာ မီးတုတ်၊ မီးတိုင်များလုပ်ကြလေသည်။ ထိုမီးတိုင်များမှာ ကြာရှည်ခံလိမ့်မည်ဟု ခန့်မှန်းကြသည်။

သို့စေကာမူ အတွင်းပိုင်းသို့ရောက်သောအခါ သူတို့ မျှော်လင့်ထားသလိုဖြစ်မလာခဲ့ပေ။

၎င်းတို့အဖွဲ့မှာ (၁၃)ယောက်ရှိသော်လည်း အပေါက်ဝတွင် အကြောင်းရှိလျှင် အကူအညီပေးနိုင်ရန် သုံးယောက်ထားခဲ့ပြီး ဆယ်ယောက် အတွင်းသို့ဝင်ကြသည်။

ဦးဘဇော်တို့တွင်ပါလာသော အားကောင်းလှသည့် လက်နှိပ်မီးများက အတော်ဝေးသောနေရာရောက်အောင် လှမ်းမြင်နိုင်သောကြောင့် အကယ်၍ အဝေးတွင် ရန်သူရှိနေပါက လှမ်းမြင်နိုင်မည်ဖြစ်ပေသည်။

၎င်းတို့အဖွဲ့၌ သေနတ်သုံးလက်ပါသည်။

နီမောင့်ဆီမှာ လေးနှင့်မြားအပြင် ပေါက်ဓားခြောက်လက် ပါသည်။ ကျန်လူများဆီမှာတော့ ဓားနှင့်လှံများသာ ပါကြသည်။

အထဲသို့ရောက်စဥ်က မထူးခြားလှသော်လည်း အတွင်းပိုင်းသို့ရောက်သောအခါ ကျောက်သားမျက်နှာပြင်မှာ ရေညှိများဖြင့် ချော်နေသောကြောင့် အသွားရခက်လှသည်။

နာဂများက ဖိနပ်မပါသောကြောင့် အခက်အခဲမရှိကြပေ။

www.burmeseclassic.com



နီ မောင်က တောင်တက်ခြေရှည်ဖိနပ်စီးထားသောကြောင့် သွား လာရဘာ မခက်ခဲလှပေ။

အဆိုးဆုံးကတော့ ဦးဘဇော်တို့တစ်တွေဖြစ်သည်။ အောက်ခံရံ အမာပါသော တောစီးဖိနပ်များကို စီးထားသောကြောင့် ခြေကုပ်မရ ပသရာ မကြာခဏခြေချော်၍လဲကျကြသည်။

တစ်ကြိမ်မှာတော့ ဦးကျော်စွမ်မှာ ခြေလွတ်လက်လွတ် လဲကျ သွားလေရာ ဓာတ်မီးတခြား လူတခြား ဖြစ်သွားလေသည်။

အရှိန်ပြင်းပြင်းနှင့် ပစ်လဲကျသွားသောကြောင့် သူကိုင်ထား သောဓာတ်မီးက ဖွင့်လျက်သားနှင့်ပင် အတော်ဝေးသောနေရာသို့ ရောက်သွားလေတော့သည်။

သို့သော်လည်း အားလုံးက ဓာတ်မီးကို ဂရုမစိုက်အားဘဲ လဲကျ နေသော ဦးကျော်စွမ်ကိုသာ ဝိုင်းဝန်းပြုစုနေကြရသဖြင့် အချိန်အနည်း ငယ်ကြာသွားသည်။ ခြေခေါက်၍လဲကျသွားသောကြောင့် ဆေးများ ဖြင့်လိမ်း၍ နှိပ်နယ်ပေးတော့မှ ပြန်ကောင်းသွားသည်။

ထိုအခါမှ ပရစ် မီးတုတ်ကိုကိုင်ပြီး လက်နှိပ်ဓာတ်မီးရှိရာသို့ လျှောက်သွားသည်။

သူ ရောက်သွားတော့ စောစောက မီးဖွင့်လျက်သားကျနေသော လက်နှိပ်ဓာတ်မီးက နေရာမှာ မရှိတော့ပေ။

"ဟင် ... ဒီနားကလက်နှိပ်ဓာတ်မီး ဘယ်ရောက်သွားပြီလဲ"





"စောစောက အဲဒီနေရာမှာ ကျနေတာပဲလေ"

"အခု မရှိတော့ဘူး ဆရာကြီး"

"သေသေချာချာလိုက်ကြည့်ပါဦးကွာ"

ပရစ် က မီးတုတ်ကိုမြှောက်ပြီး အနီးတစ်ဝိုက်လိုက်ကြည့်သော် လည်း အစအနပင် မတွေ့ရသဖြင့် ပြန်လာသည်။

သူတို့အဖွဲ့တွင် အဝေးသို့လှမ်းမြင်နိုင်ရန် ဦးဘဇော်၏ဓာတ်မီး တစ်လက်သာ ကျန်တော့သည်။

ထိုလက်နှိပ်ဓာတ်မီးဖြင့် အဝေးသို့လှမ်းထိုးပြီး မီးတုတ်မီးတိုင် များအားကိုးနှင့် အတွင်းသို့ရောက်သောအခါ မြေမှာ တစ်ဆက်တည်း မဟုတ်တော့ဘဲ အက်ကြောင်းကြီးများဖြစ်နေသည်ကို တွေ့ရသည်။

အချို့အက်ကြောင်းများမှာ လှမ်းကျော်သွား၍ရသည်။ အချို့ အက်ကြောင်းများက ခုန်ကူးမှရသည်။ အချို့အက်ကြောင်းကြီးများ မှာ ခုန်ကူး၍ပင်မရနိုင်လောက်အောင်ကျယ်ဝန်းလေသည်။

အောက်သို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သောအခါ မီးရောင် တစ်ဆုံးအထိ အောက်ခြေသို့မမြင်ရသေးပေ။ ရှေ့တွင်ခံနေသော အက်ကြောင်းကြီးမှာ သစ်သားတံတားတစ်ခုမရှိဘဲ ကူး၍မရနိုင် သဖြင့် အခက်တွေ့နေကြသည်။

သို့သော်လည်း ဖွဲ့မလျှော့ဘဲ အနီးတစ်ဝိုက်တွင် တစ်ဖက်သို့ကူး နိုင်လောက်အောင်ကျဉ်းသောနေရာ ရှိမရှိ လိုက်လံကြည့်ကြလေ



www.burmeseclassic.com

www.burmeseclassic.com



ရာ တစ်နေရာအရောက်တွင် လွန်စွာမှဆိုးရှားသော အနံ့အသက်တစ်ခုကို ရလေသည်။ ထိုအနံ့အသက်မှာ သစ်သီးပုပ်နံ့လိုလို သွေးပုပ်နံ့လိုလို ညှီစို့စို့အနံ့မျိုးဖြစ်သည်။

အနံ့ထွက်နေရာသို့သွားကြည့်သောအခါ ကလပ်သဏ္ဌာန်ဖြစ်နေသော ကျောက်ခွက်ကြီးအတွင်းမှ ထိုအနံ့များထွက်နေခြင်းဖြစ်ပြီး နီမောင်က မီးတုတ်ဖြင့်အနီးသို့သွားကြည့်သောအခါ ကျောက်ခွက်ထဲတွင် ရေဖြင့်စိမ်ထားသော တောင်ပေါ်မှ အဆိပ်ပြင်းလှသည့်အဆိပ်သီးများ၊ ပလောင်သေရွက်ကဲ့သို့ အဆိပ်ရွက်များ၊ ကင်းများ၊ ပင့်ကူများအပြင် အဆိပ်အိတ်တန်းလန်းနှင့် ဖြတ်ထည့်ထားသော မြွေခေါင်းများကို တွေ့ရသည်။ အရောင်မှာ ပြာနှမ်းနှမ်းဖြစ်ပြီး အနံ့ဆိုးများမှာ ထိုကန်ထဲမှထွက်နေခြင်းဖြစ်သည်။

"ကန်ထဲမှာ ဘာတွေလဲ နီမောင်"

"ကမ္ဘာပေါ်မှာရှိရှိသမျှ အပြင်းဆုံးအဆိပ်တွေစုရင်တောင် ဒီကန်ထဲမှာရှိတဲ့အဆိပ်တွေကို မီမှာမဟုတ်ဘူး။ ဒါ သဘာဝရဲ့ အပြင်းဆုံးအဆိပ်တွေကို စုထားတဲ့အဆိပ်ကန်ပဲ"

"သူ့သဘာဝအလျောက်ဖြစ်နေတာလားဟင်"

"မဟုတ်ဘူး တစ်စုံတစ်ယောက်က ရည်ရွယ်ချက်တစ်ခုနဲ့ လုပ်ထားတာဒီအဆိပ် ထိလိုက်လို့ကတော့ သွေးမစို့ဘဲနဲ့တောင် ဒုက္ခရောက်နိုင်တယ်"





"ဟင်... ကြောက်စရာပဲ၊ ဒါဖြင့် ကျားလူတွေဟာ ဒီအဆိပ်တွေကိုများ အသုံးပြုလေရော့သလား"

"အသေအချာပါပဲ၊ သူတို့ရဲ့ချွန်ထက်တဲ့လက်သည်းတွေထဲမှာ အဆိပ်တွေထည့်ပြီး တိုက်ခိုက်ကြတာပါပဲ"

"ဒါဖြင့် ဒီထဲမှာ ကျားလူတွေရှိလောက်တယ်ပေါ့"

"ရှိလောက်ပါတယ်၊ ဒီဂူအတွင်းပိုင်းတစ်နေရာမှာ ကျားလူတွေရှိပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဒီကျောက်ကန်ကြီးရဲ့ဘေးပတ်လည်နေရာတွေမှာ သူတို့ရဲ့ခြေသည်းလက်သည်းချွန်တွေနဲ့ ကုတ်ခြစ်ထားတဲ့အရာတွေရှိပါတယ်၊ နောက်ပြီး ကျွန်တော်တို့ ခုန်ကူးလို့မရနိုင်တဲ့ ချောက်ကမ်းပါးရဲ့နှုတ်ခမ်းမှာ ခြေကုတ်ရာတွေ တွေ့ရတယ်၊ ကျွန်တော်တို့အတွက်သာ ခုန်ကူးလို့မလွယ်ပေမယ့် သူတို့ကတော့ ကျားတစ်ကောင်လို အသာကလေး ခုန်ကူးသွားကြပုံရပါတယ်"

ဟု နီမောင်က ရှင်းပြလိုက်သည်။

"ဒီဂူထဲမှာ ကျားလူတွေရှိတာ မှန်ရင်တော့ ကျုပ်တို့ဆီက လုယူသွားတဲ့ရတနာတွေလဲ ရှိမှာပေါ့နော်"

"ဒါကတော့ အသေအချာပြောလို့မရဘူး၊ အထဲရောက်မှပဲ သိရတော့မယ်"

"ကျုပ်တို့ ဟိုဘက်ရောက်အောင် ဘယ်လိုကူးကြမလဲ"

"ဂူဝကိုပြန်ထွက်ပြီးတော့ လှေကားတွေလုပ်ပြီးမှ ကူးလို့ရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကဲ ပြန်ထွက်ကြရအောင်”

သူတို့အဖွဲ့ နောက်ကြောင်းသို့ပြန်လှည့်လာစဉ် တစ်နေရာရောက်သောအခါ သက်ဦး က အလန့်တကြားအမူအရာဖြင့် တစ်နေရာသို့ လက်ညှိုးထိုးပြသည်။

ဦးဘဇော် က သူ လက်ညှိုးထိုးပြသောနေရာသို့ လက်နှိပ်ဓာတ်မီးနှင့် လှမ်းထိုးကြည့်လိုက်သောအခါ မည်းမည်းပိန်ပိန် လူတစ်ယောက်က သူတို့ကိုလှမ်းကြည့်နေသည်ကို တွေ့ရသည်။ မီးရောင်ဖြင့်ထိုးကြည့်သောအခါ ကျားတစ်ကောင် မာန်ဖီသကဲ့သို့ ပါးစပ်ကြီးဖြဲပြီး မာန်ဖီပြသည်။ မီးရောင်ကြောင့် ၎င်း၏သွားများကို အဖွေးသားမြင်ရသည်။

ဦးကျင်စွမ်က သေနတ်ဖြင့်ပစ်ရန် ချိန်လိုက်သောအခါ ဟဲခနဲမာန်ဖီ၍ ကျောက်တုံးကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

အခြေအနေကိုစောင့်ကြည့်သော်လည်း မထွက်တော့မှ ဂူအပြင်သို့ ပြန်ထွက်ခဲ့ကြသည်။

✳✳✳✪✳✳✳





အခန်း (၁၁)

## ဦးမွန်ထော်နှင့် ပြန်တွေ့ရခြင်း

ကျားလူတို့ လှို့ဂှက်စွာ စခန်းချနေထိုင်သော တောင်မြင့်ကြီး၏ အမည်မှာ ‘မဏိသေလာတောင်’ဖြစ်ပေသည်။

ထိုတောင်မြင့်ကြီး၏ပတ်ဝန်းကျင်မှာ နက်ရှိုင်းလှသောချောက်ကမ်းပါးများ၊ လှိုဏ်ကြီးများ၊ ဂူများ၊ ကြောက်မက်ဖွယ်ကောင်းသော တောင်ကမ်းပါးယံများနှင့် သားရဲတွင်းများရှိသည်။ မဏိသေလာတောင်မှာ ရှေးနှစ်ပေါင်းများစွာကတည်းက မီးတောင်ဟောင်းကြီးတစ်ခုဖြစ်ခဲ့သောကြောင့် ချောက်ကမ်းပါးကြီးများနှင့် ဂူပေါက်များစွာတို့ ရှိနေခြင်းကပင် ကျားလူတို့၏ ခိုအောင်းစရာနေရာကောင်းများဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့အဖွဲ့မှာ ဂူအပြင်သို့ ပြန်ရောက်ကြသောအခါ တစ်ဖက်သို့ကူးရန် လှေကားများ ပြုလုပ်နေကြသဖြင့် အချိန်ကုန်သွားသောကြောင့် ဂူအတွင်းသို့ မဝင်နိုင်ကြတော့ပေ။ နောက်တစ်နေ့နံနက်လင်းသောအချိန်ရောက်မှ ဂူအတွင်းဝင်ရန် တိုင်ပင်ကြပြီး ဂူပေါက်များနှင့် မနီးမဝေးနေရာမှာ စခန်းချကာ နားကြလေသည်။

သူတို့သည် ပါလာသောအစားအသောက်များကို ချက်ပြုတ်စားသောက်ပြီးနောက် မီးဖိုကြီးများကို အရှိန်ကောင်းစေရန် ထင်းခြောက်တုံးကြီးများထည့်ကာ စီမံထားကြသည်။ ညဦးပိုင်းအချိန်ရောက်သောအခါ မိမိတို့၌ပါလာသော လက်နက်များကို အရေးရှိပါက အဆင်သင့်သုံးနိုင်ရန် ပြင်ဆင်ထားကြပြီး တစ်လှည့်စီကင်းစောင့်ကာ အချို့က အိပ်ကြလေသည်။ သို့သော်လည်း ကောင်းစွာ မအိပ်ဝံ့သောကြောင့် သတိနှင့်နေကြရလေသည်။

လရောင်ကလည်း မရှိ၊ တောင်နံရံများနှင့် သစ်တောများကြောင့် အမှောင်ထုများကို ပိုမိုသိပ်သည်းနေသယောင်ရှိလေသည်။ ပမာဆိုရလျှင် အပေါ်မှ အဝတ်အမည်းကြီးဖြင့် အုပ်ချထားသကဲ့သို့ ရှိလေသည်။

တိတ်ဆိတ်ငြိမ်သက်နေသောအချိန်မှာ တစ်နေရာဆီမှ ငှက်ဆိုးအော်သံကဲ့သို့ သတ္တဝါတစ်ကောင် မာန်ဖီသံကဲ့သို့ အသံမျိုးကို မကြာခဏ ကြားကြရသည်။





ထိုပတ်ဝန်းကျင်တစ်ဝိုက်တွင် လူတစ်ယောက်၏အသက်ကို ခဏချင်းသတ်ဖြတ်နိုင်သော လူသတ်ကောင်များနှင့် မဝေးလှသည့်နေရာ၌ ရှိနေခြင်းကပင် ထိတ်လန့်ချောက်ချားဖွယ်ကောင်းလှပေသည်။

ကင်းစောင့်သူက စောင့်ပြီး ကျန်လူများက အိပ်ခွင့်ရသော်လည်း မည်သူမျှမအိပ်ဝံ့ကြပေ။

နီမောင်တို့နှင့်လိုက်လာသော နာဂများမှာ တစ်ယောက်မှမအိပ်ကြဘဲ လက်နက်များကို အဆင်သင့်ကိုင်ကာ မီးပုံအနီးတွင် ဝိုင်းဖွဲ့ထိုင်နေကြသည်။

ညဥ့်အတော်နက်သည်အထိ အခြေအနေက မထူးခြားဘဲရှိနေရာမှ မီးတောင်ထိပ်ဝဘက်တွင် လဆုတ်ရက်ထွက်သော မှိန်ပျပျ လရောင်ကလေးထွက်လာသောအချိန်၌ တစ်နေရာဆီမှ တောခွေးများ၏ ဆွဲဆွဲငင်ငင်အူသံများ ပေါ်လာလေ၏။

မီးပုံနားမှာစောင့်နေသူများမှာ ပရစ်နှင့် သက်ဦးတို့နှစ်ယောက်ဖြစ်သည်။

သူတို့သည် အချမ်းပြေမီးလှုံရင်း မီးဖိုပေါ်မှာတင်ထားသော အသားခြောက်များကို စားနေကြသည်။

ထိုသို့စားသောက်နေရင်းနှင့်ပင် နာဂရွာတွင် နာဂမိန်းမပျိုကလေးများနှင့် ကခဲ့ကြသည်ကို အားရပါးရပြောနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် နောက်ဘက်သစ်တောအတွင်းမှ ဂီးခနဲမာန်ဖီသံနှင့်အတူ ကျားလူများ ခုန်ထွက်လာကြလေသည်။

နာဂများက လှံရှည်များကိုင်ထားသောကြောင့် ခုန်ဝင်လာသော ကျားလူများကို လှံရှည်ဖြင့်ထိုးကာ အနားမကပ်နိုင်အောင် ခုခံနိုင်ကြသည်။

သက်ဦးနှင့် ပရစ်တို့က ဓားရှိသဖြင့် ဓားဖြင့် ဆီးခုတ်သော်လည်း မရပေ။

ကျားလူများက ထိုဓားကို လက်ဖြင့်ရိုက်ထုတ်ရာ ဘေးသို့ကျသွားလေသည်။

နာဂများ၏လှံချက်ထိသော ကျားလူများမှာ ချက်ချင်း အသက်မသေဘဲ တဂီးဂီး။ တဂဲဂဲနှင့် မာန်ဖီကာ ရင်ဝမှာ စိုက်နေသောလှံများကို ဆွဲနုတ်ပစ်ရန် ကြိုးစားနေသည်။

ပရစ်နှင့် သက်ဦးတို့နှစ်ယောက်မှာ ဓားမရှိတော့သည်နှင့် ကျားလူများက ကိုယ်ပေါ်သို့ လွှားခနဲခုန်တက်လာကြသည်။ ထိုအခိုက်မှာပင် နောက်ဘက်မှ နီမောင်ပစ်လိုက်သောလှံက သက်ဦးကိုယ်ပေါ်မှ ကျားလူကျောပြင်ကို ဖောက်ဝင်သွားသော်လည်း ပရစ်ကိုယ်ပေါ်မှ ကျားလူ၏လက်သည်းချွန်ဖြင့် ကုတ်ခြစ်မှုကြောင့် လည်ပင်းပေါက်သွားကာ လဲကျသွားလေတော့သည်။

"အား …"





ကျန်လူများမှာလည်း ပရစ်ကို အကူအညီမပေးနိုင်တော့ဘဲ နောက်ထပ်ရောက်လာသောကျားလူများကို တရကြမ်းခုခံတိုက်ခိုက်ကြရသည်။

အနီးကပ်တိုက်ပွဲလည်းဖြစ်၊ အလင်းရောင်သိပ်မရသောအချိန်မို့ သေနတ်များမှာ အသုံးမတည့်လှပေ။ သို့သော်လည်း လှံရှည်နှင့် ဓားများပါသဖြင့် ခုခံတိုက်ခိုက်ရန်လက်နက်များ ရှိနေသေးသည်။

နာဂများမှာ ကျားလူများနှင့် မကြာခဏ တိုက်ခိုက်ကြရသောကြောင့် လှံရှည်ကြီးများနှင့် ခုခံတိုက်ခိုက်ရာ တပန်းသာလှသည်။ ၎င်းတို့အသုံးပြုသောလှံရိုးမှာ ဖျဉ်းကတိုးအနှစ်သားများဖြင့် ပြုလုပ်ထားသဖြင့် လှံသွားဖြင့်ထိုးရုံမက တုတ်တစ်ချောင်းကဲ့သို့ ရိုက်နှက်ရာမှာလည်း ထိရောက်လှသည်။

ကျားလူများမှာ …

လူနှင့်တိုက်ခိုက်ရာတွင် အသံကျယ်ကျယ်မထွက်ဘဲ မာန်ဖီသံ၊ ကြုံးဝါးသံ၊ အံကြိတ်သံများလောက်သာ ကြားရသည်။

နီမောင် အသုံးပြုသော အဆိပ်သုတ်ထားသည့် မြားချက်နှင့် ပေါက်ဓားချက်များကြောင့် ကျားလူအချို့ လဲကျသေဆုံးသွားလေသည်။

၎င်းတို့ဘက်မှ အထိရောက်ဆုံးလက်နက်မှာ သေနတ်ဖြစ်သည်။

သေနတ်သံများကို ကျားလူများက ကြောက်ရွံ့ကြသည်။ ကျည်



www.burmeseclassic.com

www.burmeseclassic.com



ဆန်ထိလျှင် နောက်သို့လန်ထွက်သွားသည်ကိုမြင်သောအခါ အခြား ကျားလူများက ဝူးဝူးဂဲဂဲအသံများအော်ကာ အမှောင်ထဲသို့ ပြေးသွား ကြလေတော့သည်။

အမှောင်ထဲမှာဖြစ်သောကြောင့် ကျားလူများ မည်ရွေ့မည်မျှ များသည်ကို မမြင်လိုက်ရပေ။

နံနက်လင်းသောအခါ မိမိတို့အဖွဲ့ထဲမှ ပရစ်နှင့် နာဂနှစ်ယောက် သေဆုံးသွားပြီး ကျန်လူများမှာလည်း ဒဏ်ရာအနည်းအများ ရကြ လေသည်။

ထို့ကြောင့် မိမိတို့အချင်းချင်း အဆိပ်ပြေဆေး ငန်းဆေးများ သုတ်လိမ်းပေးခြင်း၊ ဆေးတိုက်ခြင်း၊ ဆေးကုသခြင်းများ ပြုလုပ်ကြရ သည်။ ပြီးမှ လိုက်လံကြည့်ရှုသောအခါ ပတ်ဝန်းကျင်တစ်ဝိုက်မှာ ဒဏ်ရာအသီးသီးဖြင့် လဲကျသေဆုံးနေသော ကျားလူဆယ်ယောက် ခန့်ကို တွေ့ရသည်။

အလောင်းများအားလုံးကို တောင်အောက်ရှိ ချောက်အတွင်း သို့ ပစ်ချသင်္ဂြိုဟ်လိုက်ကြသည်။

အားလုံးပြီးသောအခါ နီမောင်က ...

"ကျွန်တော်တို့က ကျားလူတွေရှိတဲ့နေရာကို သိရပြီဆိုတော့ သူတို့လာတိုက်တာကို စောင့်နေမယ့်အစား ကျွန်တော်တို့က ဦးအောင် တိုက်ရင် ပိုမကောင်းဘူးလား"





ဟု မေးလိုက်သည်။

"ဒါလဲကောင်းတာပဲ၊ လာမယ့်ဘေး ပြေးတွေ့တဲ့သဘောပေါ့၊ မင်းက ဘယ်လိုလုပ်ချင်လို့လဲ"

"ဝင်တိုက်တာကတော့ ဟုတ်ပြီ ကျားလူတွေက အထဲမှာ ဘယ် လောက်များနေတယ်ဆိုတာ မသိရသေးဘူး။ ကျွန်တော်တို့ ရှိတဲ့လူနဲ့ အထဲကိုဝင်သွားရင် ကိုယ့်သေတွင်း ကိုယ်တူးသလိုဖြစ်သွားလိမ့်မယ်၊ ကျွန်တော်တို့ လူအင်အားထပ်ဖြည့်ရင် မကောင်းဘူးလား"

"ကောင်းတော့ကောင်းတာပေါ့၊ ဒါပေမယ့် ဘယ်ကရမှာလဲ"

"ဓမုန်းထန်တို့ရွာမှာ ရှိတယ်လေ၊ သူတို့ကို အကျိုးအကြောင်း ပြောပြီး အကူအညီတောင်းရင် ရနိုင်တာပဲ"

"ဘယ်သူသွားခေါ်မှာလဲ"

"ကျွန်တော်နဲ့ နာဂတစ်ယောက် သွားခေါ်မယ်"

နီမောင် သွားခေါ်မည်ဆိုသဖြင့် သဘောကျကြသော်လည်း 'အကယ်၍ ဒီကိုပြန်မလာလျှင်အခက်' ဟူသော အတွေးကြောင့် ဓဝေ ဓဝါဖြစ်သွားကြသည်။ ပြန်လွှတ်ရကောင်းနိုးနိုး၊ မလွှတ်ရကောင်းနိုး နိုးဖြင့် ချိန်ဆနေကြသည်။ ဒါကို နီမောင်က ရိပ်မိလိုက်သည်။

"ဘာလဲ... ကျွန်တော့်ကို မယုံလို့လား။ ကျွန်တော်တို့က ငွေမရှိ ပေမယ့် သစ္စာတော့ရှိပါတယ်၊ ခရီးအတူတူသွားဖော်သွားဖက်ချင်း ဒုက္ခတွေ့နေချိန်မှာ တစ်ကိုယ်ကောင်းဆန်ပြီး ရှောင်ပြေးတဲ့စိတ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ လုံးဝမရှိပါဘူး”

ဟု ခပ်တင်းတင်းပြောလိုက်သည်။

ထိုအခါမှ ဦးဘဇော်က ပျာပျာသလဲအမူအရာဖြင့် ...

“ဒီ...ဒီသဘောမျိုးမဟုတ်ပါဘူး။ မင်းသွားတော့ ပိုပြီး အဆင်ပြေတာပေါ့။ သွားသာသွားပါ”

ဟု တောင်းပန်ပြောဆိုလေသည်။

ထို့ကြောင့် နီမောင်နှင့် နာဂအဖော်တစ်ယောက်တို့ တောင်ပေါ်သို့ပြန်တက်ခဲ့ကြသည်။ ရွာသို့ပြန်ရောက်၍ သူတို့ကို ရုတ်တရက်တွေ့လိုက်ရသောအခါ ဇမုန်းထန်က အံ့သြဝမ်းသာနေသည်။

“မင်း ပြန်လာတာနဲ့ အတော်ပဲ၊ ဒီမှာ မင်းတို့ထမ်းသိက မင်းကို တွေ့ချင်လို့ လိုက်လာတဲ့သူ ရောက်နေတယ်”

ဟု ဆီးပြောသဖြင့် နီမောင်မှာ အံ့သြနေသည်။

ရွာက သူ့ထံသို့လိုက်လာတာတဲ့၊ ဘယ်သူများပါလိမ့်။

ရွာသားတစ်ယောက်ခေါ် လာသောဧည့်သည်ကို တွေ့လိုက်ရသောအခါ နီမောင်မှာ တအံ့တသြဖြစ်သွားလေသည်။

ထိုဧည့်သည်မှာ အခြားမဟုတ်ပေ။

မုဆိုးကြီးဦးမွန်ထော် ပင်ဖြစ်သည်။

ဦးမွန်ထော်သည် သူ့အား မုဆိုးတို့တတ်အပ်သော အတတ်ပညာများကို သင်ကြားပေးခဲ့သောဆရာကြီးဖြစ်၏။





ဦးမွန်ထော်မှာ အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး ခေါင်းတုံးပြောင်ပြောင်နှင့် ကြံ့ခိုင်သန်စွမ်းသောလူကြီးတစ်ဦးဖြစ်သည်။

၎င်းကိုင်သောဒူးလေးကို တော်ရုံယောကျ်ားတစ်ယောက် လေးညို့မတင်နိုင်ပေ။ ၎င်းဒူးလေးနှင့်ပစ်ပါက ရေအပြည့်ထည့်ထားသော သံစည်ပိုင်းကိုပင် ဖောက်ထွက်နိုင်၏။

သူ အသုံးပြုသော မြားများ၏ထိပ်မှာ သံချွန်များတပ်ထားသဖြင့် တောတိရစ္ဆာန်ထဲတွင် အကောင်အကြီးဆုံးသတ္တဝါတွေထဲမှာပါသော ဆင်ကိုပစ်၍ ချက်ကောင်းထိပါက ဖင်ထိုင်လဲကျသွားလောက်အောင် အားပြင်းရသည်။

ထို့ကြောင့် မုဆိုးအချင်းချင်းကပင်လျှင် ဦးမွန်ထော်အား ‘သောနုတ္တိုရုံ’ဟု အမည်ပေးထားကြသည်။

ဦးမွန်ထော်ကို မမျှော်လင့်ဘဲတွေ့မြင်လိုက်ရတော့ နီမောင် ဝမ်းသာသွားသည်။

“အဘ ဘယ်တုန်းကရောက်နေတာလဲ”

“မနေ့က ရောက်တယ်”

“ဒီဘက်ကို အမဲလိုက်ရင်းနဲ့ တက်လာတာလား”

“မဟုတ်ဘူး။ မင်းနောက်ကို တမင်လိုက်လာတာ”

“ဟင်... ဘာဖြစ်လို့လဲ”

“မင်း ရွာကထွက်သွားတာ ရက်တွေကြာနေလို့ မင်းမိဘတွေ



www.burmeseclassic.com

www.burmeseclassic.com



က တမျှော်မျှော်နဲ့ စိတ်ပူနေကြတယ်၊ ဒါကြောင့် ငါ့ကို အပူကပ်ကြတာနဲ့ သတင်းစုံစမ်းပြီး လိုက်လာတာပဲ၊ ဒီမှာ အခြေအနေဘယ်လိုရှိသလဲ၊ မင်းနဲ့အတူသွားကြတဲ့လူတွေရော ဘယ်မှာလဲ”

ဟု မေးသဖြင့် နီမောင်က ခရီးစ ထွက်လာသည်မှ ယခု အခြေအနေအထိ အားလုံး ပြောပြလိုက်သည်။

သူပြောသမျှကို ဦးမွန်ထော်က ကွမ်းတမြုံ့မြုံ့ ဝါးရင်း နားထောင်နေလေသည်။

ဇမုန်းထန်ကပါ စိတ်ဝင်စားစွာနားထောင်နေပြီးမှ ...

“ဒီလိုသတင်းကြားရတာ သိပ်ကောင်းတာပဲ၊ နောက်ပြီး မင်းကိုတစ်ယောက်တည်းတွေ့တုန်း ပြောစရာရှိတာတွေပြောရဦးမယ်၊ အေးအေးဆေးဆေးစားသောက်ရင်း ပြောကြတာပေါ့”

ဟု ပြောကာ နှမ်းမြသေး ပြင်ဆင်ပေးသော စားသောက်စရာများကို စားကြသောက်ကြရင်း ဇမုန်းထန်က ဤသို့ပြောလေသည်။

***✪***





အခန်း (၁၂)

## ရတနာများနှင့် သဲလွန်စ

၁၈၈၆ ခု ဖေဖော်ဝါရီလတွင် ကချင်တောင်တန်းနှင့် ချင်းတောင်တန်းများပေါ်တွင် ဗြိတိသျှတပ်များနှင့် မျိုးချစ်တော်လှန်ရေးသမားများစွာတို့ တိုက်ပွဲများဖြစ်ပွားခဲ့ကြသည်။

ကချင်တောင်တန်းများပေါ်တွင် တက်ရောက်တပ်စွဲသော ဗြိတိသျှတပ်များအနက် မေဂျာမိန်းဝါရင်း(Major Mainwaring)နှင့် ကပ္ပတိန်ဝေ့(Capt. Wace)တို့ဦးဆောင်သောတပ်များသည် မိုးကောင်းဘက်သို့ တပ်ဖြန့်လာသည်။

ဤသို့တပ်ဖြန့်လာသောဗြိတိသျှတပ်များနှင့် စာဝတီ(Sawaddi)



www.burmeseclassic.com

www.burmeseclassic.com



တွင်တပ်စွဲနေသော ဗြိတိသျှတပ်များအား တိုက်ခိုက်ရန်အတွက် ဖုံကန်ဒူးဝါးနှင့် ကချင်အမျိုးသားများက ဗန်းမော်အနီးတွင် တပ်စွဲ၍ တိုက်ခိုက်ကြသည်။

ထိုအချိန်မှာပင် ချင်းတောင်တန်းကြီးများဘက်သို့လည်း ဗြိတိသျှတပ်များက စစ်ဦးလှည့်ခဲ့ကြသေးသည်။

၁၈၈၆ ခု ဖေဖော်ဝါရီလထဲမှာပင် ဗြိတိသျှတပ်သား(၇၅)ယောက် ပါဝင်သည့်တပ်ဖွဲ့တစ်ဖွဲ့သည် တောင်ပိုင်းချင်းတောင်မင်းတပ်နယ်သို့ စတင်ရောက်လာခဲ့ကြသည်။

မြောက်ပိုင်းချင်းတောင်တန်းတွင် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ အရှိန်မရသေးမီကာလ ဗြိတိသျှတပ်တို့သည် ချင်းတွင်းမြစ် အတိုင်း ဆန်တက်လာခဲ့ကြသည်။

ထိုသို့ချီတက်လာကြသော ဗြိတိသျှတပ်များကို ချင်းတို့၏နယ်မြေသို့မရောက်နိုင်ရန်အတွက် အထက်ချင်းတွင်းဒေသများဖြစ်သည့် ကန္နီ၊ မင်းကင်း၊ ကင်းတပ်၊ သောင်ထွတ်၊ ဟုမ္မလင်းဒေသများမှာ ဗဆေ တို့က ဆီးကြို၍တိုက်ခိုက်ခဲ့ကြသည်။

ထိုစဉ်က ကန္နီဘက်တွင် ဆင်တဲဝန်၊ မင်းကင်းနှင့် တောင်ချောင်း ဒေသတွင် ဦးတက်၊ အူရှာထမောင်းမောက်မှ ဦးပျားတို့မှာ နယ်ချဲ့ တော်လှန်ရေးတွင် ရှုပ်ရှုပ်ချုံချုံခုခံတိုက်ခိုက်ခဲ့ကြသူများဖြစ်သည်။

ရှမ်းတို့၏နယ်မြေမှာလည်း လင်းပင်မင်းသားဦးဆောင်သော





လင်းပင်အုပ်စုသည် ၁၈၈၆ ခု၊ ဖေဖော်ဝါရီလအတွင်းမှာပင် မိမိတို့ စုရုံးနေရာမှ သံလွင်ကိုဖြတ်ကျော်လာကာ ဗြိတိသျှလက်အောက် ရောက်နေသော မိုးနဲကို ဝင်ရောက်တိုက်ခိုက်ကြသည်။

လင်းပင်မင်းသား၏တပ်များ အောင်ပွဲရနေစဉ် မြင်းခေါင်းကြီး၊ ဆံမြိတ်ရှည်မောင်ကြီးနှင့် အခြားခေါင်းဆောင်နှစ်ဦးတို့ ဦးဆောင်သော ရှမ်းဗမာအမျိုးသားများသည် ဝမ်းတွင်းတောင်ခြေ ဟသံ္သာကန် အနီးတွင် အခိုင်အမာတပ်စွဲကာ ဗြိတိသျှတို့သိမ်းပိုက်ထားသော နယ်မြေများကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည်။

မိတ္ထီလာမှ လှိုင်းတက်သို့ချီတက်သွားခဲ့သော ကပ္ပတိန်ဖော့်စ် (Capt. forbes)ဦးဆောင်သော ဗြိတိသျှတပ်များနှင့် မြင်းခေါင်းကြီး ဆံမြိတ်ရှည်မောင်ကြီးဦးဆောင်သော ရှမ်းဗမာအင်အားစုများသည် သာစည်လမ်းခွဲတွင် တိုက်ပွဲဖြစ်ပွားရာ ကပ္ပတိန်ဖော့်စ်ကျဆုံးကာ ဗြိတိသျှတို့ တပ်လန်သွားခဲ့ကြလေသည်။

ထိုအချိန်တွင် ဇမှန်းထန်မှာ ဟော်နန်းတစ်ခုတွင် တာဝန်ထမ်း ဆောင်နေချိန်ဖြစ်သည်။ သူသည် ဗြိတိသျှတို့နှင့် ရင်ဆိုင်တိုက်ခိုက် လေ့ရှိသောကြောင့် စော်ဘွားကြီးက ၎င်းအား လက်ရုံးသဖွယ် အား ကိုးလေသည်။

တစ်နေ့သောအခါ စော်ဘွားကြီးသည် တိုင်းရေးပြည်ရေး အခြေ အနေမကောင်းလှသဖြင့် ဟော်နန်း၌ရှိသော ရတနာပစ္စည်းများကို



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာများဖြင့်ထည့်ကာ သိမ်းဆည်းထားရာ အတွင်းသူလျှို တစ်ယောက်က သိသွားသဖြင့် အင်္ဂလိပ်တပ်များကို အကြောင်းကြားကာ ပော်နန်းကို ဝင်ရောက်စီးနင်းတိုက်ခိုက်ကြသည်။

ဇမုန်းထန်တို့က ရှုပ်ရှုပ်ရွှံရွှံပြန်လည်တိုက်ခိုက်ကြသော်လည်း လက်နက်အင်အား မမျှသောကြောင့် ပော်နန်း ကျလေသည်။

"သူတို့ဟာ ဒီတောင်တန်းပေါ်ရောက်တဲ့အခါ ကျားလူတွေရဲ့ တိုက်ခိုက်တာခံရပြီး အားလုံး သေသွားကြပုံရတယ်၊ သူတို့နဲ့ပါလာတဲ့ ရတနာပစ္စည်းတွေတော့ ကျားလူတွေပဲ ယူသွားကြသလား၊ ဒါမှမဟုတ် တောင်တန်းတစ်နေရာမှာပဲ ရှိနေသေးသလားတော့ မပြောတတ်ဘူး"

"ကျုပ်လဲ အဲဒီကတည်းက ဒီနာဂတောင်တန်းဘက်ကို ရှောင်လာခဲ့ပြီး ဒီမှာ အခြေချနေခဲ့တာ အခုထိပါပဲ။ ဒါ့အကြောင်းကို ဒီကမွင်းဆရာ ဦးမွန်ထော် အသိဆုံးပေါ့"

ဟု ပြောပြတော့မှ ဦးမွန်ထော်နှင့်ဇမုန်းထန်တို့ ယခင်ကတည်းက သိကျွမ်းခဲ့ဖူးသော မိတ်ဟောင်းဆွေဟောင်းများဖြစ်ကြသည်ကို သိရလေတော့သည်။

"လက်စသတ်တော့ ဇမုန်းထန်ဟာ သူ့ဘဝကို တောင်ပေါ်မှာ ဖောက်မြုပ်ထားတဲ့ တော်လှန်ရေးသမားကြီးတစ်ယောက်ပဲကိုး"

ဟုလည်း တွေးလိုက်မိသည်။





"ခင်ဗျား အဲဒီကထွက်လာပြီးကတည်းက အဲဒီနေရာတစ်ဝိုက်ကို တစ်ခေါက်တလေများ ရှာမကြည့်ဘူးလား"

ဟု ဦးမွန်ထော်က မေးလိုက်သည်။

"ဘယ်နေလိမ့်မလဲဗျာ၊ အရင်က အဲဒီသတင်းကြားပြီး ရှာကဆိုရင် မကြာခဏ သွားရှာတာပေါ့၊ ဒါပေမယ့် မတွေ့ဘူးဗျ၊ ကျုပ်အထင်တော့ ကျားလူတွေ ယူသွားတယ်ထင်တယ်"

"ဒါဖြင့် အခုလာတဲ့ ကုန်သည်အဖွဲ့တွေဟာ အဲဒီတုန်းက သစ္စာဖောက်တွေနဲ့ တစ်နည်းတစ်ဖုံ အဆက်အသွယ်ရှိတဲ့လူတွေ ဖြစ်မှာပေါ့"

"ဒါကတော့ သေချာလောက်ပါတယ်၊ ဒီအကြောင်းကို မသိဘဲနဲ့ ဒီနေရာမျိုးတွေကို စွန့်စွန့်စားစား ဘယ်လာဝံ့ပါ့မလဲ"

ဦးမွန်ထော်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အေးဗျာ၊ သူတို့ ရွာကိုရောက်လာတဲ့အချိန်က ကျုပ် တောင်ပေါ်တက်နေလို့ မတွေ့လိုက်ရဘူး၊ ပြန်ရောက်တော့မှ နီမောင်တောင်ပေါ်ကိုပါသွားပြီဆိုတာကို သိရတော့တယ်၊ ဒါကြောင့် စိတ်မချလို့ နောက်ကလိုက်လာတာပဲ၊ ဒါဖြင့် ကျုပ်တို့ အခု ဘယ်လိုလုပ်ရင်ကောင်းမလဲ ဇမုန်းထန်"

"ဒီပစ္စည်းတွေဟာ ကျုပ်တို့အမျိုးသားတွေပိုင်တဲ့ပစ္စည်း၊ နိုင်ငံတော်က ပိုင်သင့်တဲ့ပစ္စည်းတွေပဲ၊ ဒီလိုလူတွေရသွားရင် သူတို့က



www.burmeseclassic.com

www.burmeseclassic.com



တခြားနိုင်ငံကို ယူသွားကြမှာပေါ့၊ ဒီတော့ ဖြစ်တဲ့နည်းနဲ့ တားဆီးရမယ်၊ ကျုပ်တို့ပစ္စည်းတွေကို ရအောင်ပြန်ယူရမယ်"

"ဒီအကြံကောင်းတယ်"

"နီမောင်... မင်း အခု ဒီကို တစ်ခေါက်ပြန်လာတာ ဘာအတွက်လဲ"

"ကျားလူတွေကိုဝင်တိုက်ဖို့ လူပြန်စုတာ အဘ"

"အေး... ဒီလိုဆိုတော့လဲ အဆင်ပြေတာပေါ့ကွာ။ ဒီရွာမှာရှိတဲ့ တိုက်ခိုက်နိုင်တဲ့လူတွေကို ခေါ်သွားမယ်၊ ဟိုရောက်တော့ သူတို့မှာပါတဲ့သေနတ်တွေအကူအညီနဲ့ တို့ကို အမြဲဒုက္ခပေးနေတဲ့ ကျားလူတွေကိုလဲတိုက်မယ်၊ ပြီးရင် အဲဒီသစ္စာဖောက်တွေကို ဆက်တိုက်မယ်၊ မကောင်းဘူးလား"

"ဒီအကြံကောင်းတယ်ဗျို့၊ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုတာ ဒါမျိုးပေါ့"

ဟု အားရပါးရ တိုင်ပင်ကြပြီးနောက် ဦးမွန်ထော်က နီမောင်ကို စာရွက်ခေါက်လေးတစ်ခု ထုတ်ပေးသည်။

"ဘယ်သူပေးလိုက်တာလဲ အဘ"

"မင်းကို စောသီရိ ဆိုတဲ့ ကလေးမလေးက ပေးခိုင်းလိုက်တာ"

ဟု ပြောပြီး ပေး၍ ထ,သွားကြလေတော့သည်။

နီမောင်က စာရွက်ခေါက်ကလေးကိုကိုင်ထားရင်း စောသီရိ၏





မျက်နှာလေးကို ပြန်လည်မြင်ယောင်မိကာ သက်ပြင်းတစ်ချက် ချလိုက်မိသည်။

ခဏကြာမှ စာရွက်ခေါက်ကို ဖွင့်ဖတ်လိုက်သည်။

နီမောင် ...

အဘာနဲ့လူကြုံလို့ ငါ စာရေးပေးလိုက်ပါတယ်။ နင် ဒီတစ်ခေါက်သွားတာ အကြာကြီးပဲနော်၊ ငါကတော့ နင် ပြန်လာမယ့်ရက်ကို နေ့တိုင်းမျှော်နေတာ သိလား။ အဲဒါ ဘာကြောင့်လဲဆိုတော့ နင့်ကို လွမ်းလို့ပေါ့။ နင် ကျန်းကျန်းမာမာနဲ့ သောအန္တရာယ်တွေ ကင်းစေကြောင်းအတွက် ငါ ဘုရားမှာ နေ့တိုင်းဆုတောင်းပေးပါတယ်၊ နင့်ကို ငါကိုယ်တိုင်ရက်ပေးလိုက်တဲ့ပဝါလေးကို နဖူးမှာ အမြဲစည်းထားနော်၊ ပဝါလေးမှာ ဘုရားစာတွေပါတော့ အမြဲစည်းထားရင် အန္တရာယ်ကင်းတာပေါ့။ နင် တောင်ပေါ်ကပြန်လာရင် ငါ့အတွက် သစ်ခွပန်းလှလှလေးတွေ ယူလာခဲ့ဖို့ မမေ့နဲ့နော်၊ နင့်ကို သိပ်ပြီးသတိရနေတဲ့ .....

စောသီရိ

ဟူ၍ ဖြစ်သည်။

စာက တိုသော်လည်း နီမောင့်ရင်ထဲတွင် အတွေးများစွာတို့က ရှည်လျားစွာကျန်ရစ်ခဲ့လေသည်။

ထို့နောက် မိမိ၏ကျောပိုးအိတ်ထဲမှာ တရိုတသေ ထည့်ယူလာ



www.burmeseclassic.com

www.burmeseclassic.com



သော ယောတဘက်လေးကို ထုတ်ယူ၍ ဖြန့်ကြည့်လိုက်သည်။

ယောတဘက်ပေါ်မှာ 'ဘုရား၊ တရား၊ သံဃာ'ဆိုသော စာလုံးများကိုတွေ့ရသောအခါ...

"သူ ငါ့အတွက် အပင်ပန်းခံပြီး တမင်ရက်ပေးလိုက်တာပဲ"

ဟု စဉ်းစားမိသဖြင့် စိတ်မကောင်းဖြစ်သွားမိသည်။

တဘက်ကလေးကိုဖြန့်ကြည့်နေစဉ်မှာပင် စောသီရိ၏ အငွေ့အသက်ကလေးများရှိနေသည်ဟုထင်ရသောအခါ သူမကိုယ်တိုင် မိမိအနားရောက်နေသလို ခံစားရလေသည်။

"အခြေအနေဆိုတာ ကိုယ်ဖြစ်ချင်သလိုဖြစ်တာမဟုတ်တော့... ငါ ဘယ်လိုတတ်နိုင်မှာလဲ သီရိရယ်"

တစ်ယောက်တည်းရေရွတ်နေစဉ် သူ့အနီးသို့ နှမ်းမြသေး ရောက်လာသည်။

"ဟယ်... တဘက်ကလေးက လှလိုက်တာ၊ နင့်ကို ဘယ်သူပေးလိုက်တာလဲဟင်"

ဟု မေးလိုက်သည်။

နီမောင် က အမှန်အတိုင်းမပြောချင်သဖြင့် ...

"အမေ ပေးလိုက်တာပါ"

"နင့်အမေက နင့်ကို အတော်ချစ်တာပဲ၊ တောင်ပေါ်တက်တာ တဘက်က ဘာအတွက်ယူလာတာလဲဟင်"





"ဒီဘက်မှာ ဘုရား၊ တရား၊ သံဃာလို့ ရေးထိုးထားတယ်၊ နဖူးမှာစည်းထားရင် အန္တရာယ်ကင်းတာပေါ့"

ဟု ဝမ်းနည်းသောလေသံဖြင့် ပြောသည်။

"ဒီလောက်လဲဝမ်းနည်းမနေပါနဲ့တော့၊ ဒီ တဘက်ကို နင် လိုချင်လို့လား၊ လိုချင်ရင် ငါပေးမယ်လေ"

"ငါ မလိုချင်ပါဘူး နီမောင်ရယ်၊ နင့်အတွက် ရည်းစူးပြီးလုပ်ပေးလိုက်တဲ့ပစ္စည်းလေးကို နင်ကိုယ်တိုင်ပဲသုံးပါ။ နီမောင်... ငါလေ နင်သွားကတည်းက တို့နှစ်ယောက်တွေ့နေကျနေရာလေးမှာ ထိုင်ပြီး နေ့တိုင်း နင့်ကိုမျှော်နေမိတယ်၊ အခု နင်ပြန်လာတာတွေ့တော့ ငါ သိပ်ပြီးဝမ်းသာတာပဲ။ နင်နဲ့အတူတူသွားကြတဲ့သူတွေရောဟင်၊ သူတို့ မပါကြဘူးလား။ နင်တစ်ယောက်တည်း ဘာဖြစ်လို့ပြန်လာတာလဲဟင်"

ဟု နှမ်းမြသေးက သာလိကာမလေးတစ်ယောက်လို သူ သိလိုသမျှကို ဆက်တိုက်မေးလိုက်လေသည်။

"ငါတို့ ကျားလူတွေရှိတဲ့နေရာကို တွေ့ကြပြီ၊ သူတို့နဲ့လဲ တစ်ကြိမ်တိုက်ပြီးကြပြီ၊ တို့ဘက်က လူသုံးယောက်တော့ သေသွားပြီ"

"ဟင် ..."

"အဲဒါ ဖမုန်းထန်ကို လာပြီးအကူအညီတောင်းတာပဲ"

"အဖေက ဘာပြောလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သူကတော့ ဒီရွာမှာရှိတဲ့ တိုက်ခိုက်ရေးကောင်းတဲ့လူတွေကိုပါ ခေါ်ပြီး ဝိုင်းတိုက်ပေးကြမယ်လို့ ပြောတယ်"

"ဟင်... ဟုတ်လား။ ဒီလိုဆိုရင် ငါလဲလိုက်မှာပေါ့"

ဟု နှမ်းမြသေးက ဝမ်းသာအားရ ပြောလေသည်။

"နင် လိုက်လို့ဖြစ်မယ်မထင်ပါဘူး၊ ကျားလူတွေက အန္တရာယ် အတော်ကြီးတယ်၊ တော်ကြာ နင် တစ်ခုခုဖြစ်သွားရင် ခက်မယ်"

"ငါ့အတွက် စိတ်မပူပါနဲ့ နီမောင်ရယ်၊ ငါက အရှယ်ရောက်ကတည်းက ကျားတစ်ကောင်နဲ့ တောထဲတောင်ထဲမှာတစ်ယောက်တည်းလျှောက်သွားနေတာ၊ ဘယ်သူ့ကိုမှလဲ မကြောက်ဘူး။ ဘယ်လိုအန္တရာယ်မှလဲ မဖြစ်ဘူး။ ငါကြောက်တာ တစ်ခုပဲရှိတယ်၊ အဲဒါ နင် တစ်ခုခုဖြစ်သွားပြီး နင်နဲ့ခွဲရမှာကိုပဲ ကြောက်တာ"

ဟု ပြောလိုက်သောအခါ နီမောင့်ရင်ထဲမှာ များစွာစိတ်မကောင်းဖြစ်မိသွားသည်။

မိမိအပေါ်တွင် အနစ်နာခံ၍ စွဲစွဲလမ်းလမ်းချစ်တတ်သော တောင်ပေါ်သူလေး၏အချစ်ကို သူ့အနေနှင့် ဘယ်လိုနည်းနှင့်မှ ဥပေက္ခာမပြုနိုင်တော့ပေ။

✳✳✳✪✳✳✳





အခန်း (၁၃)

## ကျားနဝါမယ်နှင့် ကံကြမ္မာအလှည့်များ

နောက်တစ်နေ့နံနက်စောစောအချိန်မှာပင် ဓမုန်းထန်က ၎င်းရွာမှ တိုက်ခိုက်ရည်ကောင်းသော နာဂနှစ်ဆယ်ခန့်ကိုခေါ်ယူကာ နီမောင်နှင့်အတူလိုက်ရန်ပြင်လေသည်။

၎င်းတို့ကိုင်ဆောင်သောလက်နက်များမှာ အသွားထက်လှသော ဓားနှင့်လှံရှည်တစ်လက်တို့ဖြစ်သည်။

အရိုးရှည်၍ အသွားထက်လှသောလှံရှည်မှာ ကျားလူများနှင့် တိုက်ခိုက်ရာတွင် များစွာ အသုံးဝင်လှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားတစ်ကောင်ကဲ့သို့ အပေါ်မှာခုန်ဝင်လာတတ်သော ကျားလူများကို အသွားထက်သောလှံရှည်ဖြင့်ထောက်ထားသော တိုက်ကွက်မှာ ရိုးစင်းလှသော်လည်း များစွာထိရောက်လှပေသည်။

ဇမုန်းထန်နှင့်အတူ နှမ်းမြသေး့ပါ လိုက်လာသည်။ သို့သော်လည်း ၎င်းတို့နှင့်အတူတူလိုက်လာခြင်းမဟုတ်ဘဲ တောထဲမှ စွယ်ရောင်နှင့်အတူ သူမဘာသာ လိုက်ခဲ့ခြင်းဖြစ်ပေသည်။

နီမောင်က နှမ်းမြသေး ပါလာသောကြောင့် ဝမ်းသာသည်က တစ်ဖက်၊ စိုးရိမ်စိတ်ကတစ်ဖက် ဖြစ်နေသည်။

သူတို့အဖွဲ့ စခန်းပြန်ရောက်လာသောအခါ ဦးဘဇော်တို့အဖွဲ့မှာ အံ့ဩဝမ်းသာနေကြသည်။

"ကျွန်တော်တို့ သွားနေတဲ့ရက်အတွင်းမှာ အခြေအနေထူးသေးသလား ဦးလေး"

"နောက်ထပ်တော့ လာမတိုက်ကြသေးဘူး။ ဒါပေမယ့် ပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ သူတို့ရဲ့အရိပ်အယောင်တွေကို တွေ့နေရတယ်"

"ဒါပေမယ့် ကျွန်တော်တို့မှာ လူဦးရေများလာပြီဆိုတော့ လာတိုက်ရင်လဲ မှုစရာမလိုတော့ဘူး။ နာဂရွာက အဆိပ်ဖြေဆေးတွေလဲ ထပ်ယူလာခဲ့တယ်၊ အစီအစဉ်လုပ်ပြီးတာနဲ့ ကျွန်တော်တို့ ဂူထဲကို ဝင်ကြမယ်"





"အဲဒီအစီအစဉ် သိပ်ကောင်းတယ်"

ဦးကျင်စွမ်က ဝင်ပြောလိုက်လေသည်။

ထို့နောက် ...

ဂူအတွင်းမှဝင်လျှင် လိုအပ်သော မီးတုတ်၊ မီးတိုင်၊ ကြိုးခွေ၊ သစ်သားဖြင့်ပြုလုပ်ထားသည့်လှေကားများ၊ ဝါးတန်းများ၊ နွယ်ကြိုးဖြင့်ပြုလုပ်ထားသည့်ကြိုးလှေကားများ၊ သေနတ်၊ ဓား၊ လှံ၊ လေးမြားအစရှိသောလက်နက်များအပြင် အဆိပ်လက်သည်းဒဏ်ရာများရလျှင် ကုသရန် အဆိပ်ဖြေဆေးများကိုပါ လုံလောက်အောင် စီစဉ်စုဆောင်းကြသည်။

အားလုံး အဆင်သင့်ဖြစ်သောအခါ နောက်တစ်နေ့နံနက် စောစောပိုင်းအချိန်တွင် ဂူအတွင်းသို့ တစ်ကျော့ပြန်ဝင်ကြလေသည်။

ဂူအတွင်းပိုင်းရှိအခြေအနေမှာ ယခင်ကတစ်ကြိမ်ဝင်ရောက်စဉ်ကအတိုင်း ဘာတစ်ခုမှ အပြောင်းအလဲမရှိပေ။

လူတစ်ယောက် ခုန်ကူး၍မရနိုင်သောနေရာရောက်လျှင် သစ်သားတံတားများကို အသုံးပြုကာ တစ်ဖက်ကမ်းရောက်အောင် ကူးကြရသည်။

ထိုသို့ကူးပြီး အရေးရှိက အသုံးပြုနိုင်ရန် တံတားများကို ထိုနေရာမှာပင် အရံသင့်ထားခဲ့ကြသည်။

အတွင်းပိုင်းရောက်လာလေလေ သဘာဝအနေအထားက



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲလာလေလေဖြစ်သည်။

၎င်းတို့ကိုင်ထားသော မီးတုတ်၊ မီးတိုင်များမှာ အလင်းရောင်များက အဝေးမရောက်ပေ။

ဦးကျင်စွမ်းနှင့် ဦးဘဇော်တို့ နှစ်ယောက်ထံမှာပါလာသော လက်နှိပ်ဓာတ်မီးများကလည်း ရက်အတန်ကြာအောင် အသုံးများခဲ့သဖြင့် ဓာတ်ခဲအား သိပ်မကောင်းတော့ပေ။ သို့ကြောင့် အလင်းရောင် သိပ်မရတော့ပေ။

မီးတုတ်မီးတိုင်များ၏အလင်းရောင်များကို အားပြုပြီး အတွင်းဝင်ကြရလေသည်။

ဂူအတွင်းပိုင်း အတော်ရောက်သည်အထိ ကျားလူတို့၏ အရိပ်အယောင်ကို မတွေ့ရသေးပေ။ ၎င်းတို့ကို မတွေ့ရသော်လည်း အမှောင်ရိပ်များအတွင်းမှ မာန်ဖီသံ၊ အံကြိတ်သံကဲ့သို့ အသံများကို ဂူ၏ပဲ့တင်သံမှတစ်ဆင့် ကြားရသည်။

အသံများမှာ တစ်နေရာတည်းမှလာနေခြင်းမဟုတ်ဘဲ ဂူအတွင်းပိုင်း နေရာအနှံ့အပြားမှလာနေခြင်းဖြစ်သည်။ ဂူအတွင်းရောက်လာလေလေ သဘာဝအနေအထားက ပြောင်းသွားပြီး ကျောက်ချပ်၊ ကျောက်လွှာ များလာလေလေဖြစ်လာသည်။

အတွင်းပိုင်း၌ ဂူပေါက်ဝ အများအပြားရှိနေလေသည်။ ဂူပေါက်တိုင်းလိုလို အတွင်း၌ အမှောင်ရိပ်များက ဖုံးထားလေသည်။





ထို့ပြင် တွင်းနက်များနှင့် မြေအက်ကြောင်းများလည်း နေရာအနှံ့၌ရှိနေသည်။

ထိုတွင်းနက်များမှာ ဘယ်ရွေ့ဘယ်မျှနက်သည် မခန့်မှန်းနိုင်သော်လည်း အောက်သို့ကျသွားလျှင် ပြန်တက်ဖို့ရန် ခက်ခဲမည်မှန်းတော့ ရိပ်မိကြသည်။

သူတို့တစ်တွေသည် လက်နက်နှင့် မီးတုတ်မီးတိုင်များကို အဆင်သင့်ကိုင်ဆောင်ပြီး နေရာအနှံ့အပြား လိုက်ရှာကြသော်လည်း ကျားလူများ၏ အရိပ်အယောင်ကိုမှ မတွေ့ကြရပေ။

“အတွင်းပိုင်းကိုလည်း အတော်ရောက်လာပြီ၊ ကျားလူတွေလဲ တစ်ယောက်မှမတွေ့ရသေးပါလား။ ဒီအထဲမှာရှိတာရော ဟုတ်ပါ့မလား”

ဦးဘဇော်က ပြောသည်။

“ရှိတာတော့ရှိမှာပါ၊ ကျုပ်တို့မမြင်နိုင်တဲ့နေရာတွေမှာ ပုန်းနေတာလဲဖြစ်မှာပါ၊ သတိတော့မလျှော့ကြစေနဲ့”

ဟု ဇမုန်းထန်က သတိပေးလိုက်သည်။

ထို့နောက် နေရာအနှံ့အပြား လိုက်လံရှာဖွေကြသော်လည်း တစ်ယောက်မှမတွေ့ရသောကြောင့် နောက်ကြောင်းသို့ ပြန်လှည့်ကြလေသည်။

အဘယ်ကြောင့်ဆိုသော် ...



www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့ထံမှာပါလာသော မီးတုတ်မီးတိုင်များမှာ တဖြည်းဖြည်း နှင့်အားနည်းလာပြီး မကြာမီ ကုန်တော့မည်ဖြစ်သောကြောင့်ပင်။

ကမ်းပါးပြတ်နေသောနေရာသို့ ပြန်ရောက်သောအခါ ငှင်းတို့ ထားခဲ့သောသစ်သားတံတားများက တစ်ခုမှမရှိတော့ပေ။

"ဟာ တံတားတွေ ဘယ်ရောက်သွားပြီးပဲ"

ချောက်ကမ်းပါးအနီးသို့သွား၍ အောက်သို့ မီးရောင်ဖြင့်ထိုး ကြည့်လိုက်သောအခါ ချောက်အတွင်း၌ အပိုင်းပိုင်းကျိုးပြတ်နေသော တံတားပျက်များကို တွေ့ကြရသည်။

တံတားမရှိတော့သဖြင့် တစ်ဖက်သို့ကူးရန် အခက်အခဲရှိကြ လေသည်။

ထိုအခိုက်မှာပင် ယူလာသောမီးတုတ်၊ မီးတိုင်များလည်း မီးစာ များကုန်သွားပြီး တစ်ခုပြီးတစ်ခု ငြိမ်းသွားကြလေပြီ။ နီမောင်က နွယ် ကြိုးဖြင့် တစ်ဖက်ကျောက်စွန်းသို့ချိတ်မိစေရန် ကြိုးစား၍စွပ်သော် လည်း ကျောက်တုံးများမှာ ရေညှိများဖြင့်ချောနေသောကြောင့် မစွပ် မိပေ။

ထိုသို့ကြိုးစားရင်းနှင့်ပင် ပါလာသောမီးတုတ်မီးတိုင်များ တစ်ခု ပြီးတစ်ခု ငြိမ်းသွားရာ နောက်ဆုံး ဂူအတွင်းမှာ မှောင်ကျသွားတော့ သည်။

အလင်းရောင်ရှိနေစဉ်က မသိသာသော်လည်း အမှောင်ထုဖုံး





သွားသောအခါ ဂူအတွင်းမှာ ချောက်ချားဖွယ်ရာဖြစ်လာတော့သည်။ ဂူတစ်ခုလုံးချောက်ချားဖွယ်ရာကောင်းလောက်အောင် တိတ်ဆိတ် ငြိမ်သက်သွားလေတော့သည်။

ထိုအခါမှ မိမိတို့ပတ်ဝန်းကျင်၌ တဖြည်းဖြည်းတိုးကပ်လာသော နီရဲနေသည့်မျက်လုံးများကို အရင်တွေ့မြင်ရသည်။

လက်နှိပ်ဓာတ်မီးရောင်ဖြင့် လှမ်းထိုးကြည့်လိုက်သောအခါ ကျောက်ချပ်များကြားမှထွက်လာသော ကျားလူများမှာ ငှင်းတို့အား တဖြည်းဖြည်းနှင့် ပတ်ဝိုင်းလာသည်ကို မြင်သောအခါ လက်နက်များ ကို ပြင်ဆင်ရုံမှတစ်ပါး အခြားမရှိတော့ပေ။

ခဏအချိန်အတွင်းမှာပင် ကျားလူတို့က ဝင်ရောက်တိုက်ခိုက် ကြလေတော့သည်။

အလင်းရောင်မရှိတော့သော ဂူအတွင်းမှ ငှင်းတို့အား ပြန်လည် တိုက်ခိုက်ရခြင်းမှာ များစွာ ခက်ခဲလှသည်။

ရန်သူလား၊ မိတ်ဆွေလား ခွဲခြားရန်မလွယ်ကူလှသောကြောင့် သက်နက်များရှိသော်လည်း ထိထိရောက်ရောက် အသုံးမပြုနိုင်ကြပေ။

ကျားလူများမှာ အမှောင်ထဲမှာ နေသားကျနေသောကြောင့် ငှင်း တို့ဘက်မှ တပန်းသာနေလေသည်။

အံကြိတ်သံ၊ မာန်ဖီသံများသာ ကြားရပြီး လူများအပေါ်သို့ ခုန် တက်ကာ အဆိပ်လက်သည်းများဖြင့် ကုတ်ခြစ်တိုက်ခိုက်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



အစွယ်များဖြင့်ကိုက်ခြင်းစသည်တို့နှင့် တိုက်ခိုက်ရာ နီမောင်တို့ဘက်မှ အရေးနိမ့်နေတော့သည်။ အဆိုးဆုံးကတော့ ဂူအတွင်းမှာ သေနတ်များကို လွတ်လွတ်လပ်လပ်အသုံးမပြုနိုင်သောကြောင့် ၎င်းတို့ဘက်မှ တပန်းသာနေခြင်းဖြစ်တော့သည်။

ထိုကဲ့သို့ အသည်းအသန်တိုက်ခိုက်နေစဉ်မှာ ဂူအတွင်း တစ်နေရာမှ ကျားဟိန်းသံကြီး ပေါ်လာတော့သည်။

"ဝေါင်း..."

နီမောင့်စိတ်ထဲမှာ နွမ်းမြသေး ရောက်လာလေပြီလားဟု တွေးလိုက်မိသည်။

ထိုကျားဟိန်းသံကြောင့် တရကြမ်း ဝင်ရောက်တိုက်ခိုက်နေသော ကျားလူမျိုးများမှာ ရုတ်တရက် အရှိန်တုံ့သွားကြသည်။ ထိုအခိုက်မှာပင် နီမောင်မှာ နောက်ဘက်မှ တစ်စုံတစ်ခုနှင့်ရိုက်ချခြင်းခံလိုက်ရသဖြင့် သတိမေ့ကာ လဲကျသွားသောကြောင့် ဘယ်လိုဆက်ဖြစ်သွားသည်ကို မသိနိုင်တော့ပေ။

အချိန်မည်မျှကြာအောင် သတိမေ့သွားသည်မသိပေ။ သတိရ၍ ပြန်ကြည့်လိုက်သောအခါ အလင်းရောင် ဝိုးတဝါးနှင့်ကျောက်တွင်းတစ်ခုအတွင်းသို့ ရောက်နေသည်ကို တွေ့ရသည်။ ထို့အပြင် ၎င်းကျောက်တွင်းမှာ အခြားမဟုတ်ဘဲ လူသေအလောင်းများ ပစ်ချသော တွင်းလည်းဖြစ်တန်ရာ၏။ အဘယ်ကြောင့်ဆိုသော် ...





တွင်းထဲသို့ တစ်စုံတစ်ယောက်က ပစ်ချလိုက်စဉ် အောက်ဘက်မှ လူသေအလောင်းခံနေသောကြောင့် အသက်မသေခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း လူသေအလောင်းများမှထွက်သော အနံ့ဆိုးများကြောင့် အသက်ရှူ၍မရလောက်အောင်ဖြစ်နေသည်။ သူ့ကို ဘယ်သူကများ တွင်းထဲရောက်အောင် ပစ်ချခဲ့သည်ကိုတော့ စဉ်းစား၍မရပေ။

ဦးခေါင်းနောက်ဘက်တွင် ဒဏ်ရာတစ်ချက်ရထားပြီး သွေးများက ခြောက်သွေ့စပြုနေပြီ။

ထိုဒဏ်ရာကြောင့် ဦးခေါင်းတစ်ခုလုံး မူးဝေကာ တစ်စစ်စစ် နာကျင်ကိုက်ခဲလျက်ရှိနေသည်။

အပေါ်သို့တက်ရန်မော့ကြည့်တော့ တွင်းက အတော်နက်သည့် ကျောက်သားနံရံများက အဖုအထစ်သိပ်မရှိဘဲ ပြောင်ချောနေသည့်အပြင် ရေညှိနှင့်ရေများစွတ်စိုနေသောကြောင့် လက်ကိုင်၍မရနိုင်ပေ။

ထို့ပြင် နံရံများက မတ်စောက်လှသောကြောင့် အလွယ်တကူ တက်၍မရသောအခြေအနေမျိုးဖြစ်သည်။ တစ်ယောက်တည်း ဘယ်လိုလုပ်ရမှန်းမသိသဖြင့် အပေါ်သို့ မော့ကြည့်နေစဉ် အလင်းရောင်တစ်ခုကို လှမ်းမြင်လိုက်ရသဖြင့် လှမ်းအော်လိုက်သည်။

"ဟေး ....."

သူ့အော်သံက ဂူနံရံများကြောင့် ပဲ့တင်ထပ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... ဟေး ... ဟေး"

ထိုသို့အော်လိုက်ပြီး ခဏကြာတော့ အပေါ်မှအလင်းရောင်တစ်ခု ကျလာသဖြင့် လက်ပြလိုက်သည်။

ခဏကြာသော့ ကြိုးရှည်တစ်ချောင်းလျှောကျလာသည်။ နီမောင့်စိတ်ထဲမှာ သေတွင်းမှ လွတ်မြောက်တော့မည်ဟု များစွာ ဝမ်းသာသွားလေသည်။

ကြိုးစကို လက်လှမ်းမီသောအခါ လက်ဖြင့်ဆွဲကာ ကျောက်နံရံကို ခြေဖြင့်ကန်ပြီး အပေါ်သို့တက်သွားလေသည်။

အပေါ်သို့ရောက်သောအခါ ဂူအတွင်းတစ်နေရာဖြစ်သော်လည်း အလင်းရောင်ကောင်းစွာရသောနေရာဖြစ်သည်။ သူ့ကို ကယ်တင်သူများမှာ အခြားသူမဟုတ်ပေ။ ဦးမွန်ထော်နှင့် ဇမုန်းထန်တို့ နှစ်ယောက် ဖြစ်သည်။

"မင်းကိုပြန်တွေ့ရတာ ဝမ်းသာလိုက်တာ၊ မင်း ပျောက်နေတော့ သေရင်သေ၊ မသေရင် ကျားလူတွေဖမ်းသွားပြီလို့ ထင်နေတာကွ"

"ဒါထက် မင်းက ဒီတွင်းထဲ ဘယ်လိုရောက်နေတာလဲ"

နီမောင်က ခေါင်းကိုအရိုက်ခံရပြီး သတိရတော့ လူသေများရှိသည့်တွင်းထဲ ရောက်နေကြောင်း ပြောပြလိုက်သည်။

"မင်းကို တစ်ယောက်ယောက်က ပစ်ချလိုက်တာဖြစ်မယ်ကွ"

သို့သော်လည်း ဘယ်သူပစ်ချမှန်းတော့ မသိရပေ။





"ဒါထက် အဘတို့နှစ်ယောက်တည်းကျန်ခဲ့တာလား၊ ကျန်တဲ့လူတွေကရော ဘယ်မှာလဲ"

"တချို့လဲ ကျားလူတွေ ဖမ်းသွားတယ်၊ တချို့လဲ သေကုန်ကြပြီ"

"ဟင် ... ဦးဘဇော်တို့တစ်တွေရော ..."

"သူတို့လဲ အဲဒီညကတည်းက ပျောက်သွားတာပဲ၊ ဘယ်ရောက်သွားကြလဲမသိဘူး"

"ဒါထက် နှမ်းမြသေးရော ..."

"သူ့ကိုတော့ ကျားလူတွေ ဖမ်းခေါ်သွားတာတွေ့လိုက်ရတယ်"

"ဟင် ..."

နီမောင့်စိတ်ထဲမှာ နှမ်းမြသေးအတွက် များစွာစိုးရိမ်သွားမိလေသည်။

"ကျွန်တော်တို့ သူ့ကိုကယ်မှဖြစ်မယ်"

ဟုပြောရာ ကျန်နှစ်ယောက်ကလည်း သဘောတူသဖြင့် ထိုနေရာမှထွက်ခဲ့ကြလေသည်။

တစ်နေရာရောက်သောအခါ အတုံးအရုံးသေဆုံးနေသော လူသေများနှင့် လက်နက်ကိရိယာများကိုတွေ့ရသည်။ ဓား၊ လှံများ အပြင် အပိုင်းပိုင်းကျိုးနေသည့် သေနတ်အချို့ကို တွေ့ရသည်။

ထိုအထဲမှာ နီမောင်၏ လက်စွဲတော်လေးကိုတွေ့ရသည်။ ပေါက်ဓားခြောက်လက်နှင့် မြားဘူးကတော့ ကျောမှာလွယ်လျက်သား ရှိ



www.burmeseclassic.com

www.burmeseclassic.com



နေသေးသည်။

လေးကိုပြန်ရသဖြင့် နီမောင် ဝမ်းသာသွားသည်။ ဦးမွန်ထော်နှင့် ဇမုန်းထန်တို့မှာတော့ ၎င်းတို့လက်နက်များ ရှိကြသည်။

သုံးယောက်သား ထိုနေရာမှထွက်လာသောအခါ အခန်းကျယ်တစ်ခုအတွင်းသို့ရောက်သွားကြသည်။

ဦးမွန်ထော်မှာ လက်နှိပ်မီး အသေးတစ်လက်ရှိနေသဖြင့် ထိုမီးရောင်နှင့်ပင် အားပြုသွားကြရသည်။

တစ်နေရာရောက်သောအခါ အပေါ်တက်ရန်အတွက် ကျောက်တုံးများကို လှေကားသဖွယ်ပြုလုပ်ထားသည်ကို တွေ့ရသည်။

ထိုကျောက်တုံးများမှ အပေါ်သို့တက်သွားသောအခါမှ ကျားလူများနေသော ဂူပေါက်ဝများကို တွေ့ကြရသည်။

လမ်းတစ်လျှောက်ရှိ ဂူနံရံများမှာ အတော်အတန်ကျယ်ဝန်းသည့်ဂူပေါက်များတွေ့ရသော်လည်း အတွင်း၌ ဘယ်သူမှမရှိပေ။

"ကျားလူတွေ ဒီမှာနေတာတော့ သေချာတယ်၊ ဒါပေမယ့် အခု မရှိဘူး"

"တစ်နေရာမှာ သွားစုနေလို့ဖြစ်မှာပေါ့"

ဟု ပြောနေကြစဉ် အပြင်ဘက်မှ သံပြိုင်အော်ဟစ်သံများ ပေါ်ထွက်လာလေသည်။

"ဟေး ....."





သုံးယောက်သား ထိုအသံကြားရာဘက်သို့ ခပ်သွက်သွက်လာခဲ့ကြလေသည်။

အပြင်ဘက်ရောက်၍ လှမ်းကြည့်လိုက်သောအခါ ကွက်လပ်တစ်ခုတွင် မီးပုံကြီးဖိုထားပြီး မီးတောက်များက အရှိန်ကောင်းစွာဖြင့် တောက်လောင်လျက်ရှိနေသည်။

ထိုမီးပုံကြီး၏နံဘေးပတ်လည်မှာ ကျားလူများရှိနေကြသည်။ မနီးမဝေးကျောက်စင်တစ်ခုပေါ်မှာတော့ ကျားသရေကို ဝတ်ရုံထားပြီး ကျားဦးခေါင်းကို ခေါင်းပေါ်မှာဆောင်းထားသည့် လူကြီးတစ်ယောက် ထိုင်နေသည်။

မီးပုံနှင့်မနီးမဝေးနေရာမှာ ယဇ်တိုင်စင်တစ်ခုရှိပြီး ထိုယဇ်တိုင်စင်မှာ နွမ်းမြသေးကို ကြိုးဖြင့်တုပ်နှောင်ထားသည်။

ထိုမြင်ကွင်းကို မြင်တော့ နီမောင်မှာ နွမ်းမြသေးအတွက် မျှားစွာစိုးရိမ်ပူပန်မှုဖြစ်သွားလေသည်။

ယခုအချိန်ထိ အခြားသူများ၏အရိပ်အယောင်ကို မမြင်ရသေးသောကြောင့် သူတို့သုံးယောက်တည်းနှင့်တော့ ဝင်ရောက်တိုက်ခိုက်ရန် မဖြစ်နိုင်ပေ။

"နွမ်းမြသေးကို သူတို့ဖမ်းထားကြပြီ၊ ကျန်တဲ့လူတွေတော့ ဘယ်နေရာမှာထားလဲမသိဘူး၊ ကျွန်တော်တို့ ဘယ်လိုလုပ်ကြရင်ကောင်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခုအခြေအနေကတော့ ဘာမှလုပ်လို့မရသေးဘူး၊ ဒါပေမယ့် သူနဲ့နီးတဲ့ နေရာဘက်ကိုသွားပြီး အခြေအနေကြည့်ပြီး လှုပ်ရှားကြတာပေါ့"

ဟု ပြောကာ အမှောင်ရိပ်ကို အကာအကွယ်ယူကာ ယမ်စင်တိုင်နောက်ဘက်သို့ ရောက်အောင်သွားကြလေသည်။

အချိန်မှာ ညဉ့်ဦးပိုင်းအချိန်ကျော်ချေပြီ။

ကျားလူအချို့ကတော့ အောင်ပွဲခံသည့်အနေနှင့် မီးပုံကြီးကို ပတ်ကာ ခုန်ပေါက်နေကြသည်။ ပါးစပ်မှလည်း ဟေးဟေးဟားဟား အသံများ ပေါ်ထွက်နေကြသည်။

အတန်ကြာတော့ နှင်းသားထုများကြားမှ လရောင်က မှုန်ပျပျ ပေါ်ထွက်လာသည်။ ထိုအခါ ကျောက်ခုံပေါ်မှာထိုင်နေသည့် ခေါင်းဆောင်လုပ်သူက နေရာမှထလာလေသည်။

သူသည် ယမ်စင်တိုင်ရှိရာသို့ တစ်လှမ်းချင်းလျှောက်သွားလေသည်။

သူ့လက်ထဲမှာ ဓားတစ်လက်ကိုင်ထားသည်။

နွမ်းမြသေး က သူလာတာမြင်တော့ စူးစူးဝါးဝါးတစ်ချက်အော်လိုက်လေသည်။

သာမန်ဆိုလျှင်တော့ ကြောက်လန့်တကြားအော်လိုက်သံဟု ထင်စရာရှိသော်လည်း မဟုတ်ပေ။





အကယ်၍ စွယ်ရောင် ပတ်ဝန်းကျင်မှာရောက်နေပါက လာရောက်ကယ်တင်ရန် အချက်ပေးလိုက်ခြင်းပင်ဖြစ်၏။

သူမ၏အော်သံမှာ စူးရှသောကြောင့် တိတ်ဆိတ်နေသော ပတ်ဝန်းကျင်၌ အတော်ဝေးဝေးမှ ကြားနိုင်လေသည်။ သူမအော်သံကြောင့် ခေါင်းဆောင်လုပ်သူမှာ အနည်းငယ်တော့တုံ့သွားလေသည်။

ပြီးမှ နွမ်းမြသေးရှိရာသို့ ဆက်လျှောက်လာသည်။

နီမောင်က လေးနှင့်မြားကို အဆင်သင့်ပြုလုပ်ထားလိုက်သည်။

ကျားလူတို့၏ အော်ဟစ်သံများက ပိုမိုဆူညံလာသည်။ ထိုအော်သံများကြောင့် ကျားတစ်ကောင်၏မာန်ဖီသံနှင့် တောတိုးလာသံများကို မကြားနိုင်တော့ပေ။

ကျားလူခေါင်းဆောင်က နွမ်းမြသေးအနီးရောက်သောအခါ သူမ၏လည်ပင်းကို အစွယ်ဖြင့်ကိုက်ဖောက်ရန် ဟန်ပြင်လိုက်သည်နှင့် နီမောင်က မြားတစ်စင်း ပစ်လွှတ်လိုက်သည်။

မရှေးမနှောင်းမှာပင် တောထဲမှ လွှားခနဲခုန်ထွက်လာသော စွယ်ရောင်က ထိုလူအပေါ်သို့ ရောက်လာတော့သည်။ ကျားလူတို့မှာ စွယ်ရောင်ကိုမြင်သောအခါ ကြောက်ရွံ့စွာဖြင့် ခုန်ပေါက်နေရာမှ မြေပေါ်သို့လိုက်ကြသည်။

ထို့နောက် အရိုအသေပေးကြလေသည်။

အမှန်တော့ ကျားလူတို့မှာ ကျားနှင့်ဆွေမျိုးတော်သည်ဟု ယုံ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ကျားကို ကိုးကွယ်ကြသူများဖြစ်ကြလေသည်။ စွယ်ရောင်က ၎င်းတို့ခေါင်းဆောင်ကို ကိုက်သတ်ပစ်နေသည်ကိုမြင်သောအခါ နတ်မကြိုက်သဖြင့် ဒဏ်ခတ်ခြင်းဖြစ်သည်ဟု ယုံကြည်နေကြသည်။

စွယ်ရောင်က လူကိုကိုက်သတ်ပြီး နွမ်းမြသေးကို ပွတ်သပ် နမ်းရှုံ့မှုများပြုနေသည်ကိုတွေ့မြင်ရသောအခါ ကျားလူတို့က သံပြိုင်အော်လိုက်ကြသည်။

"ကျားနတ်မယ်"

"ကျားနတ်မယ်"

ထိုအော်သံများက ပတ်ဝန်းကျင်တစ်ဝိုက် ပဲ့တင်ထပ်သွားလေရာ အခြေအနေကြည့်နေသော နီမောင်တို့လည်း အံ့သြဝမ်းသာ ဖြစ်ကြရလေသည်။

✳✳✳✪✳✳✳





အခန်း (၁၄)

## ကျားလူတို့နှင့် လှို့ဝှက်ချက်များ

ကံကြမ္မာအပြောင်းအလဲကား ဆန်းကြယ်လှပေသည်။

နွမ်းမြသေးမှာ မကြာသေးမီအချိန်က အကျဉ်းသားဖြစ်နေခဲ့သော်လည်း ယခုအခါမှာတော့ ကျားလူတို့၏ အရှင်မဘဝသို့ရောက်နေခဲ့ချေပြီ။

ကျားလူတို့သည် ကျားတိုတမ်ဝါဒရှိကြသူများဖြစ်သည်။ ကမ္ဘာပေါ်တွင်တိုတမ်ဝါဒရှိသောမျိုးနွယ်စုအတော်များများရှိကြလေသည်။

တိုတမ်ဝါဒမှာ ဘာသာရေးမဟုတ်ပေ။

သစ်ပင် သို့မဟုတ် တိရစ္ဆာန်တစ်မျိုးမျိုးနှင့်ပတ်သက်သည့် စွဲလမ်းယုံကြည်မှု၊ အလေးထားလေးစားလွန်းမှု၊ သစ်ပင် သို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်တို့နှင့် ဆွေမျိုးနွယ်စပ်နေသည်ဟု ထင်နေသော အစွန်းရောက်စိတ်ကူးယဉ်တွေးခေါ်မှုမျိုးဖြစ်သည်။

ခြင်္သေ့တိုတမ်ဝါဒရှိသူများက ၎င်းတို့သည် ခြင်္သေ့မျိုးနွယ်မှ ပေါက်ဖွားလာသည်ဟု စွဲလမ်းယုံကြည်ကြသည်။ ခြင်္သေ့များနှင့် ဆွေမျိုးတော်စပ်သည်ဟု ယုံကြည်စွဲလမ်းမှုရှိသောကြောင့် ခြင်္သေ့များကို လုံးဝမကြောက်ရွံ့ကြပေ။ ခြင်္သေ့များရှိသော တောထဲမှာပင် ရဲဝံ့စွာ သွားလာဝံ့ကြလေသည်။

မိကျောင်းတိုတမ်ဝါဒရှိသူများမှာလည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။ မိကျောင်းများသည် ၎င်းတို့နှင့်ဆွေမျိုးတော်စပ်သည်။ ၎င်းတို့မှာလည်း မိကျောင်းမျိုးနွယ်များဖြစ်သည်ဟု စွဲလမ်းယုံကြည်ကာ မိကျောင်းများကို မကြောက်ရွံ့ကြပေ။ မိကျောင်းရှိသောမြစ်ချောင်းများအတွင်း၌ ရဲဝံ့စွာသွားလာဝံ့ကြလေသည်။

ယခု ကျားလူများမှာလည်း ကျားတိုတမ်ဝါဒ ရှိကြသူများဖြစ်သည်။ ၎င်းတို့သည် ကျားမျိုးနွယ်မှပေါက်ဖွားလာသူများဖြစ်ပြီး ကျားနှင့်ဆွေမျိုးတော်သည်ဟု ယုံကြည်ကြသည်။ ၎င်းတို့ အလေးထားသော၊ ဆွေမျိုးတော်စပ်သောကျားကို နိုင်နင်းသူသည် ၎င်းတို့၏အရှင်သခင်ဟုပင် မှတ်ယူကြလေသည်။

သို့ကြောင့် ၎င်းတို့၏ခေါင်းဆောင်မှာ ကျားကိုက်ခံရ၍ သေဆုံးသွားပြီးနောက်ဝယ် နှမ်းမြသေးအား ချက်ချင်း အနှောင်အဖွဲ့မှလွှတ်





ပေးကာ ၎င်းတို့၏အရှင်မအဖြစ် တင်မြှောက်လိုက်ကြရာ နှမ်းမြသေးမှာ ချက်ချင်းဆိုသလို အသတ်ခံရမည့်ဆဲဆဲအခြေအနေမှ အရှင်မဘဝသို့ ရောက်သွားရလေတော့သည်

ကျားလူတို့သည် နှမ်းမြသေးကို ပိုမိုကြောက်ရွံ့ကြသောအကြောင်းနှင့် ပိုမိုယုံကြည်မှုရှိစေသောအချက်မှာ ကိုးတောင်ကျားကြီးစွယ်ရောင်က နှမ်းမြသေးအနီးတွင် အမြဲနေပြီး စေခိုင်းသမျှ လုပ်နေသောကြောင့်ဖြစ်သည်။ သို့ကြောင့် သူမကို များစွာကြောက်ရွံ့ရိုသေကြလေသည်။ နှမ်းမြသေးက အရှင်မဘဝရောက်သောအခါ ကျားလူများကို မေးသည်။

"ငါ့ကို အကျဉ်းသားဘဝရောက်အောင်လုပ်တဲ့ တရားခံက ဘယ်သူလဲဟေ့"

ထိုအခါ ကျားလူများက နှမ်းမြသေးကိုဖမ်းဆီးသော ကျားလူနှစ်ယောက်ဖမ်း၍ ရှေ့သို့ခေါ်လာသည်။

"နင်တို့အပြစ်ကို သိရဲ့လား"

"ကျုပ်တို့ မှားပါတယ်။ မသိလို့မြို့လုပ်မိတဲ့အတွက် ခွင့်လွှတ်ပေးပါ အရှင်"

နံဘေးနားမှာထိုင်နေသောစွယ်ရောင်က ထိုလူနှစ်ယောက်ကို စူးစူးဝါးဝါးကြည့်နေသည်။ ပြီးလျှင် ကြောက်မက်ဖွယ်ကောင်းလှသောအောင် ဟိန်းဟောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝေါင်း ....."

"ကျုပ်တို့အသက်ကိုချမ်းသာပေးပါ အရှင်မ၊ ကျုပ်တို့ ကျားလူတွေအဆက်ဆက်က သိမ်းထားခဲ့တဲ့ ရတနာပစ္စည်းတွေကို သခင်မလက်ကို အပ်ပါ့မယ်"

"ကောင်းပြီ။ ဒီတစ်ခါတော့ အသက်ကိုချမ်းသာပေးမယ်၊ နင်တို့သိမ်းထားတဲ့ ရတနာပစ္စည်းတွေ ငါ့ကိုပြပေတော့"

"ကျုပ်တို့နောက်က လိုက်ခဲ့ပါ"

ဟုခေါ်သဖြင့် စွယ်ရောင်နှင့်အတူ ၎င်းတို့နောက်မှ လိုက်သွားလေသည်။ ဂူအတွင်းပိုင်းတစ်နေရာသို့ရောက်သောအခါ ကျောက်တုံးကြီး ဖြင့်ပိတ်ထားသော ဂူပေါက်တစ်ခုကို ဖွင့်ပြလေသည်။ အတွင်း၌ သေတ္တာအချို့ရှိနေသည်။ ဂူအတွင်း၌ နှစ်ကြာနေပြီဖြစ်သောကြောင့် ဖုန်နှင့်ပင့်ကူအိမ်များ အထပ်ထပ်တက်နေလေသည်။

အတွင်းသို့ဝင်သွားပြီး သေတ္တာအဖုံးများကို ဖွင့်ပြသောအခါ ရွှေငွေလက်ဝတ်ရတနာအဖိုးတန်ပစ္စည်း အမြောက်အမြားတို့ကို တွေ့ရလေသည်။

နှမ်းမြသေးက ထိုနေရာကို အသေအချာမှတ်သားထားလိုက်လေသည်။ ထို့နောက် ဂူအတွင်းမှပြန်ထွက်လာပြီး အပြင်သို့ရောက်သောအခါ နှမ်းမြသေးက မေးသည်။

"ရန်သူတွေကိုဖမ်းမိထားတာ ရှိတယ်မဟုတ်လား"





"ရှိပါတယ် အရှင်မ"

"ငါ ကြည့်လိုတယ်၊ သူတို့အထဲက ယဉ်ပွဲဖော်ရမယ့်လူတွေနဲ့ ကျားစာကျွေးရမယ့်လူတွေကို ရွေးချယ်ရမယ်"

ကျားလူများက တစ်နေရာသို့ခေါ်သွားကြပြန်သည်။ ၎င်းနေရာမှာ လေးဖက်လေးတန် ကျောက်နံရံများက ပြောင်ချောနေသည့် ကျောက်တွင်းကြီးတစ်တွင်းဖြစ်သည်။ ထိုတွင်းထဲမှာဖမ်းမိထားသောလူများရှိနေသည်။ သို့သော်လည်း အနည်းငယ်မှောင်နေသည်က တစ်ကြောင်း၊ အပေါ်မှငုံ့ကြည့်ရသည်က တစ်ကြောင်းကြောင့် ဘယ်သူဘယ်ဝါတွေရှိနေမှန်းတော့ သဲသဲကွဲကွဲမမြင်ရပေ။ ထိုနေရာမှ ပြန်ထွက်လာသောအခါ ကျားလူတစ်ယောက်က ...

"အရှင်မက ကျုပ်တို့ရဲ့ အရှင်သခင်ဖြစ်ပြီမို့ လျှို့ဝှက်ချက်တွေကို ပြပေးပါ့မယ်။ ဒီဂူကြီးရဲ့ တောင်ဘက်မှာ ဝင်ပေါက်ရှိသလို မြောက်ဘက်မှာ ထွက်ပေါက်ရှိတယ်။ လမ်းမသိပါက ထွက်ပေါက်ကို မရောက်နိုင်ပါ"

ဟုပြောကာ လျှို့ဝှက်လမ်းများကို လိုက်ပြလေသည်။

ထို့နောက် ၎င်းတို့အသုံးပြုသော လျှို့ဝှက်ထွက်ပေါက်မှသွားလျှင် တောင်ကြားတစ်ခုသို့ရောက်သွားပြီး ထိုမှတစ်ဆင့် မြေပြန့်သို့ ရောက်အောင်ဆင်းသွားနိုင်ပေသည်။

နှမ်းမြသေးက ထိုလမ်းကိုလည်း သေချာစွာမှတ်သားထားလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးသောအခါမှ ကျွားလူများက ၎င်းတို့အကြီးအကဲနေသော အခန်းရှိရာသို့ သူမကို လိုက်ပို့ပေးသည်။

နှမ်းမြသေးက သူမနေသောနေရာမှာ စွယ်ရောင်ကိုပါ ခေါ်ထားလေရာ ကျွားလူတို့မှာ ပိုမိုကြောက်ရွံ့ကြလေသည်။ ထိုဂူထဲရောက်သောအခါမှ နှမ်းမြသေးမှာ အသက်ဝဝရှူနိုင်ပြီး သက်ပြင်းချနိုင်လေတော့သည်။

"ဟင်း ... ငါတော့ ကံကောင်းထောက်မခဲ့လို့ အသက်ဘေးက လွတ်ခဲ့ပြီ၊ အဖေတို့တော့ ဘယ်ရောက်နေလေမလဲ၊ အသက်ဘေးက လွတ်ကြရဲ့လား။ နီမောင်တစ်ယောက်လဲ ကံကောင်းထောက်မလို့ အသက်ချမ်းသာရာရပါစေ"

ဟုသာ ဆုတောင်းနေမိလေသည်။

သူမကို ထိုဂူထဲတွင်ထားသည်ဆိုသော်လည်း အပြင်ဘက်မှ အစောင့်အရှောက်များနှင့် ထားခြင်းမျိုးတော့ မဟုတ်ပေ။ သူမကို ဂူထဲသို့လိုက်ပို့ပြီး သူတို့လည်း ၎င်းတို့နေထိုင်ရာဂူပေါက်များအတွင်းသို့ အသီးသီးပြန်ဝင်သွားကြသည်။ အချိန်တန်ရင်တော့ အမဲသားငါး ပါသော စားသောက်စရာများကို လာရောက်ပို့ပေးကြသည်။

စွယ်ရောင်အတွက်လည်း အသားစိမ်းများ ပို့ပေးသည်။

နေဝင်ရီတရောအချိန်ရောက်၍ ဂူအတွင်းမှာ မှောင်သွားသောအခါ ဂူနံရံပေါက်မှ အသံတစ်သံကြား၍ လှည့်ကြည့်လိုက်တော့





လူရိပ်တစ်ခုကိုတွေ့ရသည်။ အံ့သြစိတ်နှင့် အနီးသို့သွားကြည့်တော့ နီမောင်ဖြစ်နေသည်ကို တွေ့ရလေ၏။

"ဟင်... နီမောင်"

နှမ်းမြသေးစိတ်ထဲမှာ နီမောင့်ကိုမြင်လိုက်ရသောကြောင့် အံ့သြစိတ်နှင့်အတူ ဝမ်းသာအားတက်မှုလည်းဖြစ်ရသည်။

"နင် အပြင်ထွက်လို့ရလား"

နီမောင် က တိုးတိုးမေးသည်။

"ရတယ်၊ ငါ ထွက်လာခဲ့မယ်"

"နင့်အကောင်ကြီးကိုရော အထဲမှာထားခဲ့လို့ရလား"

"ရတယ်။ သူက ငါမခေါ်ရင် မလာဘူး"

"အဖြင့် ငါ အပြင်ကစောင့်နေမယ်"

နှမ်းမြသေးက ခေါင်းညိတ်ပြလိုက်သည်။

နီမောင်က ဂူပေါက်ဝနားမှ လှစ်ခနဲ ပြန်ထွက်သွားသည်။ ခဏကြာသောအခါ နှမ်းမြသေးက ဂူဝမှအခြေအနေကို အကဲခတ်ကြည့်တော့ ဂူအတွင်းမှာ အမှောင်ရိပ်များဖုံးနေပြီး ကျွားလူများ၏ အရိပ်အခြည်တော့ မတွေ့ရပေ။ ထို့ကြောင့် အပြင်သို့ထွက်လာခဲ့သည်။

ဂူအပြင်ရှိ ကျောက်တုံးကြီးများနောက်မှာ နီမောင့်ကိုတွေ့လိုက်သည်နှင့် ဟန်မဆောင်နိုင်တော့ဘဲ ရှိုက်ကြီးတငင် ငိုချလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က နှမ်းမြသေးကိုယ်ကို ထွေးဖက်ထားရင်း ...

"မငိုပါနဲ့တော့ မြလေးရယ်၊ တို့နှစ်ယောက် အသက်မသေဘဲ အခုလိုပြန်တွေ့ရတာ ဝမ်းသာစရာမဟုတ်လား။ နင့်အဖေလဲ ဘာမှ မဖြစ်ဘူး၊ ငါနဲ့အတူတူရှိနေတယ်"

ဟု ပြောလိုက်သည်။

"ဟင်... အဖေ မသေဘူး ဟုတ်လား။ ဝမ်းသာလိုက်တာ နီမောင်ရယ်"

"ဒါက အရေးမကြီးဘူး၊ တို့တစ်တွေ ဒီဂူထဲကပြန်ထွက်နိုင်ဖို့ အရေးကြီးတယ် မြသေး"

"ဒီအတွက် မပူပါနဲ့၊ ဒီဂူထဲကထွက်တဲ့လမ်းကို ငါ သိထားပြီ"

"ဟင် ... တကယ်ပဲလား။ ဝမ်းသာစရာပဲပေါ့"

"ဒါတင်မကသေးဘူး၊ ဟိုလူတွေရှာနေတဲ့ ရတနာပစ္စည်းတွေ ထားတဲ့နေရာကိုလဲ ငါ တွေ့ထားပြီးပြီ"

"ဟင် ... ဟုတ်လား"

"ဒါပေမယ့် တစ်ခုတော့ရှိတယ်"

"ဘာလဲ မြသေး"

"တို့ရွာကလူတွေရော နင်ခေါ်လာတဲ့လူတွေရော အဖမ်းခံထား ရတယ်၊ သူတို့ကို ဘယ်လိုကယ်မလဲ"

"ဒီအတွက် မပူပါနဲ့၊ အခွင့်အရေးရတာနဲ့ ငါ သူတို့ကို ရအောင်





ကယ်ပါ့မယ်"

"အခွင့်အရေးတော့ ရနိုင်ပါတယ်"

"ဘယ်လိုရမှာလဲ"

"ဒီကနေ့ည လ,ထွက်လာရင် ဖမ်းထားတဲ့လူတစ်ယောက်ကို ထုတ်ပြီး ကျားနတ်ပူဇော်တဲ့အနေနဲ့ ငါကိုယ်တိုင် သတ်ရမယ်"

"ဟင်... နင် ဘယ်သူ့ကိုသတ်ရမှာလဲဟင်"

နီမောင်က စိုးရိမ်တကြီးမေးလိုက်သည်။

"အဲဒါ ခက်နေတာပေါ့ နီမောင်ရယ်၊ ညှို့သည်တွေထဲကလူကိုလဲ ငါ မသတ်ချင်ဘူး။ သူတို့အထဲကလူကိုမသတ်ရင် ကျန်တာ ငါ့ရွာသား တွေပဲရှိတယ်၊ ရွာသားတစ်ယောက်ယောက်ကိုသတ်မိပြန်ရင်လဲ ငါတို့ သားအဖ ဘယ်နည်းနဲ့မှ ရွာကိုပြန်လို့ရမှာ မဟုတ်တော့ဘူး။ ပြန်သွား ရင်လဲ ရွာသားတွေက တို့သားအဖကို ပြန်သတ်ကြမှာ သေချာတယ်"

ထိုစကားကြောင့် နီမောင်ပင် အစဉ်းစားရခက်သွားသည်။ လူ့ အသက်တစ်ချောင်းကို ရက်ရက်စက်စက်သတ်ပစ်ဖို့အတွက် မည်သူ့ ကိုမှ မတိုက်တွန်းရက်ပေ။ အတန်ကြာမှ နှမ်းမြသေးက...

"လူအများရဲ့အသက်ချမ်းသာရာရဖို့အတွက် တစ်ယောက်ရဲ့ အသက်ကိုတော့ စတေးရမှာပဲ၊ အများအတွက် ဆောင်ရွက်တာဆို တော့ ရွာသူရွာသားတွေက ငါ့အပေါ် ခွင့်မလွှတ်ရင်လဲရှိပါစေတော့၊ နင်တို့တစ်တွေ အသက်ချမ်းသာရာရရင် ကျေနပ်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက် မပူပါနဲ့ မြသေး၊ နင်တို့သားအဖ ရွာကိုမပြန်ချင်တော့ဘူးဆိုရင် ငါတို့ပြန်တဲ့အခါ တစ်ခါတည်းခေါ်သွားပါ့မယ်၊ နင့်ကို ငါ တစ်သက်လုံးစောင့်ရှောက်ပါ့မယ်"

"တကယ်ပြောတာလား နီမောင်"

"တကယ်ပြောတာပါ။ ဒီစကားကို ငါ့အသည်းနှလုံးထဲမှာရှိတဲ့အတိုင်း ပြောတာပါ"

"ဝမ်းသာလိုက်တာ နီမောင်ရယ်"

ဟုပြောကာ နှမ်းမြသေးက နီမောင့်ရင်ခွင်ထဲသို့ တိုးဝင်လာလေတော့သည်။

ထိုအခိုက်အတန့်လေးသည် အသက်အန္တရာယ်များကြားမှ သူတို့နှစ်ယောက်အတွက် တဒင်္ဂရရှိသော ကြည်နူးမှုလေးပင် ဖြစ်ပါတော့သည်။

အမှောင်ထုက ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးအုပ်ထားလေသည်။

အရှေ့ဘက်မှာတော့ အလင်းရောင်တချို့ တက်လာချေပြီ။

မကြာမီ လ,ထွက်တော့မည်။

***✪***





အခန်း (၁၅)

## ရတနာပစ္စည်းများနှင့် သစ္စာမဲ့သူတို့ ကံကြမ္မာ

မကြာမီ လ,ထွက်တော့မည်။

ရှုရင်ပြင်တစ်နေရာရှိ ကွက်လပ်ဘက်ဆီမှ မီးရောင်များထွက်နေလေသည်။ မီးပုံကြီးဖိုထားသောနေရာတစ်ဝိုက်မှာ ကျားလူများ စုဝေး ရောက်နေကြလေသည်။

စင်မြင့်ပေါ်ရှိ ကျောက်ခုံပေါ်မှာ ဝတ်ရုံအဖြူကြီးကို ဝတ်ဆင်ထားသော နှမ်းမြသေးက ထိုင်နေပြီး သူမနံဘေးမှာတော့ စွယ်ရောင်က အလျားလိုက်ဝပ်နေလေသည်။ ကျားလူများမှာ မီးပုံကြီးနံဘေးမှာ ပတ်၍အော်ဟစ်ခုန်ပေါက်နေ ကြလေသည်။

"ကျားနတ်မယ်၊ ကျားနတ်မယ်"

ဟူသောအမည်ကို သံပြိုင်အော်ဟစ်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးပုံအနီးရှိ ယစ်စင်တိုင်မှာတော့ နာဂတစ်ယောက်ကို ကြိုးဖြင့် တုပ်ထားလေသည်။ သူသည် ကြောက်ရွံ့ထိတ်လန့်သောမျက်နှာဖြင့် နွမ်းမြသေးကို အားကိုးတကြီး လှမ်းကြည့်နေသည်။

တောင်ထွတ်များအပေါ်မှ လရောင်က တက်လာသော်လည်း လ မထွက်သေးပေ။ အပြင်ဘက်မှာ ကျားလူတို့က လူတစ်ယောက်ကို ယဇ်ပူဇော်ရန် ပြင်နေချိန်မှာ ဂူအတွင်းမှာလည်း လျှို့ဝှက်လှုပ်ရှားမှုများ ရှိနေလေသည်။

နီမောင်၊ ဇမုန်းထန်နှင့် ဦးမွန်ထော်တို့သုံးယောက်ဖြစ်လေသည်။

သူတို့သည် လူများကို အကျဉ်းချထားသောတွင်းနက်ကြီးရှိရာသို့ ရောက်လာပြီး အပေါ်မှမီးရောင်ဖြင့် အချက်ပြကာ ကြိုးဖြင့် ပြုလုပ်ထားသောလှေကားကို ချပေးလိုက်သည်။

ခဏကြာတော့ တွင်းထဲမှလူများ အပေါ်တက်လာကြသည်။ ဦးဘဇော်၊ ဦးကျင်စွမ်၊ သောင်းထိုက်နှင့် နာဂများကို ပြန်တွေ့ရသည်။

"ကျေးဇူးတင်လိုက်တာဗျာ၊ ခင်ဗျားတို့သာ လာမကယ်ရင်တော့ တွင်းထဲမှာ သွေးညှီနံ့ အပုပ်နံ့တွေ ရှူရတာနဲ့ မကြာခင်သေမှာပဲ။ ကျုပ်တို့ အစားမစား ရေမသောက်ရတာလဲ အတော်ကြာပြီဗျို့"

ဟု ပြောသဖြင့် ရှိသမျှရေနှင့်အစားအသောက်များကို ဝေမျှပေးလိုက်ရသည်။ အစာနှင့် ရေများစားသောက်ပြီးမှ အားလုံး အနည်းငယ် အခြေအနေကောင်းလာလေသည်။





"အခြေအနေကတော့သင့်သွားပြီ အခု ကျုပ်တို့ ဘယ်နေရာမှာ ရောက်နေတာလဲ"

ဦးဘဇော် က မေးလိုက်သည်။

"ဒါဖြင့် ပြန်ထွက်လို့မရတော့ဘူး မဟုတ်လား"

"ထွက်ပေါက်ကိုလဲ ကျုပ်တို့ သိထားပြီးပါပြီ"

"ဟင် ဟုတ်လား၊ ဒါ... ဒါဖြင့် ရတနာတွေကိုရော တွေ့ပြီလား"

"တွေ့ပါပြီ ဒါပေမယ့် တစ်ခါတည်းယူလို့တော့မလွယ်သေးဘူး"

ထိုစကားကိုကြားသောအခါ ဦးဘဇော်တို့အဖွဲ့ မျက်စိမျက်နှာ ပျက်သွားကြသည်။

"ဟာဗျာ ဒီလောက်သက်စွန့်ဆံဖျားလာခဲ့ကြပြီးမှ ကျုပ်တို့ရဲ့ ရတနာတွေကို မယူဘဲနဲ့တော့ မပြန်နိုင်ဘူး။ ဘယ်နေရာမှာလဲဆိုတာသာ ပြပါ၊ ကျုပ်တို့ ရအောင်ယူခဲ့ပါ့မယ်"

ဟု ဦးကျင်စွမ်က ဖွတ်ပြောလိုက်သည်။

ထိုအခါ ဇမုန်းထန် က ...

"ဒီရတနာတွေဟာ ခင်ဗျားလဲမပိုင်ဘူး၊ ကျုပ်တို့လဲမပိုင်ဘူး၊ ကိုယ်မပိုင်တဲ့ရတနာတွေကို ဘာကြောင့်မက်မောနေရတာလဲဗျာ"

ဟု ပြောလိုက်သောအခါ ဦးကျင်စွမ်မှာ မျက်စိမျက်နှာပျက်သွားလေသည်။

"ခင်ဗျားစကားအဓိပ္ပာယ်က ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ပြောတဲ့ စကားအဓိပ္ပာယ်ကို ခင်ဗျား သိမှာပါ။ အခု ကျား လူတွေလက်ထဲရောက်နေတဲ့ ရတနာပစ္စည်းတွေဟာ တစ်ချိန်က ပေါ်နန်းတစ်ခုကပိုင်တဲ့ ရတနာတွေမဟုတ်လား"

"ဟာင် ..."

ဓမုန်းထန်၏စကားကြောင့် အံ့သြသွားကြသည်။

"ဒီလောက်တောင်သိနေတာ ခင်ဗျားက ဘယ်သူလဲ"

"ကျုပ်က တစ်ချိန်တုန်းက အဲဒီပေါ်နန်းမှာ အမှုထမ်းခဲ့တဲ့ လူတစ်ယောက်ပါပဲ"

ထိုအခါ ဦးကျင်စွမ်က ၎င်း၏အင်္ကျီအတွင်းဘက်တွင် ဝှက်ယူလာဟန်တူသော ခြောက်လုံးပြူးသေနတ်ကို ဖျတ်ခနဲဆွဲထုတ်ကာ ချိန်ထားလိုက်သည်။

"ကျုပ်တို့ကို သေတွင်းထဲကကယ်ခဲ့တာကိုတော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ပစ္စည်းဥစ္စာနဲ့ပတ်သက်လာရင်တော့ ဘယ်သူ့ကိုမှ မညှာနိုင်ဘူး၊ ရတနာတွေ ဘယ်မှာရှိတယ်ဆိုတာ ပြောရင်ပြော၊ မပြောရင် ပစ်သတ်လိုက်မယ်"

ဦးကျင်စွမ်က သေနတ်မောင်းတင်လိုက်ရင်း ပြောသည်။

"ခင်ဗျားပစ်ချင်လဲပစ်ပေါ့၊ ကျုပ်တို့ သေသွားရင် ခင်ဗျားကို နေရာ ဘယ်သူပြမလဲ"

"အို ... ဒါတွေ ကျုပ်မသိဘူး၊ နေရာကိုပြပေးမလား၊ မပြဘူး





လား ဒါပဲပြော"

"နေကြပါဦး နေကြပါဦး၊ ကျုပ် တစ်ခုပြောပါရစေ"

ဟု ဦးဘာဇော်က ဝင်ပြောသည်။

"ဒီအချိန်မှာ ကျုပ်တို့ အချင်းချင်းသေးကွဲနေလို့ အကျိုးမရှိနိုင်ပါဘူး၊ ဘယ်လိုလုပ်သင့်သလဲဆိုတာ ကျုပ် ပြောပြပါ့မယ်၊ အခု အရေးကြီးဆုံးက ကျုပ်တို့တစ်တွေ ဒီဂူထဲက အမြန်ဆုံးအပြင်ထွက်နိုင်ရင် ပိုကောင်းမှာပဲ၊ အပြင်ရောက်တော့မှ ဘယ်လိုလုပ်သင့်တယ်ဆိုတာ တိုင်ပင်ကြရင် ပိုမကောင်းဘူးလား၊ တော်ကြာ ကျားလူတွေ အထဲ ပြန်ဝင်လာရင် ထွက်ပေါက်ပိတ်သွားနိုင်တယ်"

ဟု သတိပေးသဖြင့် အားလုံးက ထိုအကြံကို သဘောတူသောကြောင့် အပြင်ထွက်ပေါက်ရှိရာသို့ လာခဲ့ကြသည်၊ သူတို့အတွက် ကံမကောင်းတော့ပေ။ ထွက်ပေါက်ရှိရာသို့ရောက်ခါနီးတွင် အပြင်မှ ကျားလူအချို့ဝင်လာသည်ကို ရင်ဆိုင်တွေ့ပြီး တိုက်ခိုက်ကြရလေတော့သည်။

သည်တစ်ကြိမ်တော့ ဂူထဲမှာ အလင်းရောင်အနည်းငယ်ရှိသောကြောင့် အခြေအနေမှာ မဆိုးရွားသော်လည်း သူတို့တွင် လက်နက်များ လုံလောက်စွာ မပါကြတော့ပေ။ နီမောင်မှာ ဓားတစ်လက်ရှိနေသဖြင့် ထိုဓားဖြင့်ရင်ဆိုင်တိုက်ခိုက်ရသည်။

ဦးကျင်စွမ်က ၎င်းအနီးသို့ရောက်လာသော ကျားလူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို လက်ထဲမှသေနတ်ဖြင့် ပစ်ချလိုက်ရာ သေနတ်သံမှာ ဂူ၏ပဲ့တင်သံဖြင့် ဟိန်းထွက်သွားလေသည်။

"ခိုင်း"

ထိုသေနတ်သံကြောင့် နောက်ထပ်ကျားလူများလည်း ရောက်လာသောကြောင့် တိုက်ရင်းခိုက်ရင်းဖြင့် ဂူဝရောက်အောင်ပြေးကြရသည်။ ဂူပေါက်ဝမှာလည်း အသင့်စောင့်ဆိုင်းနေသော ကျားလူများရှိသဖြင့် တရကြမ်းတိုက်ခိုက်ကာ ဖောက်ထွက်ကြရသောကြောင့် လူစုကွဲသွားလေတော့သည်။ အချို့လည်း ဂူထဲမှာပင်ရှိနေသေးပြီး ကျားလူများနှင့် အသေအကျေတိုက်ခိုက်နေဆဲပင်။

ထိုအခွင့်ကောင်းကိုယူကာ နီမောင်က ဂူအတွင်းသို့ တစ်ကျော့ပြန်ဝင်သည်။ သူသည် ရှုပ်ထွေးနေသာအခြေအနေကိုအခွင့်ကောင်းယူကာ နှမ်းမြသေး ရှိရာသို့ ပြန်ဝင်သွားလေသည်။

ဂူအတွင်းပိုင်းမှာတော့ အမှောင်ထုကရှိနေသောကြောင့် သဲသဲကွဲကွဲမရှိလှဘဲ ပြေးလွှားနေကြသောသဏ္ဍာန်များကိုသာ မသဲမကွဲမြင်နေရသည်။

ကျားလူတို့ယစ်ပူဇော်သောနေရာသို့ရောက်သောအခါ နှမ်းမြသေးကို မတွေ့ရတော့။ ထိုနေရာတစ်ဝိုက်မှာ ကျားလူတို့လည်း မရှိတော့ပေ။ ယစ်တိုင်မှာချည်ထားသော လူကတော့ သည်အတိုင်းပင် ရှိနေသဖြင့် နီမောင်က ချည်ထားသောကြိုးကို ဓားဖြင့်ဖြတ်ပေးလိုက်သည်။





မထူးတော့ပြီမို့ ဂူထဲသို့ တစ်ကျော့ပြန်ဝင်ပြီး ရတနာများထားသောနေရာသို့ ရောက်အောင်သွားသည်။ နှမ်းမြသေး ပြောပြထားသဖြင့် ဂူနေရာကို သိသော်လည်း အမှောင်ထဲမှာဖြစ်သောကြောင့် စမ်းတဝါးဝါးသွားရသည်။ လမ်းတွင် ကျားလူအချို့နှင့်တွေ့ရသဖြင့် တိုက်ခိုက်ခဲ့ရသေးသည်။အနီးကပ် တိုက်ပွဲတွင် နီမောင့်လက်ထဲမှ ဓားသည် အတော်ပင်အသုံးဝင်လှပေသည်။

နှမ်းမြသေး ပြောထားသည့်အမှတ်အသားရှိသောဂူနေရာသို့ ရောက်သောအခါ အတွင်းသို့ဝင်သည်။ အထဲရောက်တော့ အရိုပ်မည်းနှစ်ခုကို တွေ့လိုက်ရသဖြင့် တိုက်ခိုက်ရန်ပြင်လိုက်သည်။

"နီမောင်"

"ဟင်… အဘ"

အရိပ်မည်းတစ်ခုက ဦးမွန်ထော်ပင်။

"ဟိုတစ်ယောက်က ဘယ်သူလဲ"

"ဓမုန်းထန်ပဲ"

"အဘတို့က ဒီနေရာကို ဘယ်လိုသိတာလဲ"

"တို့က နှမ်းမြသေးနဲ့တွေ့ခဲ့ကြပြီးပြီ၊ သူက အပြင်ဘက်က စောင့်နေလိမ့်မယ်၊ နောက်ပြီး သူက မှာလိုက်သေးတယ်"

"ဒီမှာ ရတနာတွေရှိတဲ့ဂူရဲ့အနောက်ဘက်ကိုဝင်သွားရင် ကျောက်တုံးတစ်တုံးနဲ့ပိတ်ထားတဲ့ အပေါက်တစ်ပေါက်ရှိတယ်တဲ့၊ အဲဒီကျောက်



www.burmeseclassic.com

www.burmeseclassic.com



တုံးကိုဖယ်လိုက်ရင် အောက်ဘက်လျှို့ထဲကိုဆင်းတဲ့လမ်းရှိတယ်လို့ မှာလိုက်တယ်"

"အဆင်ပြေတာပေါ့၊ ကျွန်တော်က သူ့ကို တစ်ခေါက်လာရှာနေတာ"

"အထဲမှာ အခြေအနေတွေရှုပ်ထွေးနေတုန်း သူလဲ အပြင်ကို ပြေးခဲ့တာပဲ၊ ကိုင်း အချိန်မရှိဘူး။ တို့ အလုပ်စ လုပ်ရအောင်"

ဟုပြောကာ ဦးမွန်ထော် ဝူပေါက်ဝမှကျောက်တုံးကို အသေအချာပြန်ပိတ်သည်။ ပြီးလျှင် အမှောင်ထဲမှာ လက်ဖြင့်လိုက်စမ်းကြည့်သောအခါ ကျောက်တုံးများပေါ်မှာတင်ထားသော သေတ္တာသုံးလုံးကို တွေ့ရသဖြင့် အဖုံး ခိုင်၊ မခိုင်စမ်းကာ တစ်ယောက်တစ်လုံးစီ မနိုင်မနင်းသယ်ယူကြသည်။

နှမ်းမြသေး မှာလိုက်သည့်အတိုင်း ဝူ၏အနောက်ဘက်သို့ ရွှေ့ယူလာရာ တစ်နေရာသို့ရောက်သောအခါ ဆက်သွား၍မရတော့ဘဲ ဝူနံရံပိတ်သွားတော့သည်။ လက်ဖြင့်လိုက်စမ်းကြည့်တော့ ကျောက်တုံးကြီးတစ်တုံးနှင့်ပိတ်ဆို့ထားသည်ကိုတွေ့ရသဖြင့် သုံးယောက်သား အားစိုက်ကာ ဖယ်လိုက်မှ ကျောက်တုံးကြီးမှာ တစ်ဖက်သို့ နေရာရွှေ့သွားတော့သည်။

ထိုအခါမှ အပြင်ဘက်မှ လေနှင့်အတူပါလာသော နှင်းမှုန်နှင်းစက်များ၏အတွေ့အထိကို ရကြလေသည်။ မောပန်းသမျှ လန်းဆန်း





သွားသည်။ ပတ်ဝန်းကျင်မှာတော့ နှင်းသားထုကို အားယူထိုးဖောက်ဆင်းလာသော လရောင်ကြောင့် အတန်အသင့်မြင်နိုင်သည်။

ထိုအခါမှ သူတို့ယူလာသောသေတ္တာများကို ကြည့်မိကြသည်။ သေတ္တာများမှာ သံသေတ္တာများဖြစ်ပြီး အရွယ်အစားမှာ သိပ်မကြီးလှသော်လည်း အထဲမှ ရတနာများကြောင့် လူတစ်ယောက်ထမ်းပိုး၍ မနိုင်နိုင်လောက်အောင်ပင်လေးလှသည်။ သို့သော်လည်း တောင်အောက်သို့အဆင်းလမ်းဖြစ်သောကြောင့် အသာမှေး၍ ဆွဲချလာခဲ့ကြသည်။

သူတို့ တောင်ခြေသို့ရောက်သွားသောအခါ အရုဏ်တက်ချိန်သို့ပင်ရောက်နေပြီ။ တောင်ခြေမှာ နှမ်းမြသေးကို မတွေ့ရတော့ပေ။

"ဒီနေရာကနေ စောင့်နေမယ်လို့ သေသေချာချာမှာထားတယ်၊ အခု ဘယ်ရောက်သွားပြီလဲ"

"ရန်သူတွေများ ဖမ်းသွားရော့သလား"

"သူမွေးထားတဲ့ ခွယ်ရောင်ကိုလဲ မတွေ့ရဘူး"

"တစ်ခုခုတော့ဖြစ်ပြီထင်တယ်"

ဟု စိတ်ပူစွာတွေးကာ အနီးဝန်းကျင်သို့ လိုက်လံရှာဖွေကြည့်သော်လည်း အစအနမျှပင်မတွေ့ရတော့သဖြင့် နေရာသို့ပြန်လာကြသည်။

"ကျုပ်တို့ အခု ဘာလုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီရတနာသေတ္တာကို တစ်ခါတည်းသယ်သွားမလား"

"ဒီလိုသယ်သွားရင် ရန်သူတွေနဲ့တွေ့သွားမှာပေါ့။ ဦးကျင်စွမ် တို့က ဒီရတနာတွေကို သဲကြီးမဲကြီးလိုက်နေတာဆိုတော့ ဘယ်နည်း နဲ့မှ အေးအေးနေမှာမဟုတ်ဘူး"

"အဲဖြင့် ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ကျုပ်သဘောပြောရရင်တော့ ဒီရတနာသေတ္တာတွေကို တော ထဲကတစ်နေရာရာမှာ အမှတ်အသားနဲ့ ဝှက်ထားခဲ့မယ်၊ နေရာကို တော့ မြေပုံဆွဲထားရင် မကောင်းဘူးလား"

"အင်း ... ဒီအကြံကောင်းတယ်၊ နောက် အခြေအနေအေးချမ်း တော့မှပဲ ကျုပ်တို့သုံးယောက် လာဖော်ကြတာပေါ့"

ဟုပြောကာ တောင်ကြားတစ်ခုအတွင်းသို့ ယူသွားကာ မြှုပ်နှံ လိုက်ပြီး ပြန်ခဲ့ကြသည်။

ထိုအချိန်မှာပင် အရှေ့ဘက်တောင်ကြောထိပ်ဘက်မှ အရုဏ်ဦး အလင်းရောင်များ တက်လာလေတော့သည်။

***✪***





အခန်း (၁၆)

<u>စွယ်စောင်နှင့် ကာလဲ့တား</u>

နံနက်လင်း၍ စခန်းပတ်ဝန်းကျင်တစ်ဝိုက်သို့ လိုက်လံရှာဖွေ သောအခါ နှမ်းမြသေးကို မတွေ့ကြရပေ။ ထို့ပြင် ဦးဘဖော်တို့ အဖွဲ့ သားများကိုလည်း တစ်ယောက်မှ မတွေ့ရပေ။

သို့ကြောင့် နီမောင်တို့တစ်တွေမှာ တောင်ပေါ်ရွာသို့ ပြန်လှည့် ရန် စီစဉ်နေစဉ်မှာပင် နာဂတစ်ယောက်က လာပြောသည်။

"ဆလိုင်း ညတုန်းက နှမ်းမြသေးကို ကျုပ်တို့ တွေ့လိုက်တယ်"

"ဟင်... ဘယ်မှာတွေ့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ရဲ့ကျားကို သေနတ်နဲ့ပစ်ပြီး သူ့ကို ဟိုညီသည်အဖွဲ့က ဖမ်းခေါ်သွားတာ တွေ့လိုက်တယ်"

"ကျားက သေသွားပြီလား"

"မသေဘူး။ ဒဏ်ရာနဲ့ တောထဲပြေးသွားတာ တွေ့လိုက်တယ်"

"နှမ်းမြသေးကို သူတို့ ဘယ်နေရာခေါ်သွားကြသလဲ"

အဲဒါတော့မသိဘူး။ ဟိုဘက်တောထဲခေါ်သွားတာပဲတွေ့လိုက်ရတယ်"

သတင်းပေးသူက တောအုပ်များဘက်သို့ လက်ညှိုးထိုးပြသည်။ နီမောင်မှာ ထိုသတင်းကြားသောအခါ နှမ်းမြသေးအတွက် များစွာ စိုးရိမ်သွားလေသည်။

"ဒီလူတွေ အတော်ယုတ်မာတာပဲ"

"သူတို့က ရတနာတွေလိုချင်တာဆိုတော့ နှမ်းမြသေးနဲ့ အပေးအယူလုပ်ကြမယ်ထင်တယ်၊ ကျုပ်တို့ရတနာပစ္စည်းတွေ ရထားမှန်း သိလို့ နှမ်းမြသေးကို ပြန်ပေးဆွဲတဲ့သဘောမျိုး လုပ်တာပဲ"

"ဒီတော့ ဘယ်လိုလုပ်မလဲ"

"အခုနေ သူတို့ရှိတဲ့နေရာ လိုက်သွားရင် ကျုပ်တို့ ခံရလိမ့်မယ်၊ ဒီလူတွေက လူယုတ်မာတွေဆိုတော့ ရတနာပစ္စည်းတွေရပြီးရင်တောင် ကျုပ်တို့ကို ချမ်းသာပေးမှာမဟုတ်ဘူး။ ဒီတော့ ရွာပြန်ပြီး လူအင်အား၊ လက်နက်အင်အား ပြန်စုရင်းစောင့်ကြတာပေါ့။ သူတို့





က ရတနာတွေလိုချင်တာဆိုတော့ ကျုပ်တို့ကို ဆက်သွယ်လာမှာပါ"

ဖမုန်းထန်က အကြံပေးသဖြင့် တောင်ပေါ်ရွာကလေးသို့ ပြန်ခဲ့ကြသည်။ ၎င်းတို့နှင့်အတူ အသက်မသေဘဲကျန်ရစ်ခဲ့သော နာဂအချို့လည်း ပြန်ပါလာသည်။

နီမောင်မှာ နှမ်းမြသေးအတွက် စိတ်ပူသော်လည်း ရန်သူများကို တိုက်ခိုက်ရန် အစီအစဉ်များပြုလုပ်ရလေသည်။ နောက်ထပ် တစ်ရက်ခန့်ကြာသောအခါ ရွာသားတစ်ယောက်က စာတစ်စောင်လာပို့လေသည်။

"နီမောင် ...

ငါတို့ နှမ်းမြသေးကို ဖမ်းခေါ်သွားတယ်။

မင်းတို့ ဂူထဲကရတနာသေတ္တာတွ ယူထားတာလဲ ငါတို့ သိထားပြီးပြီ။

ဒီတော့ နှမ်းမြသေးအသက်နဲ့ ရတနာတွေ လဲဖို့တော့ လိုလိမ့်မယ်။

မင်းတို့ကို သုံးရက် အချိန်ပေးမယ်။

ရတနာတွေ ဘယ်မှာရှိသလဲဆိုတာ လာပြောရင် နှမ်းမြသေး အသက်ကို ချမ်းသာပေးမယ်။

ငါတို့ တောင်သုံးလုံးစခန်းက စောင့်နေမယ်၊ သုံးရက်ကျော်သွားရင်တော့ နှမ်းမြသေးရဲ့အလောင်းကိုပဲ တွေ့ရမယ်။

ဘဇော်



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က စာဖတ်ပြီးတော့ ကျန်လူများကို အကျိုးအကြောင်း ပြောပြလိုက်သည်။

"လူယုတ်မာတွေဆိုတော့ ထင်တာထက်တောင် ပိုပြီးယုတ်မာကြတယ်"

"ဒါထက် နှမ်းမြသေးကို အမြန်ကယ်ဖို့ အရေးကြီးတယ်"

"ကျူပ်သဘောကတော့ ရတနာတွေကိုလဲ လူယုတ်မာတွေလက်ထဲကို မရောက်စေချင်ဘူး။ နှမ်းမြသေးလဲ ဒုက္ခမရောက်အောင် အကောင်းဆုံးဖြစ်အောင် စီစဉ်ကြရအောင်"

ဟု ဖမုန်းထန်က ပြောသဖြင့် အသေးစိပ်အစီအစဉ်များကို တိုင်ပင်ကြလေသည်။ ထိုအချိန်မှာ ရန်သူလက်ထဲရောက်နေသော နှမ်းမြသေးမှာ သူမအခြေအနေထက် စွယ်ရောင့်အတွက် စိတ်ပူနေမိလေသည်။ စွယ်ရောင်ကို သေနတ်ထိမှန်သွားသည်ကို မြင်လိုက်ရသဖြင့် သေသည်၊ ရှင်သည်အတွက်စိတ်သောကရောက်နေခြင်းဖြစ်၏။

ထိုညကအဖြစ်အပျက်များကို ပြန်လည်အမှတ်ရနေမိသည်။ နီမောင်တို့အား ရတနာများရှိသောနေရာနှင့် လျှို့ဝှက်လမ်းများကို ပြောပြပြီးနောက် ချိန်းထားသောတောင်အောက်မှ စောင့်နေခဲ့သည်။

ထိုညက တိုက်ပွဲများဖြင့်ရှုပ်ထွေးနေသောကြောင့် ထိုကဲ့သို့ အပြင်ထွက်နိုင်ခြင်းဖြစ်သည်။ ထိုသို့စောင့်နေစဉ် သေနတ်သံ တစ်ချက်ကြားလိုက်ရပြီး သူမနံဘေးမှ စွယ်ရောင်ကို သေနတ်ကျည်ဆန်





ထိမှန်သွားလေသည်။ နောက်ထပ် သေနတ်သံတစ်ချက်ကြားသောအခါ စွယ်ရောင်မှာ တစ်ချက်မာန်ဖီပြီး တောတွင်းသို့ ပြေးဝင်သွားလေတော့သည်။ နှမ်းမြသေးမှာ စွယ်ရောင့်နောက်သို့ပြေးလိုက်သွားရန်ပြင်ဆင်နေဆဲမှာပင် ဦးဘဇော်တို့ရောက်လာပြီး သူမကို ဖမ်းဆီးကြခြင်းဖြစ်တော့သည်။ သူမကိုဖမ်းဆီးလာပြီး တောင်သုံးလုံးစခန်းနေရာသို့ ခေါ်ဆောင်လာခဲ့ကြသည်။ ထိုစခန်းနေရာသို့ရောက်ပြီးနောက်မှာလည်း စွယ်ရောင်အတွက် စိတ်ပူနေမိခြင်းဖြစ်သည်။

တောင်သုံးလုံးစခန်းမှာ ဦးဘဇော်ရွေးချယ်သောစခန်းဖြစ်ပြီး ကျားလူတို့နေသောဂူနှင့်လည်း မဝေးလှပေ။

ထိုနေ့က ဦးဘဇော်နှင့်ဦးကျင်စွမ်တို့က အပြင်ထွက်သွားပြီး သက်ဦးက တောင်ခြေသို့ ရေခပ်ဆင်းသွားသည်။ သောင်းထိုက်တစ်ယောက်သာ စခန်း၌ကျန်ခဲ့လေသည်။ ထိုအခါ သောင်းထိုက်က နှမ်းမြသေးကိုချုပ်ထားသောနေရာသို့ သွားလေသည်။ နှမ်းမြသေးကို ဂူအခန်းတစ်ခုထဲမှာ ခြေနှင့်လက်တို့ကို ကြိုးဖြင့်ချည်ထားသည်။

သောင်းထိုက် ဝင်လာတာမြင်တော့ နှမ်းမြသေး မျက်နှာမှာ တင်းမာသွားသည်။

"နင် ဘာလာလုပ်တာလဲ လူယုတ်မာ"

သောင်းထိုက်က မဲ့ပြုံးပြုံးရင်း အနားကပ်လာသည်။

"နင်က ငါ့ကို လူယုတ်မာလို့ခေါ်တယ်၊ အခု နင်က ငါ့လက်ခုပ်



www.burmeseclassic.com

www.burmeseclassic.com



ထဲကရေ ဖြစ်နေပြီဆိုတာရော သိရဲ့လား"

"အေး... ဘယ်အခြေအနေပဲဖြစ်ဖြစ် ငါ ဂရုမစိုက်ဘူး၊ လူဆိုတာက သေတစ်နေ့မွေးတစ်နေ့ပဲ၊ နင်လိုသစ္စာမရှိတဲ့လူလက်ချက်နဲ့ သေသွားတော့လဲ ဘာဖြစ်သလဲ။ စွယ်ရောင်ကို သေနတ်နဲ့ပစ်တာ နင်မဟုတ်လား"

နှမ်းမြသေးအသံက ကျားတစ်ကောင်၏အသံကဲ့သို့ ဟိန်းထွက်နေသည်။

"အေး ဟုတ်တယ်၊ နင့်ကျားကို သေနတ်နဲ့ပစ်တာ ငါပဲ၊ ဒါ့အပြင် ဂူထဲမှာ နီမောင့်ကို သေနတ်ဒင်နဲ့ရိုက်ပြီး ချောက်ထဲချခဲ့တာလဲ ငါပဲ၊ အဲဒီလို ဘာဖြစ်လို့လုပ်ရတာလဲ သိရဲ့လား၊ သူတို့မရှိမှ နှောင့်ယှက်မယ့်သူတွေ မရှိအောင်လို့ဘဲ"

"ထွီ... နင်က ငါထင်တာထက်ပိုပြီး ယုတ်မာနေပါသေးလား။ နီမောင်က နင်တို့ရဲ့ကျေးဇူးရှင်ဆိုတာရော သတိမရတော့ဘူးလား"

"အဲဒါတွေ ငါမသိဘူး၊ သူမရှိရင် နင့်ကို ငါ အပိုင်သိမ်းလို့ရပြီပေါ့"

"ဝေးသေးတယ်၊ နင်လိုလူမျိုးကို စိတ်ထဲမှာရွံလွန်းလို့ မျက်နှာကိုတောင်မကြည့်ချင်ဘူး၊ ထွီ..."

ဟုပြောလိုက်ရာ သောင်းထိုက်က ဒေါသမျက်နှာနှင့် အနားကပ်လာသည်။

"နင်က ဒီလောက်မောက်မာနေမှတော့ အခုချက်ချင်း ငါ





အကြောင်းသိစေရမယ်"

ဟုပြောကာ နှမ်းမြသေးရှိရာသို့ တိုးကပ်လာလေသည်။

နှမ်းမြသေးက စိုးရိမ်ကြောက်လန့်သောအမူအရာမျိုး လုံးဝမရှိဘဲ မီးဝင်းဝင်းတောက်သောမျက်လုံးဖြင့် သောင်းထိုက်ကိုကြည့်သည်။

"နင်ကြိုက်တာလုပ်လဲ ငါ ဂရုမစိုက်ဘူး။ ငါ့အသက်ကို သတ်ရင်တောင် အရေးမစိုက်ဘူး။ ဒီဘဝမှာ နင့်ကို လက်တုံ့မပြန်နိုင်ရင် တမလွန်ဘဝရောက်မှ လာပြီး ကလဲ့စားချေပြမယ်၊ နင် ငါ့မျက်လုံးနဲ့ ဆိုင်ပြီး ကြည့်လိုက်စမ်း"

အမှတ်တမဲ့မို့ သောင်းထိုက်က သူမမျက်စိကိုကြည့်လိုက်ရာ သာမန်လူတစ်ယောက်အကြည့်မျိုးမဟုတ်တော့ဘဲ ကြောက်မက်ဖွယ်ကောင်းလှသော ကျားသစ်တစ်ကောင်၏နီရဲနေသည့်မျက်လုံး အသွင်ပြောင်းနေသည်ကို တွေ့ရသဖြင့် ကြောက်လန့်တကြား မျက်နှာလွှဲလိုက်ရသည်။

"ငါ့ရဲ့အတွင်းစိတ်မှာ နင့်ရဲ့ယုတ်မာတဲ့မျက်နှာကို မှတ်ထားလိုက်ပြီ"

"အေး မှတ်ချင်လဲမှတ်ပေတော့၊ ငါကလဲ ကိုယ်လိုချင်တာကို ရအောင်ယူရမှကျေနပ်တယ်"

ဟုပြောကာ နှမ်းမြသေးကိုဖက်ကာ ကြမ်းပြင်ပေါ်သို့ လှဲချလိုက်သည်။ ထိုအခိုက်မှာပင် ဂူအတွင်းသို့ အရိပ်မည်းကြီးတစ်ခုဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ဆက်တည်း ခြေထောက်တစ်ဖက်မှာ သေနတ်ဒဏ်ရာ ရထားသော စွယ်ရောင် ဝင်လာသည်။

နှမ်းမြသေးက စွယ်ရောင်ကိုမြင်တော့ ဝမ်းသာသွားသည်။

"ဝေါင်း"

ကျားဟိန်းသံကြောင့် သောင်းထိုက်က နောက်သို့လှည့်ကြည့်ရာ စွယ်ရောင် ဝင်လာသည်ကိုမြင်တော့ များစွာတုန်လှုပ်သွားလေသည်။

ထိုအခိုက်မှာ သောင်းထိုက်လက်ထဲမှာ မည်သည့်လက်နက်မှ မရှိပေ။ သောင်းထိုက်က နောက်သို့လှည့်ကြည့်နေစဉ် နှမ်းမြသေးက ခြေထောက်နှင့် ဆောင့်ကန်လိုက်ရာ အရှိန်ပြင်းသောကြောင့် ဒလိမ့်ခေါက်ကွေးလဲကျသွားလေတော့သည်။

ထိုအခိုက်မှာပင် စွယ်ရောင်က 'ဝေါင်း'ခနဲမာန်ဖီကာ ခုန်ဝင်လာပြီး သောင်းထိုက်လည်ပင်းကို ကိုက်ဖောက်လိုက်လေတော့သည်။

"အား ....."

သောင်းထိုက်၏အော်သံကြီးက ပတ်ဝန်းကျင်တစ်ဝိုက်မှာ ပျံ့နှံ့သွားလေတော့သည်။ သောင်းထိုက် သေဆုံးသွားပုံမှာ ထမံသီရွာသို့ ရောက်စက ဦးထန်ဖုန်းရှိန်အိမ်နံရံမှ ကျားရုပ်ကြီးပြုတ်ကျလာပြီး ခွစီးထားပုံနှင့် တစ်ထေရာတည်းတူနေတော့သည်။ ထိုအော်သံကြောင့် ဦးဘခေါ်နှင့်ဦးကျင်စွမ်တို့ ရောက်လာကြ သည်။

ဂူအတွင်းမှအခြေအနေကိုလှမ်းမြင်သောအခါ နှစ်ယောက်စလုံး





သေနတ်ဖြင့်ဝိုင်းပစ်ကြသည်။

"ဒိုင်း ... ဒိုင်း"

စွယ်ရောင်မှာ ပထမကတည်းက သေနတ်ဒဏ်ရာထိမှန်ထားပြီး ယခုကဲ့သို့ နောက်ထပ်ကျည်ဆန်များ ထပ်မံထိမှန်သောအခါ သောင်းထိုက်လည်ပင်းကို မလွှတ်တမ်းကိုက်ခဲထားရင်း တဟီးဟီး နှင့်မာန်ဖီရင်းနှင့်သေဆုံးသွားလေတော့သည်။

"စွယ်ရောင်"

နှမ်းမြသေးက အသံကုန်ဟစ်အော်လိုက်သော်လည်း စွယ်ရောင်မှာ မထနိုင်တော့ပေ။ နှမ်းမြသေးမှာ လောလောဆယ် ခံစားနေရသောဒုက္ခများကိုသတိမရတော့ဘဲ မျက်ရည်များ ကျလာလေတော့သည်။ စွယ်ရောင်က သူ့မရှိရာကြည့်နေသော်လည်း အသက်ပျောက်သွားခဲ့ချေပြီ။ အသည်းမာသော်လည်း ခံစားမှုရှိသောမိန်းမသားတို့ မျက်ရည်ကား ပါးပြင်ပေါ်သို့ စီးကျလာလေတော့သည်။

"စွယ်ရောင်ရယ်... နင် ငါ့အတွက် တာဝန်ကျေခဲ့ပေမယ့် နင့်အတွက် ငါ တာဝန်မကျေခဲ့နိုင်ဘူး။ ငါ နင့်ကို တစ်သက်လုံးသတိရနေမှာပါ စွယ်ရောင်ရယ်"

ဟုတိုးတိုးကလေးရေရွတ်လိုက်လေသည်။

***✪***



www.burmeseclassic.com

## အခန်း (၁၇)

## အလွမ်းအသစ်နဲ့ ကျွမ်းရစ်မယ့်သူ

ဦးဘဇော်တို့မှာ သုံးယောက်သာကျန်တော့သည်။ ထို့ကြောင့် အနည်းငယ်အားလျော့သွားသော်လည်း သေနတ်နှစ်လက် ရှိနေသောကြောင့် တော်သေးသည်။

ဦးဘဇော်ထံတွင် အမဲပစ်သေနတ်တစ်လက်နှင့် ဦးကျင်စွမ်ထံတွင် ခြောက်လုံးပြူးသေနတ်တစ်လက်ရှိနေသေးသည်။ ထို့ပြင် နှမ်းမြသေးကိုလည်း ဓားစာခံအဖြစ်ဖမ်းထားသောကြောင့် အနည်းငယ်တော့ အားရှိစရာဖြစ်သည်။

နောက်တစ်နေ့တွင် သူတို့ရှိရာသို့ နီမောင် ရောက်လာသည်။ တစ်ယောက်တည်းရောက်လာခြင်းဖြစ်သည်။





"ဘယ်လိုလဲ၊ ရတနာတွေရှိတဲ့နေရာကို ပြပေးမှာလား"

"ဒီမှာ ရတနာပစ္စည်းတွေထားတဲ့နေရာကိုရေးထားတဲ့ လမ်းညွှန်မြေပုံပါတယ်"

"ဒီလိုမရဘူးလေ၊ မင်းတို့က ဘယ်လိုစီစဉ်ထားမှန်းမှမသိတာ၊ မင်းတို့ကို ပြန်လွှတ်ပေးလို့ ဘယ်ဖြစ်ပါ့မလဲ၊ ရတနာတွေရှိတဲ့နေရာကို မင်းကိုယ်တိုင် လိုက်ပြပေးရမှာ"

ဟု အကြပ်ကိုင်လေသည်။

နီမောင်က အတန်ကြာအောင်စဉ်းစားနေပြီးမှ ...

"ကောင်းပြီလေ၊ ကျုပ်ကိုယ်တိုင် လိုက်ပြပါ့မယ်၊ ဒါပေမယ့် ခင်ဗျားတို့ သူ့ကိုတော့ ကြိုးဖြေပေးပါ"

ဟု ပြောလိုက်သဖြင့် သက်ဦးက နှမ်းမြသေးကို ကြိုးဖြေပေးလိုက်သည်။

နီမောင်က နှမ်းမြသေးအနီးသို့သွားကာ တွဲခေါ်လိုက်သောအခါ နှမ်းမြသေးက သူ့ရင်ခွင်ထဲသို့တိုးဝင်ကာ ငိုလေတော့သည်။

"တိတ်ပါတော့ မြလေးရယ်၊ ငါ ရောက်လာပြီပဲ၊ ဘာမှအားငယ်စရာမရှိတော့ပါဘူး"

ဟု နှစ်သိမ့်ပေးလိုက်ရာ အတန်ကြာတော့ နှမ်းမြသေးက ဆို့နင့်သောလေသံဖြင့် ...

"စွယ်ရောင် မရှိတော့ဘူး။ စွယ်ရောင် ငါ့ကိုကယ်ရင်းနဲ့သေသွား

www.burmeseclassic.com



ရှာပြီ”

ဟု ပြောပြလေသည်။

ထိုစကားကြားတော့ နီမောင်လည်း စိတ်မကောင်း ဖြစ်သွားမိလေသည်။

သူသည် စွယ်ရောင်နှင့် အနီးကပ် တွေ့ဖူးမြင်ဖူး၊အတူတကွ နေဖူးခြင်းမရှိသော်လည်း နွမ်းမြသေးမှတစ်ဆင့် စွယ်ရောင်ကို စိတ်ထဲမှာ ရင်းနှီးနေသလိုခံစားရသည်။

ယခု စွယ်ရောင် သေပြီဟု သိလိုက်ရတော့ ရင်းနှီးသူ တစ်ယောက် သေဆုံးသွားသလို စိတ် မကောင်းဖြစ်ရလေသည်။

“သူ့ဘဝ ဝဋ်ကျွတ်သွားတယ်လို့ပဲ သဘောထားလိုက်ပါတော့ဟာ၊ ဖြစ်ပြီးသွားတဲ့ကိစ္စတွေဆိုတာ ပြန်ပြင်လို့ရတာမျိုးမှမဟုတ်တာ၊ အငိုတိတ်တော့နော်”

“စွယ်ရောင် ဂူထဲမှာရှိသေးတယ်၊ ငါ သူ့ကို တစ်ခုခုလုပ်ပေးပါရစေ”

“အခုတော့မရသေးဘူးလေ၊ တို့က သူများရဲ့အကျဉ်းသားဘဝပဲ ရှိနေသေးတာ၊ ပြီးတော့မှ နင်ဖြစ်စေချင်တာတွေအားလုံး ငါ လုပ်ပေးမယ်”

ဟု ချော့မော့ပြောဆိုကာ ခေါ်လာရသည်။

ထို့နောက် သူတို့သည် ရတနာသေတ္တာများ သို့ဝှက်ထားရာ





နေရာသို့ ခရီးထွက်ခဲ့ကြလေတော့သည်။

ခရီးလမ်းတစ်လျှောက်လုံး မည်သည့်အနှောင့်အယှက်အန္တရာယ်မှ မတွေ့ရဘဲ သူတို့ ရတနာသေတ္တာများ ဝှက်ထားခဲ့သောတောင်ကြားသို့ ရောက်သွားကြလေတော့သည်။

ထိုတောင်ကြားမှာ ကျားလူတို့နေသောဂူများနှင့်လည်း မဝေးလှပေ။

ထိုတောင်ကြားသို့ ရောက်သောအခါ ဦးကျင်စွမ်က ...

“မှတ်မိပြီဗျို့၊ ကျုပ်တို့ရတနာပစ္စည်းတွေ သယ်လာတုန်းက ကျားလူတွေအတိုက်ခံရတာ ဒီနေရာပဲ၊ ဥစ္စာရင်းမှန်တော့ ဒီနေရာမှာပဲ ပစ္စည်းတွေ ပြန်ရတော့မယ်၊ ဟား ဟား ဟား ဟား”

ဟု ပြောကာ သဘောကျစွာဖြင့် ကျယ်လောင်စွာရယ်မောနေလေသည်။

ရတနာများမြှုပ်ထားသောနေရာမှာ တောင်ကြားရှိ ဂူတစ်ဂူအတွင်းမှာဖြစ်သည်။

ထို့ကြောင့် ထိုဂူရှိရာသို့ ဆင်းလာခဲ့ကြသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာတော့ ထူးထူးခြားခြားတိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

အဝသို့ရောက်သောအခါ နီမောင် က ...

“ရတနာပစ္စည်းတွေက ဒီဂူအတွင်းမှာရှိတယ်၊ အထဲကိုဝင်သွား



www.burmeseclassic.com

www.burmeseclassic.com



ရင် ကျင်းတစ်ကျင်းတွေ့လိမ့်မယ်၊ အဲဒီကျင်းထဲမှာရှိတယ်”

ဟု ပြောလိုက်သည်။

“ဒါဖြင့် မင်းတို့နှစ်ယောက် ရှေ့ကသွားပေတော့”

ဟု ပြောသဖြင့် နီမောင်က နွမ်းမြသေးလက်ကိုဆွဲ၍ ရှေ့မှဝင်သည်။

ဂူအတွင်းမှာ အလင်းရောင်သိပ်မရှိဘဲမှောင်နေသည်။ ဦးဘဇော်နှင့်ဦးကျင်စွမ်တို့ သေနတ်ဖြင့်ချိန်ကာ နောက်မှလိုက်လာသည်။

ဂူ၏အတွင်းပိုင်းရောက်လာလေလေ မှောင်လာလေလေဖြစ်သည်။

အတန်ကြာသောအခါ ကျင်းဝတစ်ခုသို့ရောက်လာကြသည်။

“ဒီကျင်းထဲမှာ ရတနာသေတ္တာတွေရှိတယ်”

နီမောင်က ပြတော့ ဦးကျင်စွမ်က အောက်သို့ငုံ့ကြည့်လေသည်။

အတွင်း၌ သေတ္တာများကို ခပ်ရေးရေးလှမ်းမြင်ရသည်။

“ဟုတ်ပြီ မင်းက တွင်းထဲဆင်းပြီး သေတ္တာတွေကို ကြိုးနဲ့ချည်ပေး၊ ငါတို့က အပေါ်ကဆွဲတင်မယ်”

ဟု ပြောသဖြင့် နီမောင် ကြိုးတစ်ချောင်းကိုကိုင်ကာ တွင်းထဲဆင်းသွားလေသည်။

အတွင်းရောက်သောအခါ သေတ္တာများကို ကြိုးဖြင့်ချည်ပေးလိုက်ရာ တစ်လုံးပြီးတစ်လုံး ဆွဲတင်ကြသည်။





အားလုံးပြီးမှ နီမောင် က အပေါ်ပြန်တက်လာသည်။ ဦးဘဇော်နှင့်ဦးကျင်စွမ်တို့မှာ ရတနာသေတ္တာများကိုကြည့်ကာ လောဘတက်နေကြလေသည်။

“ဟား ဟား ဟား ဟား၊ ငါတို့ အနှစ်နှစ်အလလက ရှာဖွေခဲ့တဲ့ ရတနာတွေ ပြန်ရပြီကွ၊ ငါတို့ တစ်သက်မပြောနဲ့ ဆယ်သက်စားရင်တောင် မကုန်တော့ဘူး။ ကိုဘဇော် ကျုပ်တို့အကြံအောင်ပြီဗျ၊ ကျုပ်တို့ ချမ်းသာပြီ”

ဟု ဦးကျင်စွမ်က ဝမ်းသာအားရ ပြောလေသည်။

“ဟုတ်တယ်ဗျို့၊ ရတနာပစ္စည်းတွေက သေတ္တာနဲ့သုံးလုံး ဆိုတော့ ဘယ်လိုသယ်ရမှန်းတောင် မသိတော့ဘူး”

“ဒါများဗျာ အဆန်းလုပ်လို့ အခု ကျုပ်တို့ နိုင်သလောက် သယ်ယူသွားပြီး တစ်နေရာမှာဝှက်ထားခဲ့မယ်ဗျာ၊ နောက်မှ လူများများနဲ့ လာယူရင် မကောင်းဘူးလား”

“အဲဒီလိုလုပ်ရင် သူတို့နှစ်ယောက်က သိမှာပေါ့”

“ဒီအတွက် စိတ်မပူပါနဲ့ဗျာ၊ ကျုပ် စီစဉ်ပါ့မယ်၊ အခုလောလောဆယ်တော့ ရတနာပစ္စည်းတွေ အရင်ကြည့်ကြရအောင်”

ဟု ပြောဆိုကာ သုံးယောက်သား သေတ္တာသုံးလုံးကို အဖုံးဖွင့်ကြည့်ကြသည်။

အဖုံးပွင့်သွားပြီး သေတ္တာအတွင်းမှပစ္စည်းများကို မြင်ရသောအခါ



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား မျက်လုံးပြူးသွားကြလေတော့သည်။

"ဟာ ..."

"ဟင် ..."

"ဘယ်လိုဖြစ်တာလဲ၊ အထဲမှာ ကျောက်တုံးကျောက်ခဲတွေ ချည်းပါလား"

သူတို့မျှော်လင့်ထားသလို သေတ္တာများအတွင်းမှာ စိန်ရွှေရတနာများမတွေ့ရဘဲ ကျောက်ခဲများကိုသာတွေ့ရသဖြင့် ဦးကျင်စွမ်မျက်နှာမှာ ဒေါသကြောင့် နီရဲသွားလေသည်။

သူသည် လက်ထဲမှသေနတ်ဖြင့် နီမောင့်ကို ချိန်ထားလိုက်သည်။

ဒေါသအရှိန်ကြောင့် လက်မှာ တဆစ်ဆစ်တုန်နေသည်။

"ရတနာတွေ ဘယ်မှာလဲ"

"ကျုပ် မသိဘူး၊ သေတ္တာတွေက ကျုပ်တို့ယူလာခဲ့တဲ့အတိုင်း ဒီမှာထားတာပဲ"

"မင်း လိမ်မပြောနဲ့ ညာမပြောနဲ့ မင်းတို့ ရတနာတွေ ဘယ်မှာ ဝှက်ထားသလဲဆိုတာ မှန်မှန်ပြော၊ မပြောရင် မင်းတို့နှစ်ယောက်စလုံးကို သတ်ပစ်မယ်"

"ခင်ဗျား သတ်ချင်ရင်သတ်လိုက်၊ ရတနာတွေ ဘယ်မှာရှိတယ်ဆိုတာ ကျုပ် မသိဘူး"





ဦးကျင်စွမ်က သေနတ်မောင်းတင်လိုက်သည်။ ထိုအခိုက်မှာပင် ဝှပေါက်ဝမှ အသံတစ်သံပေါ် ထွက်လာသည်။

"ဒီလောက် ဒေါသဖြစ်မနေပါနဲ့ဗျာ၊ ရတနာပစ္စည်းတွေက ခင်ဗျားတို့နဲ့မထိုက်တန်လို့ ကျုပ်တို့ သိမ်းထားပါတယ်"

"ဟင် ..."

လှည့်ကြည့်လိုက်တော့ ဝှပေါက်ဝမှ ဦးမွန်ထော်နှင့် ဓမုန်းထန်တို့ ဝင်လာသည်ကို လှမ်းမြင်ရသည်။

ဦးမွန်ထော်လက်ထဲမှာ လက်ဖွဲတော်လေးနှင့်မြားကို အဆင်သင့် ကိုင်ထားလေသည်။

နီမောင်အတွက်လည်း အခွင့်အရေးရသွားသည်။

"ဩော်... ဒါ ခင်ဗျားတို့အကြံကိုး၊ ဒီတော့လဲ မပြန်လမ်း ပို့ပေးရမှာပေါ့"

ဦးဘဇော် က သေနတ်နှင့်ပစ်ရန်ချိန်လိုက်သည်နှင့် ဦးမွန်ထော် ကိုင်ထားသောလေးမှ မြားတံက လှစ်ခနဲထွက်လာသည်။

"ဂွစ်"

"ဒုတ်"

ဦးဘဇော်မှာ သေနတ်မောင်းခလုတ်မဖြုတ်နိုင်ခင်မှာ အဆိပ်လူးမြားက ရင်ဝထိမှန်ပြီး 'အင့်'ခနဲညည်းညူကာလဲကျသွားလေသည်။

သေနတ်က လွတ်ကျသွားကာ သက်ဦးရှေ့ ရောက်သွားသည်။

www.burmeseclassic.com



ဦးကျင်စွမ်က ဦးမွန်ထော်ကို သေနတ်ဖြင့်ပစ်ရန် ချိန်လိုက်သည်နှင့် နီမောင်က ကန်ထုတ်လိုက်ရာ ဘေးသို့လဲကျသွားသည်။

သို့သော် ချက်ချင်းပြန်ထလာပြီး နီမောင်ကို သေနတ်ဖြင့်ပစ်ရာ နီမောင်ကလည်းပေါက်ဓားတစ်လက်ဖြင့် ပေါက်လိုက်သည်။

"ဒိုင်း ..."

"ဝှစ် ..."

သေနတ်သံနှင့် ဓားဖြတ်သံက တစ်ပြိုင်နက်တည်းပေါ် ထွက်လာရာ ဦးကျင်စွမ် ပစ်လိုက်သောကျည်ဆန်က နီမောင့်ပခုံးကို ဖောက်ထွက်သွားပြီး နီမောင်ပစ်သည့် ပေါက်ဓားက ဦးကျင်စွမ်ရင်ဝသို့ စိုက်ဝင်ကာ လဲကျသွားလေတော့သည်။

ထိုအခိုက်မှာပင် နောက်ဘက်မှ နှမ်းမြသေး အော်သံ ထွက်ပေါ်လာသည်။

"နီမောင် ..."

နှမ်းမြသေးက တစ်ချက်အော်ပြီး နီမောင်ကို ပြေးဖက်လိုက်သည်။

"ဒိုင်း ..."

သေနတ်သံတစ်ချက်ထွက်လာပြီး နှမ်းမြသေး ကိုယ်ကလေးမှာ တွန့်ခနဲဖြစ်သွားလေသည်။

"ဟင် ... မြသေး ..."





သက်ဦးက ဦးဘဖော်သေနတ်ကိုကောက်ယူပြီး နီမောင့်ကို ပစ်ရာ နှမ်းမြသေးက ကြားမှဝင်ခံသွားခြင်းဖြစ်သည်။ ထိုအချိန်မှာပင် ဦးမွန်ထော်က နောက်ထပ်အဆိပ်လှူးမြားဖြင့် သက်ဦးကို ပစ်သတ်လိုက်လေသည်။

နှမ်းမြသေးက နီမောင် ပွေ့ထားရင်းနှင့်ပင် ပျော့ခွေကျသွားလေသည်။

သူမကျောပြင်မှာ သေနတ်ကျည်ဆန်ထိမှန်ထားသောကြောင့် သွေးများစီးကျလာသည်။

"မြသေး ... မြသေး"

"နီ...နီမောင် ငါ နင့်ရဲ့အသက်ကို ကယ်လိုက်ရတဲ့အတွက် ကျေနပ်ပါတယ်၊ ငါ စွယ်ရောင်ဝိညာဉ်ရှိတဲ့နေရာကို လိုက်သွားတော့မယ်"

"အို... နင် မသေစေရဘူး မြသေး၊ အားတင်းထားပါ"

"နင် ငါ့ကို တကယ်ချစ်တယ်မဟုတ်လားဟင်"

"ချစ်တာပေါ့ မြသေးရယ်၊ ငါ နင့်ကို တကယ်ချစ်တာပါ။ အခု အန္တရာယ်တွေလဲကင်းသွားပြီဆိုတော့ ငါတို့နှစ်ယောက် အတူတူနေကြမယ်နော်"

"နင် ငါ့ကို တကယ်ချစ်တယ်ဆိုတာသိရလို့ ငါ ကျေနပ်ပါပြီ၊ ငါတို့နှစ်ယောက် အခုဘဝ မပေါင်းရလဲ နောင်ဘဝမှာ ပြန်ဆုံကြ



www.burmeseclassic.com

www.burmeseclassic.com



မယ် နော်၊ ငါ နင့်ကို ဝိညာဉ်ဘဝကစောင့်နေပါ့မယ်၊ ငါ သွားတော့မယ်"

ပြောရင်းနှင့် လေသံက တဖြည်းဖြည်းတိုးသွားသလို မျက်ခွံများကလည်း မှိတ်ကျကာ ငြိမ်သက်သွားလေတော့သည်။

နှမ်းမြသေး တစ်ယောက် သူချစ်ခဲ့သောနီမောင်ကို ထာဝရ စွန့်ခွာခဲ့လေပြီ။

"မြသေးရယ် ... ဖြစ်မှဖြစ်ရလေ"

နီမောင်က နှမ်းမြသေးကိုယ်ကလေးကို တင်းတင်းကျပ်ကျပ်ဖက်ထားလေသည်။

မနီးမဝေးမှကြည့်နေကြသော ဦးမွန်ထော်မှာလည်း စိတ်မကောင်းရှာပေ။

ဇမုန်းထန်က သမီး၏အဖြစ်ဆိုးကိုကြည့်ရင်း မျက်ရည်များကျနေလေသည်။

ထို့နောက် ...

နှမ်းမြသေးအလောင်းကို စွယ်ရောင် သေဆုံးနေသောဂူရှိရာသို့ သယ်ယူလာပြီးနောက် စွယ်ရောင်နှင့်အတူ မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြလေသည်။

"နှမ်းမြသေးရေ... နင်ချစ်တဲ့ စွယ်ရောင်နဲ့သာ ထာဝရနေရစ်ခဲ့ပေတော့ကွယ်"





နီမောင်က တိုးတိုးလေးနှုတ်ဆက်လိုက်လေတော့သည်။

ဘဝတစ်ခု ဆိုသည်မှာ ...

မွေးဖွားလာစကတည်းက သေဆုံးခြင်းရှိရာသို့ ဦးတည်လျှောက်ကြရသော်လည်း ယခုကဲ့သို့ အချိန်မတန်မီ လူ့လောကမှ စွန့်ခွာထွက်သွားသော ချစ်သူအတွက်တော့ ဘယ်လိုမှ ဖြေမဆည်နိုင်တော့ပေ။

သို့သော်လည်း သူကိုယ်တိုင်ပင် သဘာဝ၏စေရာအတိုင်း ကပြရမည့်လူသားတစ်ယောက်ပေမို့ ထို့ထက်ပို၍ ဘာမှမတတ်နိုင်တော့ပါချေ။

***✪***



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၈)

## အချစ်နှင့် ကံကြမ္မာသားကောင်များ

နီမောင်တို့ ထမံသီရွာသို့ပြန်ရောက်လာသောသတင်းကို ကြားသောအခါ တစ်ရွာလုံး အုံးအုံးကြွက်ကြွက်ဖြစ်သွားကြလေတော့သည်။ နီမောင်၏မိဘများဖြစ်သော ဦးဘဆောင်၊ ဒေါ်နန်းမေတို့မှာလည်း သားဖြစ်သူအတွက် ဝမ်းသာမျက်ရည်ကျကြရလေသည်။

နီမောင်တို့ ပြန်ရောက်လာတော့ ရွာလူကြီး ဦးထန်ဖုန်းရှိန် ရောက်လာပြီး အကျိုးအကြောင်းမေးသဖြင့် အားလုံး ပြောပြလိုက်သည်။

"ရခဲ့တဲ့ရတနာပစ္စည်းတွေကို ဇမုန်းထန်အတွက်လဲ ပေးထားခဲ့တယ်၊ ကျွန်တော်နဲ့ ဦးမွန်ထော်အတွက်လဲ ယူသင့်သလောက်ယူပါမယ်၊ ဆလိုင်းလဲ သင့်သလောက်ယူပါ"





ထိုစကားကြားသောအခါ ဦးထန်ဖုန်းရှိန်မှာ ဝမ်းသာသွားလေသည်။

"ဗိုတဲ့ရတနာပစ္စည်းတွေကိုတော့ သက်ဆိုင်ရာကိုပဲ အပ်ဖို့ ဆလိုင်းပဲ စီစဉ်ပေးပါတော့"

"သိပ်ကောင်းတာပေါ့ကွာ၊ အခု တစ်ရက်၊နှစ်ရက်အတွင်း ငါကိုယ်တိုင် ဟုမ္မလင်း ဆင်းသွားပြီး သက်ဆိုင်ရာတွေကို သွားခေါ်ခဲ့ပါ့မယ်၊ ငါတို့ရွာတော့ နာမည်ကောင်းရဦးတော့မှာပဲ"

ဟု ပြောဆိုကာ ပြန်သွားလေတော့သည်။ နေ့လယ်ဘက်တွင် စောသီရိ ရောက်လာလေသည်။

"နင့်ပခုံးက သေနတ်ဒဏ်ရာက အတော်များသလား"

ဟု ကြင်နာသောလေသံဖြင့် မေးလေသည်။

"သိပ်မများပါဘူး၊ ရှပ်ထိသွားရုံပါပဲ"

"ငါပေးလိုက်တဲ့စာနဲ့ ပဝါရော ရတယ်မဟုတ်လား"

"ရပါတယ်၊ နင်ပေးလိုက်တဲ့ပဝါလေးကြောင့် အသက်ဘေးက ချမ်းသာရာရခဲ့တယ်ဆိုရင်တောင် မမှားပါဘူး"

"ဒီစကားကြားရတာ ငါ ဝမ်းသာပါတယ် နီမောင်ရယ်၊ အဘဦးမွန်ထော်က နင့်အကြောင်းတွေအားလုံး ပြောပြပါတယ်"

"ဒါဖြင့် နင် အားလုံးသိပြီးပြီပေါ့နော်"

"သိပြီးပါပြီ ကံဆိုးရှာတဲ့ နွမ်းမြသေးအတွက် ငါ တကယ် စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းပါဘူး။ နင် ဘယ်လိုခံစားနေရတယ်ဆိုတာလဲ ငါ နားလည်ပါတယ်"

နီမောင် ဘာမှပြန်မပြောဘဲ အဝေးသို့ မျှော်ကြည့်နေပြီး သက်ပြင်းချလိုက်လေသည်။

"ရှိပါစေတော့ သီရိရယ်"

"နင် နှမ်းမြသေးအပေါ် မှာထားတဲ့ ချစ်ခြင်းမေတ္တာနဲ့သစ္စာတရားကို ငါ လေးစားပါတယ်၊ နင် သူ့ကိုရွေးချယ်ခဲ့ရင်တောင် နင့်ရဲ့ သစ္စာ တရားကို လေးစားရမှာပါ။ အခုတော့ ကံမကောင်းခဲ့တဲ့ နင်တို့ နှစ်ယောက်အတွက် စိတ်မကောင်းရုံကလွဲပြီး ဘာမှမတတ်နိုင်တော့ပါဘူး"

ဟုပြောကာ စောသီရိ ဝမ်းနည်းစွာငိုကြွေးနေလေသည်။

"မငိုပါနဲ့တော့ သီရိရယ်၊ ကံစီမံရာအတိုင်းပဲပေါ့။ ငါ နင့်ကို တောင်းပန်စရာရှိသေးတယ်"

"ဘာများလဲ"

"တကယ်တော့ နင်က ငါ့ရင်ထဲက ပထမဆုံးအချစ်ဦးပါ။ ဒါပေမယ့် သစ္စာတရားကို စောင့်ထိန်းရမှာမို့ နှမ်းမြသေးကို ချစ်ခဲ့ရတဲ့အတွက် ငါ့ကို ခွင့်လွှတ်ပေးပါ"

"နင့်ကို ငါ ခွင့်လွှတ်ပါတယ်၊ နင် ရွေးချယ်ဆုံးဖြတ်ခဲ့တာ မှန်ပါတယ်။ သစ္စာတရားကို တန်ဖိုးထားတဲ့လူတစ်ယောက်ကို ဘယ်လိုအပြစ်ပြောရမှာလဲ နီမောင်ရယ်"





နီမောင်က စောသီရိကို တစ်ချက်ကြည့်လိုက်လေသည်။

"ဘာပဲဖြစ်ဖြစ် ငါ့ကို ပထမနေရာမှာထားပေးတာကိုပဲ ငါ့ရင်ထဲမှာ ကျေနပ်ပါတယ်၊ နင်ဖြစ်ခဲ့တာတွေအားလုံး ငါ ခွင့်လွှတ်ပါတယ်"

"ငါ့ကို အခုလိုနားလည်ပေးတဲ့အတွက် နင့်ကို ငါ ကျေးဇူးတင်ပါတယ် သီရိရယ်"

ဟု နှမ်းလျစွာပြောလိုက်လေသည်။

လောကတွင် ...

မေတ္တာဖြင့်ယှဉ်သောအချစ်၊

သစ္စာတရားနှင့်ယှဉ်သောအချစ်၊

ထိုအချစ်နှင့်ပတ်သက်သူတို့မှာ အချစ်၏ဘဝနယ်ရုပ်ကလေးများသာဖြစ်ကြလေသည်။

လောက၌ အစဉ်သဖြင့် မပြောင်းလဲသော အကြောင်းတရားသည် ပြောင်းလဲခြင်းများပင်ဖြစ်၏။

လူကြောင့် အချစ်သည် ပြောင်းလဲစေသလို အချစ်ကြောင့်လည်း ဘဝအတွေ့တွေ့ ပြောင်းလဲစေသည်။ နီမောင်၊ စောသီရိ၊ နှမ်းမြသေးတို့မှာ လောက၏နယ်ရုပ်များ ဖြစ်သကဲ့သို့ အချစ်၏သားကောင်များလည်းဖြစ်ကြပေသည်။

ကံကြမ္မာသားကောင်ဘဝတွင် ကံကြမ္မာ၏စေရာအတိုင်း ငြင်းပယ်ပိုင်ခွင့်မရှိဘဲ စေရာအတိုင်း လိုက်နာရုံမှအပ အခြားမရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က စောသီရိလက်ကလေးကိုဆုပ်ကိုင်ရင်း တစ်ယောက်နှင့်တစ်ယောက် နားလည်စွာကြည့်လိုက်ကြလေသည်။ ဤနေရာတွင် ကျွန်ုပ်ရေးသားသော (မဏိသေလာဝက်ပါကွန်ယက်)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီဖြစ်ပေတော့သည်။

*အနိစ္စာဝတဘာတ သုခိအတ္တာနံ ပရိဟရန္တု*

ကြိုစက္က

စာပြီးချိန်။ ။ ၂၀၀၉ ခုနှစ်၊ ဇွန်လ(၆)ရက်၊
စနေနေ့ နံနက်(၁၁)နာရီ။

ရွှေအစင်ခြောပေ

www.burmeseclassic.com